မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၃၀၃)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက် | ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၄ ရက်၊ တနင်္လာနေ့။

မေတ္တာအာနိသင်

မေတ္တာတရားကို ပွားများခြင်းသည် အကျိုးစီးပွားကို အလိုရှိသူတို့အတွက်လည်းကောင်း၊ အလိုမရှိသူတို့အတွက် လည်းကောင်း ကုသိုလ်ကျေးဇူးကို ဆောင်ရွက်နိုင်၏။

လူတိုင်းလူတိုင်းသည် အာနိသင်ကြီးမားလှသော မေတ္တာပွားများခြင်းကို ကောင်းစွာမှီဝဲအပ်၏။

(မိလိန္ဒပဉှာ၊ မေတ္တာဘာဝနာနိသံသ-၁၉၇။)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မဟာသကျရုံသီရိရုပ်ရှင်တော်မြတ်ကြီး တည်ထားမည့် ဝတ္ထုကံပန္နက်တော်ဌာနတွင် ရတနာပန္နက်တော် စိုက်ထူ

နေပြည်တော် ဩဂုတ် ၃

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ အောင်မောင်ဦးတောင်ညွန့်ထက်၌ တည်ထားပူဇော်မည့် မဟာသကျရုံသီရိရုပ်ရှင်တော်မြတ်ကြီး ရတနာပန္နက်တော်တင်၊ တွင်းတော်ဝန်းနှင့် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မဟာမင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရအမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမြသိန်း၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ ဩွဲ့ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရတနာနဝရတ်ငွေကြုတ်တော်၊ ရတနာပန္နက်တော်၊ ရွှေလက်ရိုက်တော်၊ ရွှေတူရွင်းတော်နှင့်လှူဖွယ်ဝတ္ထုပစ္စည်းများကို စျေးကုန်းဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီးတို့က ပေါက်မြိုင်ဆရာတော်ကြီးထံလှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❁

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မဟာသကျရုံသီရိရုပ်ရှင်တော်မြတ်ကြီး တည်ဆောက်မည့် ဝတ္ထုကံ ပန္နက်တော်ဌာနတွင် ရတနာပန္နက်တော်ကို စိုက်ထူပူဇော်စဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့တွင် လမ်းတံတားများတိုးချဲ့ဆောင်ရွက်မည်

သတင်း-အာကာမိုးမြင့်

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်မြို့ကို စီးပွားရေးမြို့တော်အဖြစ် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့တွင် လမ်းတံတားများ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ချဲ့ထွင်ခြင်းစသည့်လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်ကာလအတွင်းငွေကျပ် ၅၅ ဘီလီယံ အကုန်အကျခံ ဆောင်ရွက်သွားမည်ဖြစ်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း၊ တံတား)အနေဖြင့် မြို့တွင်းရှိ တောင်နှင့်မြောက် သွယ်တန်းထားသော လမ်းများတိုးချဲ့ခြင်းလုပ်ငန်းများကိုလည်း တိုးတက်များပြားလာသောမော်တော်ယာဉ်များ မောင်းနှင်မှု အဆင်ပြေစေရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လမ်းများကို တိုးချဲ့တည်ဆောက်မှုများပြုလုပ်မည့်အပြင် ကားလမ်းတစ်ဖက်တစ်ချက်ရှိ ပလက်ဖောင်းများကိုလည်း ပြုပြင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ခရီးလမ်းများကို ပြုပြင်မှု အဆင့်မြှင့်တင်မှု ပြုလုပ်မည်ဖြစ်သည်။

ရန်ကုန်မြို့တွင်း လမ်း၊ တံတားများကိုစစ်ဆေးပြီး ပြုပြင်မှုများ ဆောင်ရွက်လျက်ရှိပြီး စကြံများ၊ ပလက်ဖောင်းများနှင့် ရေမြောင်းဖုံးများကိုလည်း ပြုပြင်မှုများပြုလုပ်မည်ဖြစ်သည်။ ဒဂုံမြို့သစ်မြောက်ပိုင်းနှင့် တောင်ပိုင်းကို ဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းမ၏ အရှေ့ဘက်ကားလမ်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အတူ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်ကာလအတွင်း ရန်ကုန်မြို့တွင်း၌ ခုံးကျော်တံတားတည်ဆောက်ခြင်း၊ လမ်းများတိုးချဲ့ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း စသည့်လုပ်ငန်းများအတွက် ငွေကျပ် ဘီလီယံ ၄၀ လျာထားခဲ့သော်လည်း ငွေကျပ် ၃၈ ဒသမ ၆၅ဘီလီယံသာကုန်ကျခဲ့သည်။

ယခု ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်ကာလအတွင်း ရန်ကုန်မြို့တွင်းလမ်းများ တိုးတက်ကောင်းမွန်ရန်နှင့် တံတားများပြုပြင်ရန်၊ စကြံနှင့် ပလက်ဖောင်းများပြုလုပ်ရန် ဆောင်ရွက်မည်ဖြစ်သည်။

(မြန်မာ့အလင်း)

ပထမကမ္ဘာစစ် ရာပြည့်ပွဲ ပြင်သစ်နှင့် ဂျာမနီခေါင်းဆောင်များ တက်ရောက်မည်

စာမျက်နှာ » ၄

ကျွန်တော်နဲ့ ဉာဏ်ရည်ထက်မြက်မှု

ဆောင်းပါး

စာမျက်နှာ » ၆

မန်ယူက ရီးရဲကိုနိုင်ပြီး ဗိုလ်လုပွဲတက်

စာမျက်နှာ » ၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဂုဏ်သိက္ခာရှိသောမီဒီယာ

စတုတ္ထမဏ္ဍိုင်ဟု အမွှမ်းတင်ခေါ်ဆိုကြသည့် စာနယ်ဇင်းမဏ္ဍိုင်သည်ကား ပြည်သူများထံမှန်ကန်သော သတင်းအချက်အလက်များ ဖြန့်ဝေပေးရုံမက အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့ မှန်ကန်တည့်မတ်စွာ ဆောင်ရွက်ရေး ဖြည့်ဆည်းကူညီပေးရသော မဏ္ဍိုင်လည်း ဖြစ်ပါသည်။ စတုတ္ထမဏ္ဍိုင်သည် တိုင်းပြည်တည်ဆောက်ရေးအတွက် အရေးကြီးသော မဏ္ဍိုင်လည်းဖြစ်ပါသည်။ ထိုသို့ အရေးပါသော မဏ္ဍိုင်ဖြစ်သည့်အလျောက် တာဝန်ယူမှု၊ တာဝန်ခံမှုသည်လည်း ရှိရမည်ဖြစ်ပါသည်။ သို့မှသာ ဂုဏ်သိက္ခာရှိသော မီဒီယာများအဖြစ် ရပ်တည်နိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဩဂုတ် ၁ ရက်တွင် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ) ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ် ဒီမိုကရေစီစနစ် ကျင့်သုံးရာတွင် သတင်းလွတ်လပ်ခွင့်ရရှိရန် အရေးကြီးသည်ကို လက်ခံပါကြောင်း၊ သိမ်မွေ့ညင်သာသည့်အသွင်ကူးပြောင်းရေး လုပ်ငန်းများဆောင်ရွက်ရာတွင် လွတ်လပ်မှုကို အလွဲသုံးစားလုပ်ဆောင်မှုများ မပေါ်ပေါက်စေရန်အတွက် သတင်းမီဒီယာများအနေဖြင့်လည်း လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှုတို့ကို သတိနှင့်ယှဉ်ပြီးကျင့်သုံးသည့် ဂုဏ်သိက္ခာရှိသော မီဒီယာများအဖြစ် ရပ်တည်စေလိုပါကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရန်၊ လုံခြုံမှုရှိရန်၊ လိုအပ်ချက်နှင့် လွတ်လပ်မှုကြားတွင် သဟဇာတဖြစ်အောင် ကျင့်သုံးရန်လိုအပ်ပါကြောင်း၊ လူ့အဖွဲ့အစည်း၏ လုံခြုံအေးချမ်းမှုအတွက် ဥပဒေဖြင့်ထိန်းကျောင်းရန် လိုအပ်သည့်အလျောက် မီဒီယာများအပါအဝင် အားလုံးက ဥပဒေကို လေးစားလိုက်နာရန် လိုအပ်ပါကြောင်းစသည်ဖြင့် ထည့်သွင်းပြောကြားခဲ့ပါသည်။

မှန်ပါသည်။ သတင်းမီဒီယာတို့မည်သည် လွတ်လပ်မှုရှိရန်လိုအပ်သော်လည်း ဥပဒေကို လေးစားလိုက်နာကြရမည်ဖြစ်သည်။ အထူးသဖြင့် ကျင့်ဝတ်သိက္ခာကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံရမည်ဖြစ်ပါသည်။ လွတ်လပ်မှုကို အခွင့်ကောင်းယူ၍ အလွဲသုံးစားမပြုသင့်ပါ။ ဝေဖန်မှု၊ ထောက်ပြမှု၊ ရှင်းပြမှု၊ ချပြမှုတို့သည် သတင်းမီဒီယာတို့၏ လုပ်ငန်းစဉ်များပင်ဖြစ်ပါသည်။

သို့သော် ရှုတ်ချမှု၊ အပြစ်ပြောဆိုမှု၊ အပုပ်ချမှု၊ ဝါဒဖြန့်လှုံ့ဆော်မှုများ ပြုလုပ်ခြင်းကို ဂုဏ်သိက္ခာရှိသော မီဒီယာများဟု မဆိုနိုင်ပါ။ အပြုသဘောဆောင် ထောက်ပြမှုကို လူတိုင်းက လက်ခံကြပါသည်။ သို့သော်အပြစ်ပြော၊ အပုပ်ချပြောဆိုနေမည်သာဆိုလျှင် မည်သို့မျှသဟဇာတမဖြစ်နိုင်ပါ။ ထို့အတူမီဒီယာကဏ္ဍမှာလည်း ဤသဘောမျှပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့နိုင်ငံသည် ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ ဦးတည်ပြီး သိမ်မွေ့ညင်သာသော အသွင်ကူးပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝေဖန်စရာများ၊ ထောက်ပြစရာများ ရှိပါလိမ့်မည်။

အပြုသဘောဆောင် ဝေဖန်ထောက်ပြမှုသည် တိုင်းပြည်တည်ဆောက်ရေးအတွက် အထောက်အကူ ဖြစ်စေနိုင်ပါသည်။ အပြုသဘောဆောင်ထောက်ပြမှု၊ ချပြမှုကောင်းလျှင် ကောင်းသလိုတိုးတက်မှုလည်း ကောင်းလာနိုင်ပါသည်။ မီဒီယာ၏ကျေးဇူးကြောင့် လူ့ဘောင် လူ့လောကအတွက် တိုးတက်ပြောင်းလဲမှုများ ရရှိစေနိုင်မည် ဖြစ်ပါသည်။ သို့သော် မီဒီယာကြောင့်လည်း မလိုလားအပ်သော ပျက်စီးရာပျက်စီးကြောင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ပါ၍ ကျွန်ုပ်တို့ မီဒီယာလောက သားများအနေဖြင့် လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှုတို့ကို သတိနှင့်ယှဉ်ပြီး ကျင့်ဝတ်နှင့်ညီညွတ်သည့် ဂုဏ်သိက္ခာရှိသော မီဒီယာများအဖြစ် ရပ်တည်သွားကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၃

ကမ္ဘာ့မိခင် နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၂ ရက် နံနက် ၉ နာရီက နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းရုံးချုပ်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက အာဟာရဖွံ့ဖြိုးရေးသည် အခြေခံလိုအပ်ချက် တစ်ခုဖြစ်သည့်အတွက် ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုဩဂုတ်လ ပထမပတ်တွင် မိခင်နို့စနစ်တကျ တိုက်ကျွေးရေး ရက်သတ္တပတ်၊ ဒုတိယပတ်တွင် ငါးနှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ တတိယပတ်တွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်နှင့် စတုတ္ထပတ်တွင် အိုင်အိုဒင်းချို့တဲ့ ရောဂါများပပျောက်ရေး ရက်သတ္တပတ်များကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆား၊ အားဆေးနှင့် အနှီးပိတ်များကို ထောက်ပံ့ပေးအပ်ပြီး အာဟာရလုပ်ငန်းလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က အမှာစကားပြောကြားပြီး ဆရာဝန်များက ပညာပေးဟောပြောကြသည်။

ထို့နောက် အာဟာရပြည့်ဝမှုတစွာ ချက်ပြုတ်စားသောက်ခြင်း လက်တွေ့ ချက်ပြုတ်သရုပ်ပြခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

လမ်းပြင်အလုပ်သမားအယောင်ဆောင်တောင်းရမ်းသူများအား တားဆီးအရေးယူသင့်

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုဂံ-ညောင်ဦးဒေသနှင့် ကျောက်ပန်းတောင်းဒေသတို့သည် ပြည်တွင်းပြည်ပဘုရားဖူးများ၊ နိုင်ငံတကာမှ ဧည့်သည်များဖြင့် စဉ်ဆက်မပြတ်စည်ကားနေသော ဒေသများဖြစ်ပေသည်။ အဆိုပါ ကျောက်ပန်းတောင်းနှင့် ညောင်ဦးသွားလမ်းမကြီးသည် နိုင်လွန်ကတ္တရာခင်းခေတ်မီလမ်းမကြီးဖြစ်သည့်အတွက် ဆက်သွယ်သွားလာရေး လွန်စွာကောင်းမွန်သော်လည်း ပထဝီအနေအထားအရ သဲချောင်းများ၊ ရေကျော်များကိုလည်း ဖြတ်သန်းသွားလာရရာ အဆိုပါသဲချောင်းများအနက် မိုင်တိုင် ၁၇ ဒသမ ၁၊ တောင်ဇင်းကျေးရွာအနီးရှိ မရောင်းရဲချောင်းမှာ ဇရိယာအကျယ်ဆုံး သဲချောင်းဖြစ်သည်။

အဆိုပါ မရောင်းရဲချောင်းတွင် ရံဖန်ရံခါ ဖြစ်ပေါ်တတ်သည့် တောင်ကျရေရှိန်ကြောင့် ရေစီးပြင်းထန်ခြင်း၊ မော်တော်ယာဉ်များ သဲနစ်တတ်ခြင်းတို့ကို အကြောင်းပြုကာ လမ်းပြုပြင်သယောင်ဆောင်ကာ လာသမျှမော်တော်ယာဉ်များကို လက်တားပြီး (ပေး. . . .)ဟု သံရှည်ဆွဲအော်ဟစ်ကာ တောင်းရမ်းစားသောက်နေသူများ ရှိနေလေရာ နိုင်ငံအတွက် အရုပ်ဆိုးအကျည်းတန်စေသလို မော်တော်ယာဉ်ဖြင့်သွားလာနေရသူများအတွက်လည်း စိတ်အနှောင့်အယှက် ဖြစ်ရလေသည်။

အထူးသဖြင့် ယင်းမြင်ကွင်းကို ပုဂံဒေသသို့ လေ့လာရန်လာရောက်ကြသည့် နိုင်ငံခြားသားခရီးသည်များမှာ အထူးအဆန်းဖြစ်ကြကာ ဓာတ်ပုံရိုက်ယူသွားကြခြင်းမှာ အလွန်ရှက်စရာ ကောင်းလှပေသည်။ အဆိုပါတောင်းရမ်းစားသောက်ကြသူများသည် လက်အတွင်း တံမြက်စည်း သို့မဟုတ် သဲတွန်းသည့်ထွန်ခြစ်များကို ကိုင်ဆောင်ကာ လမ်းပြင်အလုပ်သမားများ အသွင်ဖြင့် အမျိုးသားအမျိုးသမီး ဆယ်ဦးတို့က နေ့စဉ်တောင်းရမ်းနေကြသည်မှာ နိုင်ငံအတွက် ဂုဏ်သိမ်ညှိုးနွမ်းစေပါသည်။

သို့ဖြစ်ပါသောကြောင့် အဆိုပါ လမ်းပြင်အလုပ်သမားများ အယောင်ဆောင်ကာ တောင်းရမ်းနေကြသူများကို သက်ဆိုင်ရာမှ တားဆီးအရေးယူပေးနိုင်ပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

မောင်ယဉ်ကျေး

ထင်သာမြင်သာပြုပြင်စရာ

မြေယာအသုံးပြုခွင့် လက်မှတ်ထုတ်ပေး

မိုင်းရယ် ဩဂုတ် ၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်မြို့နယ်တွင် ဩဂုတ် ၁ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြေယာခန့်ခွဲရေးကော်မတီ တာဝန်ရှိသူက နားခို၊ နားဗျိုင်း၊ လုပ်ခိုက်ကျေးရွာတို့မှ တောင်သူများထံ လယ်ယာမြေ ယာယီလုပ်ပိုင်ခွင့် လက်မှတ်များ ထုတ်ပေးခဲ့သည်။

အမှန်တကယ် လုပ်ကိုင်စားသောက်မည့်သူများကို ဦးစားပေး၍ ရာသက်ပန်လုပ်ကိုင်စားသောက်ခွင့်လက်မှတ်များကို ပြောင်းလဲ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟန်ငြေး(iprd)

ပြည်တွင်းသတင်း

ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီညှိနှိုင်း

ရန်ကုန် ဩဂုတ် ၃

ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ အထူးလုပ်ငန်းအဖွဲ့၊ အကြံပေးအဖွဲ့နှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ တွေ့ဆုံညှိနှိုင်းပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ပြည်လမ်းရှိ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ကျင်းပရာ အစီအစဉ်အရ ရှေးဦးစွာ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက အခြေခံပညာရေးဥပဒေ (မူကြမ်း)၊ အဆင့်မြင့်ပညာရေးဥပဒေ (မူကြမ်း)နှင့် ပုဂ္ဂလိကပညာရေးဥပဒေ (မူကြမ်း)တို့ကို အခန်းကဏ္ဍအလိုက် အသေးစိတ်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ ဒေါ်စုစုလှိုင်၊ ဒေါက်တာ ဘရွှေ၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်နှင့် အထက်မြန်မာပြည်) တို့မှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ၏ အထူးလုပ်ငန်းအဖွဲ့ (Task Force)၊ အကြံပေးအဖွဲ့ (Advisory Board)၊ လုပ်ငန်းအဖွဲ့ (Working Group) တို့မှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

(ယာပုံ) (သတင်းစဉ်)

မန္တလေးသွားနှင့်ခံတွင်း ဆရာဝန်အသင်း နှစ်လယ်ညီလာခံကျင်းပ

မန္တလေး ဩဂုတ် ၃

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း (မန္တလေး)၏ နှစ်လယ်ညီလာခံကို ဩဂုတ် ၂ ရက်က သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး) ရှိ မြခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါညီလာခံတွင် ပြည်တွင်း/ပြည်ပ ပညာရှင် ရှစ်ဦးက သွားနှင့်ခံတွင်းဆိုင်ရာ စာတမ်းများကို ဖတ်ကြားခဲ့ကြပြီး သွားနှင့်ခံတွင်းဆရာဝန် ၂၉၀ တက်ရောက်ခဲ့ကြောင်း၊ လူမှုရေးဝန်ကြီးသည် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး) ရှိ ဇမ္ဗူရာဇ်ရွှေစင်ခန်းမ၌ ကျင်းပသော သွားဘက်ဆိုင်ရာဆေးနှင့် ဆေးပစ္စည်းပြခန်းများကိုလည်း ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ထားဝယ်-မြိတ်ကားလမ်း လမ်းချဲ့ခြင်း ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဩဂုတ် ၁ ရက် မွန်းလွဲပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းနှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးများ၊ အင်ဂျင်နီယာချုပ်၊ တိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီး၊ လမ်း၊ တံတားအထူးအဖွဲ့များမှ ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ ခရိုင်အင်ဂျင်နီယာမှူးများ၊ မြို့နယ်အင်ဂျင်နီယာများ၊ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးသည် ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင် လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ ၁၆ ၏ ကတ္တရာကွန်ကရစ်ဖျော်စက် တပ်ဆင်နေမှုအခြေအနေများကို သွားရောက်စစ်ဆေးရာ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအလေးထားဆောင်ရွက်ရန်မှာကြားပြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက တည်ဆောက်လျက်ရှိသော လေးခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုနှင့် ထားဝယ်-မြိတ်လမ်း ၁၈ပေမှ ၂၄ ပေတာပေါင်ချဲ့ခြင်းလုပ်ငန်း၊ ရေကျော်သည့်နေရာများတွင် တာပေါင်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

မိုးလေဝသ အခြေအနေ

၃-၈-၂၀၁၄

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင် ကော်ပိုရေးရှင်းလီမိတက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၃

မြန်မာနိုင်ငံမှ ဆန်စပါးအပါအဝင် လယ်ယာပို့ကုန်သီးနှံများကို ပြည်တွင်းပြည်ပဈေးကွက်တွင် ကုန်သွယ်နိုင်ရန်၊ စိုက်ပျိုးရေးအခြေခံသော တန်ဖိုးမြင့်စက်မှုလုပ်ငန်းများ တည်ထောင်ရင်းနှီးမြှုပ်နှံရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်း၊ လျှပ်စစ်နှင့် စွမ်းအင်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့ကို တည်ထောင်ရင်းနှီးမြှုပ်နှံနိုင်ရန် အစရှိသော ရည်ရွယ်ချက်များဖြင့် တည်ထောင်ထားသည့် မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO) ၏ ပထမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဩဂုတ် ၁ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းများအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အစည်းအဝေးသဘာပတိ မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်း လီမိတက်၏ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးချစ်ခိုင်က အမှာစကားပြောကြားသည်။

ထို့နောက် အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းအောင်က နှစ်ချုပ်ငွေစာရင်းနှင့် စာရင်းစစ်အစီရင်ခံစာကိုလည်းကောင်း၊ ဒါရိုက်တာအဖွဲ့၏လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အမှုဆောင်ဒါရိုက်တာ ဦးသောင်းဝင်းက လည်းကောင်း တင်ပြပြီး အတည်ပြုချက်ရယူသည်။

ထို့နောက် ဆန် ပြည်ပတင်ပို့ရောင်းချမှုအခြေအနေကို အမှုဆောင်ဒါရိုက်တာ ဦးအောင်မြင့်ကလည်းကောင်း၊ ခတ်မြေဩဇာဖြန့်ဖြူးရောင်းချမှုအခြေအနေကို အမှုဆောင်ဒါရိုက်တာ ဦးတင်မောင်လှိုင်ကလည်းကောင်း၊ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုတွင် သီလဝါအကွက် အမှတ်(၂၈) တွင် ကုန်တင်၊ ကုန်ချဆိပ်ကမ်းရင်းနှီးမြှုပ်နှံမှုအခြေအနေတို့ကို အမှုဆောင်ဒါရိုက်တာ ဦးကျော်ကျော်ဝင်းက လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသက်တမ်း (၂၀၁၄-၂၀၁၅) အတွက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးချစ်ခိုင်၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းအောင်တို့ပါဝင်သည့်ဒါရိုက်တာအဖွဲ့ ၃၅ ဦးတို့၏ အမည်စာရင်းကို ဖတ်ကြားကြေညာသည်။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်ဖြစ်သည့် ဆန်စပါးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုတိုးတက်ဖွံ့ဖြိုးလာစေရန်၊ အရန်ဆန်ဝယ်ယူသိုလှောင်နိုင်ရန်၊ ပြည်ပတင်ပို့မှု တိုးတက်စေရန်နှင့် ဆန်စပါးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အများပိုင်ကုမ္ပဏီဖွဲ့စည်းတည်ထောင်လုပ်ငန်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင် ကော်ပိုရေးရှင်းလီမိတက် (Myanmar Agribusiness Public Corporation) ကို ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် တည်ထောင်ခဲ့သည်။

အများပိုင် ကော်ပိုရေးရှင်းတည်ထောင်ပြီး တစ်နှစ်တာကာလအတွင်း နိုင်ငံတော်အရန်ဆန် အစီအစဉ်တွင် ပါဝင်ဆောင်ရွက်ခြင်း၊ ဆန်တန်ချိန် တစ်သိန်းခန့် ပြည်ပသို့တင်ပို့ရောင်းချနိုင်ခြင်း၊ နှစ်ပေါင်း ၄၅ နှစ်ခန့် ဆန်တင်ပို့နိုင်ခဲ့ခြင်းမရှိသော ဂျပန်နိုင်ငံသို့ ဆန်ပြန်လည်တင်ပို့ရောင်းချနိုင်ခြင်း၊ ပြည်ပမှပုလဲခတ်မြေဩဇာ တင်သွင်း၍ ဆန်စပါးစိုက်ဧကခြောက်သိန်းတွင် အကြွေးစနစ်ဖြင့် တောင်သူလယ်သမား နှစ်သိန်းခန့်အားရောင်းချပေးနိုင်ခြင်း၊ အိန္ဒိယနိုင်ငံမှ တစ်နေ့တန် ၁၀၀ ပေါင်းဆန်စက် ၁၀ လုံး မှာယူတင်သွင်းပြီး အရစ်ကျငွေပေးချေမှုစနစ်ဖြင့် ရောင်းချပေးခြင်း၊ ထွန်စက်ကြီးများ၊ ရိတ်သိမ်းခြွေလှေ့စက်ကြီးများ ခေတ်မီအခြောက်ခံစက်ကြီးများကို အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် အရစ်ကျငွေပေးချေမှုစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့သည်။

(သတင်းစဉ်)

ဒိုင်နိုဆောများ ကွယ်ပျောက်တိမ်ကောသွားစေသော မဟာကံဆိုးမှုကြီး

ဒိုင်နိုဆောများမျိုးသုဉ်းသွားစေသော ဂြိုဟ်သိမ်ဂြိုဟ်မွှား၏ဘေးအန္တရာယ်ကျရောက်ချိန်သည် အနည်းငယ်စောမည် သို့မဟုတ် အနည်းငယ်နောက်ကျမည်ဆိုပါက ဒိုင်နိုဆောများ အသက်ရှင်လျက်ရှိနေနိုင်ကြောင်း ဗြိတိသျှသိပ္ပံပညာရှင်၏ လေ့လာတွေ့ရှိချက်တစ်ရပ်က ဆိုသည်။

ဂြိုဟ်သိမ်ဂြိုဟ်မွှား အန္တရာယ်ကျရောက်ခြင်းသည် ကမ္ဘာပေါ်၌ နှစ်သန်းပေါင်း ၁၆၀ ခန့် ကျင်လည်ကျက်စားခဲ့သည့် ဒိုင်နိုဆောများအတွက် ကံဆိုးမိုးမှောင်ကျမှုကြီးတစ်ရပ်ဖြစ်ခဲ့သည်။

အီဒင်ဘတ်ရှ်တက္ကသိုလ်မှ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များပါဝင်သော နိုင်ငံတကာပညာရှင်အဖွဲ့က ယင်းဂြိုဟ်သိမ်ဂြိုဟ်မွှားအန္တရာယ်မကျရောက်မီ နှစ်သန်းပေါင်းအနည်းငယ်က မြောက်အမေရိကမှ ဒိုင်နိုဆောများအများစုပါဝင်သည့် ဒိုင်နိုဆောများမည်ကဲ့သို့ အသွင်ပြောင်းခဲ့သည်ကို လေ့လာခဲ့ကြသည်။ ၎င်းတို့လေ့လာတွေ့ရှိချက်များအရ ၁၀ ကီလိုမီတာ အကျယ်အဝန်းရှိ ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်လုံး၏ အန္တရာယ်မကျရောက်မီ နှစ်သန်းပေါင်းအနည်းငယ်က ကမ္ဘာကြီးသည် များပြားသောမီးတောင်ပေါက်ကွဲမှု၊ ပင်လယ်ရေမျက်နှာပြင်ပြောင်းလဲမှုနှင့် အပူချိန်ကွာဟချက်မြင့်တက်လာမှုစသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကသောင်းကနင်းဖြစ်မှုနှင့်ကြုံတွေ့ခဲ့ရကြောင်း၊ ယင်းသဘာဝတရားဖောက်လွဲဖောက်ပြန်မှုများကြောင့် အပင်စားဒိုင်နိုဆောများ လျော့နည်းပပျောက်ကာ အသားစားဒိုင်နိုဆောများ၏ ဆင့်ကဲအစာကွင်းဆက်ဆုတ်ယုတ်သွားသဖြင့် ဒိုင်နိုဆောများ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အကြီးမားဆုံးစိန်ခေါ်မှုနှင့်ရင်ဆိုင်ခဲ့ရသည်ဟု ဆိုသည်။ ထို့ကြောင့် သိပ္ပံပညာရှင်များက အကယ်၍ ဒိုင်နိုဆောမျိုးစိတ်ပို၍များပြားပြီး ဆင့်ကဲအစာကွင်းဆက်များပို၍ သက်ဝင်နေချိန်ထက်စောပြီးမှ သို့မဟုတ် မျိုးစိတ်သစ်များ အဆင့်ဆင့်ပြောင်းလဲဖြစ်ပေါ်ချိန်ထက် နောက်ကျပြီးမှ ယင်းဂြိုဟ်သိမ်ဂြိုဟ်မွှား အန္တရာယ်ကျရောက်ခဲ့ပါက ဒိုင်နိုဆောများ ယနေ့တိုင် အသက်ရှင်လျက်ရှိနေနိုင်ကြောင်း ကောက်ချက်ချခဲ့ကြသည်။

(ဆင်ဟွာ)

နိုင်ငံတကာသဘာဝသိပ္ပံသတင်း

ကျော်သဲအိမ်

နိုင်ငံတကာသတင်း

အစ္စရေး လေကြောင်းတိုက်ခိုက်မှု တစ်မိသားစုတည်းမှ ၁၀ ဦး သေဆုံး

တဲလ်အဗစ် ဩဂုတ် ၃

အစ္စရေးစစ်ဘက်က ပါလက်စတိုင်းကို တိုက်ခိုက်ရာ ပါလက်စတိုင်း မိသားစုနှစ်ခုမှ မိသားစုဝင် ၁၆ ဦး သေဆုံးသွားခဲ့သည်။ ဂါဇာတောင်ပိုင်းနှင့် အလယ်ပိုင်းကို အစ္စရေးတို့က လေကြောင်းမှ တိုက်ခိုက်ရာ ကလေးအချို့အပါအဝင် အနည်းဆုံး ပါလက်စတိုင်း ၁၆ ဦး သေဆုံးသွားခဲ့သည်။ သေဆုံးသူများတွင် ၁၀ ဦးမှာ မိသားစုတစ်ခုတည်းမှ ဖြစ်သည်။

ယင်းတိုက်ခိုက်မှုများ၌ ဒါဇင်နှင့်ချီသော ပြည်သူများ ဒဏ်ရာရခဲ့သည်။ အစ္စရေးဂျက်လေယာဉ်များသည် စနေနေ့ကတည်းက ပစ်မှတ်နေရာ ၁၅၀ ကို တိုက်ခိုက်ခဲ့ကြောင်း ပါလက်စတိုင်း သတင်းရပ်ကွက်က ပြောသည်။ **(ပရက်စ်တီဗွီ)**

မြို့တော်ဒမတ်စကတ်အနီး နေရာများစွာကို ဆီးရီးယားတပ်ဖွဲ့ဝင်များ ပြန်လည်ရယူ

ဒမတ်စကတ် ဩဂုတ် ၃

ဆီးရီးယားနိုင်ငံတစ်ဝန်း၌ ဆီးရီးယားတပ်မတော်နှင့် တက်ဖိရိစစ်သွေးကြွများအကြား ပြင်းထန်သောတိုက်ပွဲများ ဖြစ်ပွားလျက်ရှိရာ ဆီးရီးယားတပ်မတော်သည် မြို့တော်ဒမတ်စကတ်အနီး နယ်မြေများစွာကို ပြန်လည်သိမ်းပိုက်ရရှိခဲ့ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြခဲ့သည်။

ဆီးရီးယားတပ်ဖွဲ့ဝင်များသည် ခန့်မှန်းခြေအားဖြင့် ဒမတ်စကတ်မြို့အရှေ့တောင်ဘက် ၉ ကီလိုမီတာအကွာ Mulayhah မြို့၌ နေရာများစွာကို သိမ်းပိုက်နိုင်ခဲ့သည်။ အစိုးရတပ်ဖွဲ့ဝင်များက အဆိုပါမြို့တွင်းရှိ ဥမင်လိုဏ်ခေါင်းများ၏ ကွန်ရက်ကို လေ့လာခဲ့ပြီး စစ်သွေးကြွများကို တိုက်ခိုက်မှုပြုလုပ်ရာတွင် အသုံးပြုခဲ့သည်။ ထို့အပြင် ဒမတ်စကတ်မြို့ဆင်ခြေဖုံးရပ်ကွက်ရှိ East Gouta ရပ်ကွက်ကိုလည်း ရယူနိုင်ခဲ့သည်။

ဟွမ်စ်ပြည်နယ်ရှိ စစ်သွေးကြွများပုန်းအောင်းရာနေရာများ ဖျက်ဆီးခံခဲ့ရပြီး စစ်သွေးကြွများစွာ သေဆုံးခဲ့သည်။လက်ဘနွန်နယ်စပ်မှ နိုင်ငံတွင်း ဝင်ရောက်ရန် ကြိုးပမ်းသည့်စစ်သွေးကြွများ၏ ထိုးဖောက်ဝင်ရောက်မှုကိုလည်း တားဆီးနိုင်ခဲ့သည်။

စစ်သွေးကြွများက Palmyra ဒေသရှိ တပ်မတော်အခြေစိုက်စခန်းကို တိုက်ခိုက်ရန် ကြိုးပမ်းမှုသည်လည်း မအောင်မြင်ခဲ့ပေ။ ဆီးရီးယားနိုင်ငံသည် ၂၀၁၁ ခုနှစ် မတ်လကတည်းက တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားခဲ့ရာ ပြည်သူ ၁၆၀၀၀၀ ကျော် သေဆုံးခဲ့ရပြီး စစ်သွေးကြွများ၏ နှောင့်ယှက်မှုကြောင့် သန်းပေါင်းများစွာနေရာပြောင်းရွှေ့သွားကြသည်။ ကာတာ ဆော်ဒီအာရေဗျနှင့် တူရကီနိုင်ငံတို့အပါအဝင် ၎င်း၏မဟာမိတ်နိုင်ငံများသည် စစ်သွေးကြွများကို ငွေကြေးနှင့် စစ်ရေးအထောက်အပံ့ပေးနေကြသည်။ **(ပရက်စ်တီဗွီ)**

ယီမင်၌ စစ်တပ်အခြေစိုက်စခန်း စစ်သွေးကြွများ စီးနင်းတိုက်ခိုက်ခံရ

ယီမင် ဩဂုတ် ၃

ယီမင်အရှေ့တောင်ပိုင်း Shabwa ပြည်နယ်ရှိ စစ်တပ်အခြေစိုက်စခန်းကို အယ်လ်ခိုင်ဒါဟု ယူဆရသော သေနတ်သမားများက တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ကြောင်း အစိုးရအရာရှိက ဆင်ဟွာသို့ ပြောခဲ့သည်။

လက်နက်ကြီးများ ကိုင်ဆောင်ထားသော သေနတ်သမားများသည် A taq စစ်တပ်အခြေစိုက်စခန်းကို စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်ခဲ့သည်ဟု အမည်မဖော်လိုသူတစ်ဦးက ပြောခဲ့သည်။ ယီမင်အစိုးရ ပြောကြားချက်အရ အဆိုပါတိုက်ခိုက်မှု၌ အယ်လ်ခိုင်ဒါစစ်သွေးကြွ ၁၅ ဦး ပါဝင်သည်ဟု ဆိုသည်။ တိုက်ခိုက်မှုဖြစ်ပွားချိန် ၂ နာရီအတွင်း ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် စစ်သွေးကြွငါးဦး ဒဏ်ရာရရှိခဲ့သည်။ **(ဆင်ဟွာ)**

ဆီးရီးယားသူပုန်များ လက်ဘနွန်နယ်စပ်မြို့ကို တိုက်ခိုက်

ဒမတ်စကတ် ဩဂုတ် ၃

ဆီးရီးယားသူပုန်များက လက်ဘနွန်နယ်စပ်မြို့တစ်မြို့ကို ဝင်ရောက်စီးနင်းတိုက်ခိုက်ရာ လုံခြုံရေးအဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်။

နူဆရာတပ်ဦးသူပုန်အဖွဲ့က ဆီးရီးယားစစ်ပွဲမှ ထွက်ပြေးတိမ်းရှောင်လာသည့် ထောင်ပေါင်းများစွာသော ဒုက္ခသည်များ အခြေချနေထိုင်ရာ အာဆယ်မြို့ ရဲစခန်းကို သိမ်းပိုက်လိုက်ကြောင်း တိုက်ခိုက်ရေးသမားများက ပြောသည်။

သူပုန်များက အဆိုပါမြို့ကို ဝင်သိမ်းစဉ် လက်ဘနွန်ရဟတ်ယာဉ်များ ဝေဟင်မှ ဝဲပျံခြိမ်းခြောက်ခဲ့သော်လည်း အရပ်သားအချို့ တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ရသည်။ အဆိုပါမြို့ စစ်ဆေးရေးဂိတ်အနီး ဖမ်းဆီးခံရသည့် သူပုန်ခေါင်းဆောင်တစ်ဦးဖြစ်သော အီမတ်ဂျူမားလွတ်မြောက်ရေးအတွက် တောင်းဆိုလျက်ရှိစဉ် ၎င်းမြို့ကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရခြင်းဖြစ်ကြောင်း နူဆရာတပ်ဦးပြောရေးဆိုခွင့်ရှိသူတစ်ဦးက ရိုက်တာသတင်းအေဂျင်စီသို့ ပြောသည်။

ဆီးရီးယားစစ်မြေပြင် မိမိတို့နိုင်ငံအတွင်း ကျယ်ပြန့်လာမှုကို ခွင့်မလွှတ်နိုင်ကြောင်း အာဆယ်မြို့သို့ တင့်ကားများဖြင့် ဝင်ရောက်လာသော လက်ဘနွန်စစ်တပ်၏ ကြေညာချက်တွင် ဖော်ပြသည်။

ထိုအတောအတွင်း လက်ဘနွန်ရှီးယိုက် မွတ်ဆလင်အသိုင်းအဝိုင်းမှ ဟစ်ဇ်ဘိုလာတိုက်ခိုက်ရေးသမားများက ဆီးရီးယားသူပုန်များကို ချုံခိုတိုက်ခိုက်ရာတွင် ပါဝင်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ယခုအခါ လက်ဘနွန်နိုင်ငံ၌ ဆီးရီးယားဒုက္ခသည် တစ်သန်းကျော် လက်ခံထားသည်။ **(ဘီဘီစီ)**

ပထမကမ္ဘာစစ် ရာပြည့်ပွဲ ပြင်သစ်နှင့်ဂျာမနီခေါင်းဆောင်များ တက်ရောက်မည်

နှစ် (၁၀၀)ပြည့် ကျင်းပမည့် ဖေးလ်အာမန်းဗိမာန်

လန်ဒန် ဩဂုတ် ၃

ပြင်သစ်နှင့် ဂျာမနီသမ္မတများသည် ၁၉၁၄ ခုနှစ် ဩဂုတ် ၃ ရက်တွင် ဂျာမနီက စစ်ကြေညာခဲ့သည့် နှစ် ၁၀၀ ပြည့် အခမ်းအနားသို့ တက်ရောက်ကြမည်ဟု ဆိုသည်။

ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်နှင့်ဂျာမနီသမ္မတ ဂျိုအာချင်ဂေါက်ခ်တို့သည် ပထမကမ္ဘာစစ်တွင် ကျဆုံးသွားခဲ့သော စစ်သားများ၏ ဂုဏ်ပြုပွဲသို့ တက်ရောက်ကြမည်ဖြစ်သည်။ ယင်းတို့သည် ဖေးလ်အာမန်းဗိမာန်၌ ဂုဏ်ပြုပန်းစည်းချကြမည်ဖြစ်သည်။ ဗြိတိန်က ဂျာမနီကို စစ်ကြေညာသည့် အခမ်းအနားများကို တနင်္လာနေ့တွင် ဘယ်လ်ဂျီယံ၌ ကျင်းပဖွယ်ရှိသည်။

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းသည် ဗြိတိန်က ပထမကမ္ဘာစစ်အတွင်းပါဝင်ခဲ့သည့် အဆိုပါ အမှတ်တရနေ့ကို အသိအမှတ်ပြုသောအားဖြင့် တက်ရောက်မည်ဖြစ်သည်။

ပထမကမ္ဘာစစ်စတင်ဖြစ်ပွားရာ ဖေးလ်အာမန်း ဝန်းကျင်တောင်တန်းများတွင် လူပေါင်း ၃၀၀၀၀ ခန့် သေဆုံးခဲ့ရသည်။ ယင်းစစ်သည် ဗိမာန်၌ အတည်မပြုနိုင်သော စစ်သည် ၁၂၀၀၀ ပါဝင်သည်။

မစ္စတာဟော်လန်နှင့် မစ္စတာဂေါက်ခ်တို့ အဆိုပါအခမ်းအနားတက်ရောက်ခြင်းသည် ပြင်သစ်-ဂျာမနီ ခေတ်သစ်ဆက်ဆံရေးကို တိုးတက်လာလိမ့်မည်ဟု ဆိုသည်။

ယင်းတို့နှစ်ဦးသည် အဆိုပါဒေသ၌ မဟာစစ်ပွဲအမှတ်တရပြတိုက်နှင့် ပြခန်းတည်ဆောက်မှုအတွက် အုတ်မြစ်ချပေးကြလိမ့်မည်ဟု ဆိုသည်။ ၎င်းပြတိုက်ကို ၂၀၁၇ ခုနှစ်တွင် ဖွင့်လှစ်သွားရန် စီစဉ်ထားသည်။ **(ဘီဘီစီ)**

အမေရိကန်အနောက်ပိုင်း၌ တောမီးလောင်ကျွမ်းမှုသည် ဒေသခံများ နေအိမ်စွန့်ခွာထွက်ပြေးရန်အားပေး

ဝါရှင်တန် ဩဂုတ် ၃

အမေရိကန် ပြည်ထောင်စုအနောက်ဘက် ကမ်းရိုးတန်းပြည်နယ်များ၌ တောမီးလောင်ကျွမ်းမှုများ အဆက်မပြတ် ဖြစ်ပွားလျက်ရှိရာ မီးသတ်တပ်ဖွဲ့ဝင်များ ၎င်းမီးတောက်များကို အပြင်းအထန်ငြိမ်းသတ်နေစဉ် ပြည်သူရာပေါင်းများစွာ နေရာပြောင်းရွှေ့ခဲ့ရသည်။

မီးသတ်တပ်ဖွဲ့ဝင် ရာပေါင်းများစွာသည် ကယ်လီဖိုးနီးယားမြောက်ပိုင်းနှင့် အလယ်ပိုင်းတို့၌ တောမီးလောင်ကျွမ်းမှု အခိကခြောက်နေရာထက်မနည်း မီးငြိမ်းသတ်ရန် ကြိုးစားနေရသည်။ ၎င်းနေရာများအနက် သုံးနေရာသည် ကာလကြာ မိုးခေါင်ရေရှားမှု ဖြစ်ပွားခဲ့ရာ ပြီးခဲ့သည့် ကာလများနှင့် နှိုင်းယှဉ်လျှင် စက်တင်ဘာလအထိ မိုးခေါင်မှုဖြစ်ပွားခြင်း မရှိခဲ့ကြောင်း သစ်တောနှင့် မီးသတ်ကာကွယ်ရေးဦးစီးဌာနက ပြောသည်။

ကယ်လီဖိုးနီးယား၌ မိုးခေါင်မှု တတိယမြောက်နှစ်ဖြစ်ပြီး တောမီးအန္တရာယ်မှာလည်း မြင့်မားလာသည်။ လေ့လာမှုမှတ်တမ်းများအရ ပြည်နယ်၏ထက်ဝက်ကျော်သည် မကြုံစဖူးမိုးခေါင်မှုဒဏ်ကို ခံစားခဲ့ရသည်။

ဝါရှင်တန်မြောက်ပိုင်း၌လည်း ၄၀၀ စတုရန်းမိုင်ထက်မနည်း တောမီးလောင်ကျွမ်းခဲ့ရာ လူနေအိမ်ရှစ်လုံး ပျက်စီးခဲ့သည်။ **(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်း

ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် ပြည်သူလူထုကို ချပြပြီး လက်ခံပါကဖော်ဆောင်သွားမည်

ကလေး ဩဂုတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် ပြည်သူလူထုလက်ခံမည်ဆိုပါက ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံတည်လိုကြောင်းကို ဩဂုတ် ၃ ရက် နံနက် ၈ နာရီခွဲက မြို့တော်ခန်းမ၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများတွေ့ဆုံပွဲတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြောကြားသွားသည်။ **(အပေါ်ယာပုံ)**

"ကလေးဝမှာ ကျောက်မီးသွေးအများအပြားထွက်ပါတယ်။ ဒီကျောက်မီးသွေးကို တူးပြီးတော့မှ မြန်မာနိုင်ငံအနှံ့ကိုပို့ပြီး ဘိလပ်မြေစက်ရုံတွေမှာသုံးတယ်။ တခြားစက်မှုလုပ်ငန်းတွေမှာသုံးတယ်။ ကလေး၊ ကလေးဝမှာ ကျောက်မီးသွေးထွက်ပြီးတော့မှ ကလေး၊ ကလေးဝဒေသအတွက် အကျိုးရှိအောင် ဘာအသုံးတည့်သလဲဆိုရင် အခုထက်ထိ ဘာမှအသုံးတည့်တာ မတွေ့ရသေးဘူး။ ကလေး၊ ကလေးဝဒေသအတွက် အကျိုးရှိအောင် သုံးဖို့အတွက်ကတော့ ဘာမြင်သလဲဆိုရင် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ တည်လိုက်ရင် ကလေး၊ ကလေးဝ၊ မင်းကင်း၊ မော်လိုက်၊ တမူး၊ ဖောင်းပြင်၊ ကနီမြို့တွေအားလုံး လျှပ်စစ်ဓာတ်အားရသွားမယ်။ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဖို့ဆိုရင် နှစ်နှစ်ကျော်ကြာပါတယ်။ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဖို့ကို ပြည်သူလူထုကို ချပြမယ်။ ပြည်သူလူထုကို ဆွေးနွေးမယ်၊ ဒေသဖွံ့ဖြိုးဖို့အတွက်ကို ပွင့်ပွင့်လင်းလင်းပြောမယ်။ ဒါကိုမှ ပြည်သူလူထုက လက်မခံရင်လည်း တစ်မျိုးပေါ့။ ပြည်သူလူထုက လက်ခံပြီဆိုရင်တော့ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံကို အကောင်အထည်ဖော်ချင်ပါတယ်။ အကောင်အထည်ဖော်ရင်တော့ နှစ်နှစ်နဲ့ နှစ်နှစ်ခွဲအတွင်းမှာ ကလေး၊ ကလေးဝဒေသက လျှပ်စစ်မီး ရသွားပါမယ်" ဟု ပြည်ထောင်စု လျှပ်စစ်ဝန်ကြီးက ပြောသည်။

"ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံကို ကလေးတစ်ခုတည်းတည်မှာမဟုတ်ပါဘူး။ ဧရာဝတီတိုင်းဒေသကြီးမှာလည်း မဂ္ဂါဝပ် ၅၀၀ ကနေ ၁၀၀၀ ကြားတည်ပါမယ်။ ရန်ကုန် သီလဝါမှာလည်း မဂ္ဂါဝပ် ၃၀၀ ခန့် တည်ပါမယ်။ တနင်္သာရီတိုင်းဒေသကြီးမှာလည်း တည်ပါမယ်။ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတွေကို နည်းပညာအဆင့်မြင့်တဲ့နည်းကို သုံးမှာဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှာဆို ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံက ယိုကိုဟားမားမြို့ အလယ်ကောင်မှာ ရှိပါတယ်။ နည်းပညာ မြင့်တဲ့အတွက်ကြောင့် သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်ဘူး။ ခေါင်းတိုင်ကလည်း ရေငွေ့လောက်ပဲထွက်တယ်။ ပတ်ဝန်းကျင်ကိုထိခိုက်မယ့် ပြာတွေဆိုလည်း အောက်ကိုပဲပြန်ဆင်းလာတယ်။ ဆာလဖာဒိုင်အောက်ဆိုက်ကလည်း အောက်မှာပဲပြန်ဆင်းလာတယ်။ အဲဒီလောက်အဆင့်အထိ နည်းပညာမြင့်တဲ့အဆင့်အထိ ရောက်လာတယ်။ ဒီမှာလုပ်မဲ့ဟာကိုလည်း နည်းပညာမြင့်တဲ့ဟာကိုပဲ လက်ခံမှာ ဖြစ်ပါတယ်။ နည်းပညာမမြင့်တဲ့ဟာကို လက်ခံမှာမဟုတ်ပါဘူး"ဟု ဝန်ကြီးက ဆက်လက်ရှင်းပြဆွေးနွေးသွားသည်။

ကလေးဝတွင် ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရန်ကို ယခင်နှစ်က ထွန်းသွင်ကုမ္ပဏီနှင့်စင်ကာပူနိုင်ငံမှပညာရှင်တို့ ကလေးမြို့ နေရဥ္စရာခန်းမတွင် ပြည်သူလူထုနှင့်တွေ့ဆုံကာ ဆွေးနွေးခဲ့ဖူးကြောင်း သိရသည်။ **သျှင်နေမင်း**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မြေပုံနှင့်ပေါက်တော၌ ဒေသခံများနှင့်တွေ့ဆုံ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်သူများပူးပေါင်းပါဝင်ရေး ရှင်းလင်းဆွေးနွေး

စစ်တွေ ဩဂုတ် ၃

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးကိုကိုနိုင်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်လင်းဒွေးတို့နှင့်အတူ ဩဂုတ် ၁ ရက် နံနက်ပိုင်းက စစ်တွေမြို့မှ မြေပုံမြို့သို့ရောက်ရှိပြီး မြေပုံမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိ မြို့ဖများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားခဲ့သည်။

ထို့နောက် မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများ၊ မြို့မိမြို့ဖများက မြို့နယ်ဒေသဖွံ့ဖြိုးရေး အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြသည်။

ယင်းနောက် မွန်းလွဲ ၁ နာရီခွဲတွင် ပေါက်တောမြို့သို့ရောက်ရှိပြီး ပေါက်တောမြို့ ဆိပ်ခံတံတားကြံ့ခိုင်မှု အခြေအနေအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ညနေပိုင်းတွင် ပေါက်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံရာ တက်ရောက်သူများက မြို့နယ်၏ဒေသဖွံ့ဖြိုးရေးအခြေအနေများနှင့် လိုအပ်ချက်များကိုတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မြေပုံမြို့နယ်နှင့် ပေါက်တောမြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့် ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်တိုင်းရင်းသားများ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသခံတိုင်းရင်းသားများ၏ အကျိုးအတွက် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် UN, INGOs အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့်အခြေအနေ၊ ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှုအထောက်အပံ့အကူအညီပေးရေးနှင့် Development Plan ရေးဆွဲပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိနေပြီဖြစ်ရာ ပြည်သူလူထုက ပြည်နယ်အစိုးရနှင့် လက်တွဲပြီး နိုင်ငံတကာအဖွဲ့အစည်းများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားရမည့်အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(ပြည်နယ်ပြန်/ဆက်)

ဝန်မြစ်ရေ ငါးသိုင်းချောင်းမြို့ စိုးရိမ်ရေမှတ်အထက်ရှိနေ

နေပြည်တော် ဩဂုတ် ၃

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယနေ့နံနက် ၅ နာရီခွဲအချိန်မှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၈ စင်တီမီတာ (၀. ၃ပေခန့်) ကျော်လွန်နေကာ ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

သက်တူဆင့်တူ ကျန်းမာရေးပညာပေးစကားဝိုင်းကျင်းပ

ဇေယျာသီရိ ဩဂုတ် ၃

ဇေယျာသီရိမြို့နယ် စည်ပင်ကြီးကျေးရွာအုပ်စု ရွာသစ်ကြီး(အမက)ကျောင်းတွင် နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နှင့် နေပြည်တော်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော သက်တူဆင့်တူကျန်းမာရေး ပညာပေးစကားဝိုင်းကို ဇူလိုင် ၃၀ ရက်က ကျင်းပခဲ့ရာ နေပြည်တော်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်လှလှကြည်က ဆွေးနွေးပွဲ တက်ရောက်လာသူ သက်ကြီးကိုယ်ဝန်ဆောင်နှစ်ဦးအား အခမဲ့သားကြောဖြတ်ရန်အတွက် လိုအပ်သည်များဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးသိကောင်းစရာများ ဟောပြောကာ၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးက သက်ကြီးဘိုးဘွားများအား အားဆေးနှင့် မုန့်များကိုလည်းကောင်း၊ မြို့နယ် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်လှလှဝင်းက ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆားနှင့် ကြက်ဥများ ဝေငှခဲ့ပြီး ငါးနှစ်အောက်ကလေးမိခင်နှစ်ဦးအား မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရှိ မေတ္တာစမ်းရေဆေးခန်းသို့ ညွှန်းပို့ရန် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ စီစဉ်ခဲ့သည်။ **မင်းမင်းလတ်(ရှုပဗေဒ)**

ဆင်ပေါင်ဝဲမြို့နယ်တွင် ဧရာဝတီမြစ်အတွင်း ရေဆင်းချိုးရာမှ လက်ပစ်ဗုံးတစ်လုံးတွေ့ရှိ

ဆင်ပေါင်ဝဲ ဩဂုတ် ၃

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့ အမှတ် (၉၁) ရပ်ကွက်နေ မောင်ညီညီထွေးသည် ဩဂုတ် ၁ ရက် ညနေ ၄ နာရီခွဲက ဆိုင်အနောက်ဘက်ရှိ ဧရာဝတီမြစ်အတွင်းသို့ ရေဆင်းချိုးစဉ် ဧရာဝတီမြစ်ကမ်းစပ်တွင် မိုင်းဟုယူဆရသည့် ပုလင်းပုံသဏ္ဍာန်တစ်ခု တွေ့ရှိခဲ့သဖြင့် သက်ဆိုင်ရာသို့အကြောင်းကြားခဲ့သည်။

အဆိုပါ တွေ့ရှိရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်၊ မြို့နယ်ရဲမှူး ရဲမှူးမော်မော်၊ ဆင်ပေါင်ဝဲမြို့မရဲစခန်းမှူး ဒုရဲမှူး ဝင်းရွှေတို့ရောက်ရှိစစ်ဆေးခဲ့ရာ ပုလင်းပုံသဏ္ဍာန် အမြင့် ၅ ဒသမ ၅ လက်မ၊ အောက်ပိုင်းလုံးပတ် နှစ်လက်မ၊ အောက်ပိုင်းအမြင့် ၂ ဒသမ ၅ လက်မ၊ အပေါ်ပိုင်းလုံးပတ်တစ်လက်မ၊ အပေါ်ပိုင်းအမြင့်သုံးလက်မ၊ အစိမ်းရောင်ကော်ဖုံးပါ စစ်အစိမ်းရောင်ဆေးသုတ်ထားသော သတ္တုကိုယ်ထည်ပေါ်တွင် (M 16) စာတန်းပါ ပုလင်းပုံသဏ္ဍာန်တစ်ခုကို တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ပစ္စည်းကို မကွေးမြို့နယ်မြေခံ အင်ဂျင်နီယာတပ်မှ တပ်ကြပ်ကြီး အေးမြင့်နှင့် ဒုတပ်ကြပ် သက်ဝင်းမောင်တို့၏ စစ်ဆေးချက်အရ တရုတ်နိုင်ငံလုပ် လက်ပစ်ဗုံး (အသုံးပြုရ)ဖြစ်ကြောင်း သိရပြီး အဆိုပါဗုံးသီးအား တပ်ကြပ်ကြီး အေးမြင့်ထံ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

ကျော်ဇေယျ

CLAIMS DAY NOTICE

M.V MALACCA HIGHWAY VOY:NO(175S)

Consignees of cargo carried by M.V MALACCA HIGHWAY VOY: NO (175S) are here by notified that the vessel will arrive on about 6-8-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက်လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျွန်တော်နဲ့ ဉာဏ်ရည်ထက်မြက်မှု

■ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

လူတစ်ယောက်ရဲ့ ဉာဏ်ရည်ထက်မြက်မှုကို သာမန်အားဖြင့် (IQ)နဲ့ တိုင်းထွာလေ့ရှိပါတယ်။ အပြည့်အစုံကတော့ Intelligence Quotient (IQ)ဖြစ်တယ်။ လူတစ်ဦးရဲ့ ဉာဏ်ရည်ထက်မြက်မှုကို စနစ်တကျ တိုင်းထွာပြီး ရလာတဲ့အဖြေ Quotient ကို ရည်ညွှန်းပြီး သတ်မှတ်ထားတာ ဖြစ်ပါတယ်။

လွယ်လွယ်ပြောရရင် ဉာဏ်ရည်ထက်မြက်သူကို တော်တဲ့သူလို့ သတ်မှတ်ကြတယ်။ IQ မြင့်တဲ့သူဟာ တော်တယ်။ IQ နိမ့်တဲ့သူဟာ ညံ့တယ်လို့ပဲ ယူဆကြတယ်။ နိုင်ငံခြားမှာတော့ IQ ကို စနစ်တကျတိုင်းထွာမှုတွေ လုပ်ကြတယ်။ မြန်မာပြည်မှာတော့ ကျွန်တော်သိသလောက် စနစ်တကျ လုပ်ထားတာမရှိဘူး။ လူတစ်ဦးတစ်ယောက်ရဲ့ IQ ဟာ ပျမ်းမျှခြင်း ၈၀ နဲ့ ၁၂၀ အကြား ရှိကြတယ်။ ၁၂၀ ထက်များရင် သိပ်ထူးချွန်တယ်လို့ သတ်မှတ်ပြီး ၈၀ ထက်နည်းရင်တော့ ဉာဏ်ရည်နိမ့်တယ်လို့ ပြောလေ့ရှိကြတယ်။ IQ ဟာ ဗီဇအပေါ် အခြေခံတယ်။ တစ်နည်းပြောရရင် မိဘမျိုးရိုးအပေါ် မူတည်ပါတယ်။

IQ ဖွံ့ဖြိုးမှုဟာ မွေးတဲ့အချိန်ကအစပြုပြီး အသက် ၁၁ နှစ်နဲ့ ၁၂ နှစ်မှာ မြင့်တက်လာပြီး နောက်ပိုင်းမှာတိုးတက်မှုမရှိတော့တာ တွေ့ရပါတယ်။ တစ်နည်းပြောရင် IQ ဟာ မွေးရာပါအရည်အချင်းတစ်ရပ် ဖြစ်ပါတယ်။

IQ ကို တစ်ဖက်က Mental Intelligence ဉာဏ်ရည်ထက်မြက်မှုလို့ ဆိုကြတယ်။ သမားရိုးကျ ပညာရေးစနစ်ဟာ IQ ကိုသာ အာရုံစိုက်တာ တွေ့ရတယ်။ ကျောင်းစာမှာတော်ဖို့ မိဘတွေရော၊ ဆရာ၊ ဆရာမတွေပါ တိုက်တွန်းတယ်။ စာတော်ခြင်းတစ်ခုတည်းကိုသာ အလေးထားကြတယ်။ ဒါကြောင့်လည်း အားကစားမလုပ်ဖို့၊ အနုပညာ မလိုက်စားဖို့၊ ပေါင်းသင်းဆက်ဆံမှုမှာ အာရုံမရှိဖို့ တိုက်တွန်းပြီး စာတော်ခြင်းဆိုတဲ့ တစ်လမ်းသွား ဖွံ့ဖြိုးမှုကို အားပေးခဲ့ကြတယ်။

အခုခေတ်မှာတော့ ဉာဏ်ရည်ထက်မြက်မှု ငါးမျိုးရှိတယ်လို့ လက်ခံလာကြတယ်။ လူတစ်ယောက်ဟာ အောင်မြင်တဲ့သူဖြစ်ဖို့ ဒီဉာဏ်ရည်ထက်မြက်မှုငါးမျိုးကို ပြုစုဖို့လိုအပ်တယ်လို့ လက်ခံလာခဲ့တယ်။

ပထမဆုံး ဉာဏ်ရည်ထက်မြက်မှုကတော့ Physical Intelligence (PQ)ဖြစ်ပါတယ်။ ရုတ်တရက်ကြည့်ရင် (PI)ဖြစ်သင့်တယ်လို့ ထင်ကြမှာပါပဲ။ ဒါပေမယ့်စောစောက ကျွန်တော်တင်ပြခဲ့သလို Quotient ဆိုတဲ့ရလဒ်အဖြေကို ရည်ညွှန်းတာပါ။ PQ က အမှန်တော့ ကျန်းမာရေးနဲ့ဆိုင်တယ်။ လူတစ်ယောက်ဟာ ကျန်းမာဖို့လိုအပ်တယ်။ မကျန်းမာရင် ကျန်တာဘာမျှ လုပ်လို့ရမှာ မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော်က လူငယ်တွေအနေနဲ့ PQ ကို အာရုံစိုက်စေချင်တယ်။ မိဘတွေအတွက်လည်း စဉ်းစားသင့်ပါတယ်။ ကလေးတွေကို အားကစားလုပ်ဖို့ အားပေးရမယ်။ ကျောင်းတွေမှာလည်း အားကစားကို ထိထိရောက်ရောက်လုပ်ပေးနိုင်ဖို့ အရေးကြီးလှပါတယ်။

တစ်ချိန်တုန်းက အားကစားကို အားမပေးခဲ့ဘူး။ မလိုအပ်တဲ့ စိုးရိမ်မှုတွေကြောင့် အားကစားလုပ်တာတွေကို အဟန့်အတားပြုခဲ့တယ်။ ဒါကြောင့် ကျွန်တော်ကတော့ လူငယ်တွေအတွက် အားကစားမြှင့်တင်မှုကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်ရမယ်။ တစ်ခါက ကျွန်တော်တင်ပြခဲ့သလို အားကစားလုပ်ခြင်းဟာ ကာယဖွံ့ဖြိုးမှုသာမက ပြိုင်ဘက်ကို လေးစားမှု၊ အရှုံးအနိုင်ကို မှန်ကန်တဲ့ တုံ့ပြန်နိုင်မှု၊ နားလည်မှု စတဲ့ အကျိုးတရားတွေဟာ ရေတွက်လို့မရနိုင်ပါဘူး။ အားကစားလို့ပြောတဲ့နေရာမှာလည်း ငွေကုန်ကြေးကျများတဲ့ အားကစားမျိုးကိုသာမဟုတ်ဘဲ လူတိုင်းလက်လှမ်းမီတဲ့ အားကစားတွေ အများကြီးရှိပါတယ်။ ဒုတိယဉာဏ်ရည်ထက်မြက်မှုက စောစောက အသေးစိတ်တင်ပြပြီးဖြစ်တဲ့ Mental Intelligence (IQ) ဖြစ်ပါတယ်။

တတိယဉာဏ်ရည်ထက်မြက်မှုက Emotional Intelligence (EQ) ဖြစ်ပါတယ်။ EQ က မိမိအကြောင်း၊ မိမိရဲ့ခံစားမှု၊ မိမိရဲ့စိတ်ကို သိသလို မိမိနဲ့ ထိတွေ့ဆက်ဆံနေတဲ့သူတွေအကြောင်းကိုလည်း သိအောင်ကြိုးစားနိုင်ခြင်းဖြစ်ပါတယ်။ EQ မြင့်မားတဲ့သူဟာ ကိုယ်ချင်းစာစိတ်ရှိတဲ့သူ ဖြစ်ပါတယ်။ အကောင်းဆုံးသာဓကက ဆရာကြီး Gandhi ဖြစ်ပါတယ်။ သူက သူ့ရဲ့တပည့်တွေနဲ့အတူ ဘူတာရုံတစ်ခုက ထွက်တော့မယ့်ရထားကို အမီလိုက်ရင်း စီးလာတဲ့ဖိနပ်တစ်ဖက် ကျွတ်ကျခဲ့တယ်။ ဖိနပ်ကျွတ်တာကို သိသိချင်း ဆရာကြီးက ကျန်တဲ့တစ်ဖက်ကိုယူပြီး ကျသွားတဲ့ဖိနပ်နဲ့ အနီးဆုံးရောက်အောင် ပစ်လိုက်တယ်။ သူ့ရဲ့လုပ်ရပ်ကို တပည့်တွေက ဘာကြောင့်ဒီလိုလုပ်လိုက်တာလဲလို့ပြောတော့ အခုဆိုရင် ကောက်ရတဲ့သူက ဖိနပ်တစ်ရန် အပြည့်ရပြီလို့ ပြန်ပြောခဲ့တယ်။ IQ မြင့်မားတဲ့သူတွေတိုင်း EQ မမြင့်ကြပါဘူး။ IQ မြင့်ပေမယ့် EQ နိမ့်တဲ့သူတွေ အများကြီးရှိတာတွေ့ရတယ်။ မိမိရဲ့ခံစားမှုတွေသာ ရှေ့တန်းတင်ပြီး တစ်ဖက်သားရဲ့အကြောင်း ထည့်မတွက်တတ်တဲ့သူတွေ အများကြီးရှိနေတာ ဝမ်းနည်းစရာတွေ့ရပါတယ်။

တစ်ခုတော့ရှိပါတယ်။ IQ ဟာမွေးရာပါဖြစ်ပေမယ့် EQ ကတော့ ပြုစုလို့ရတဲ့ အရည်အချင်းတစ်ရပ်ဖြစ်တယ်။ ဘဝမှာအောင်မြင်ဖို့ IQ တစ်ခုတည်း အားကိုးလို့မဖြစ်ဘူး။ EQ ရှိမှ ပြည့်စုံမှာ။ တစ်ဖက်ကတော့ EQ သာရှိပြီး IQ နိမ့်နေရင်လည်း အဆင်မပြေပြန်ဘူး။

စတုတ္ထဉာဏ်ရည်ထက်မြက်မှုက ယုံကြည်ကိုးကွယ်မှုနဲ့ ပတ်သက်ပါတယ်။ တစ်နည်းပြောရရင် Spiritual Intelligence (SQ) ဖြစ်တယ်။ အခုအချိန်မှာ ကျွန်တော်တို့နိုင်ငံမှာ SQ အထူးလိုအပ်နေတယ်လို့ ကျွန်တော်ထင်တယ်။ ယုံကြည်ကိုးကွယ်မှုဟာ မိမိတစ်ဦးချင်းနဲ့ဆိုင်တယ်။

မိမိရဲ့ယုံကြည်ကိုးကွယ်မှုကို မြတ်နိုးဖို့လိုအပ်သလို တစ်ဖက်သားရဲ့ ယုံကြည်ကိုးကွယ်မှုကို လေးစားဖို့လိုတယ်။ ယုံကြည်ကိုးကွယ်မှုဆိုတာဟာ အင်မတန်မှ သိမ်မွေ့တဲ့၊ လေးနက်တဲ့အရာတစ်ခုဖြစ်တယ်။ ကျွန်တော်ဟာ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ပါတယ်။ ရှင်တော်ဗုဒ္ဓရဲ့ သွန်သင်ဆုံးမမှုတွေကို ယုံယုံကြည်ကြည်နဲ့ လိုက်နာကျင့်သုံးနေသလို အခြားဘာသာဝင်တစ်ဦးရဲ့ ယုံကြည်ကိုးကွယ်မှုကိုလည်း အသိအမှတ်ပြုရမယ်။

မိမိဘာသာကောင်းတယ်။ တခြားဘာသာမကောင်းဘူးဆိုတဲ့ အတွေးအခေါ်တွေ မရှိသင့်ဘူး။ အစွန်းတရားတွေကို ရှောင်ရှားဖို့ သိပ်လိုအပ်နေပါတယ်။ အခုလိုပြောတာကို လက်မခံတဲ့သူတွေရှိမှာ သေချာပါတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ မြင့်မြတ်တဲ့အတွေးအခေါ်၊ အယူအဆတွေ လူတွေမှာရှိကြတယ်။ ရှိနိုင်တယ်လို့ ယူဆမိပါတယ်။

နောက်ဆုံး ဉာဏ်ရည်ထက်မြက်မှုက မျက်မှောက်ခေတ် (၂၁)ရာစုမှာ ပိုပြီးအရေးကြီးလာတာတွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲမှုတွေကြောင့် ကမ္ဘာကြီးနဲ့ ထိတွေ့ဆက်ဆံလာကြတယ်။ ပူးပေါင်းဆက်ဆံမှုဆိုတာကို လက်ခံလာကြတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကြောင့် နိုင်ငံခြားသားတွေပိုင်ဆိုင်တဲ့လုပ်ငန်းတွေ မြန်မာပြည်မှာ တည်ထောင်လာကြတယ်။ အခုလို လုပ်ငန်းတွေလုပ်ဖို့စီစဉ်တဲ့အခါ မြန်မာတိုင်းရင်းသားတွေကို ရှာဖွေကြတယ်။ အကူအညီတောင်းကြတယ်။ ဒီလိုပဲ မြန်မာပိုင်ကုမ္ပဏီတွေကလည်း နိုင်ငံခြားသားဝန်ထမ်းတွေကို ရွေးချယ်ခန့်ထားလာတာ တွေ့တယ်။ အခုလိုဆောင်ရွက်တာက နိုင်ငံခြားတိုင်းပြည်တွေရဲ့ အခြေအနေကို သိအောင်ရယ်၊ ပြည်တွင်းအခြေအနေတွေ နားလည်သဘောပေါက်အောင် Cultural Intelligence (CQ)လို့ခေါ်တဲ့ ယဉ်ကျေးမှုနဲ့ပတ်သက်တဲ့ ဉာဏ်ရည်ထက်မြက်မှုကို ပြုစုဖို့ဆိုတာပဲဖြစ်ပါတယ်။

IQ ဟာ မွေးရာပါဖြစ်ပေမယ့် EQ ကတော့ ပြုစုလို့ရတဲ့ အရည်အချင်းတစ်ရပ်ဖြစ်တယ်။ ဘဝမှာအောင်မြင်ဖို့ IQ တစ်ခုတည်း အားကိုးလို့မဖြစ်ဘူး။ EQ ရှိမှ ပြည့်စုံမှာ။ တစ်ဖက်ကတော့ EQ သာရှိပြီး IQ နိမ့်နေရင်လည်း အဆင်မပြေပြန်ဘူး။

ယဉ်ကျေးမှုမတူတဲ့သူတွေနဲ့ ဆက်ဆံတဲ့အခါ (CQ)ဟာ အလွန်အရေးကြီးပါတယ်။ (CQ) မြင့်မားတဲ့သူဟာ မိမိရဲ့ယဉ်ကျေးမှုကိုမြတ်နိုးသလို တစ်ဖက်သားရဲ့ ယဉ်ကျေးမှုကိုလည်း လေးစားဖို့လိုတယ်။ လက်နဲ့ထမင်းစားတဲ့ ကျွန်တော်တို့ မြန်မာတွေအနေနဲ့ တူနဲ့စားတဲ့ တရုတ်လူမျိုး၊ ဇွန်း၊ ခရင်းသုံးတဲ့ အနောက်တိုင်းသားတွေရဲ့ အလေ့အထကို ဂရုစိုက်ရမယ်။ (CQ) မြင့်မားတဲ့သူဟာ ယဉ်ကျေးမှုမတူတဲ့ အခြေအနေမှာ လိုက်လျောညီထွေစွာ လှုပ်ရှားနိုင်သူဖြစ်တယ်။ ဝင်ဆံ့တယ်။ နားလည်တယ်။ အသိအမှတ်ပြုတယ်။

ဉာဏ်ရည်ထက်မြက်မှုတစ်ရပ်ကို အကျဉ်းချုံးတင်ပြရရင် PQ,IQ,EQ, SQ နဲ့ CQ တို့ဖြစ်တယ်။ ဒီဉာဏ်ရည်ထက်မြက်မှုငါးခုဟာ လူတစ်ယောက်အတွက် အလွန်အရေးပါလှပါတယ်။ PQ မြင့်မားမှုဟာ အသက်ရှင်သန်ရေးနဲ့ပတ်သက်ပြီး IQ ဟာ သင်ယူ၊ ခံယူမှုနဲ့ဆိုင်ပါတယ်။ EQကတော့ မေတ္တာတရားနဲ့ဆိုင်ပြီး SQ ကတော့ လူတစ်ဦးရဲ့လေးနက်တဲ့ အမြွေအနှစ်နဲ့ ဆိုင်တယ်။ CQ ကတော့ မတူညီမှုကို အားယူနိုင်တဲ့ အားပဲဖြစ်ပါတယ်။

ကျွန်တော်ကတော့ အခွင့်အရေးရတိုင်း လူငယ်တွေရဲ့ ကိုယ်ရည်ကိုယ်သွေးမြင့်မားစေလိုတယ်။ အောင်မြင်တဲ့သူတွေ ဖြစ်စေချင်တယ်။ ဒါကြောင့်လည်း အခွင့်အရေးရတိုင်း ဟောပြောပွဲတွေလုပ်ပေးခဲ့၊ စာတွေရေးခဲ့တယ်။ အမှန်တော့ လူငယ်တွေသာမက လူလတ်၊ လူကြီးအားလုံး ဉာဏ်ရည်ထက်မြက်မှု ငါးရပ်ကို ပြည့်စုံနိုင်ပါစေလို့ ဆန္ဒပြုအပ်ပါတယ်။

သီပေါ ဩဂုတ် ၃

မြတ်မွန်စေတနာ(နာရေး) လူမှုရေးအသင်းသို့ လှုပ်စစ်(အအေး) ခေါင်းတလားနှစ်လုံးလှူဒါန်း

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ မြတ်မွန်စေတနာ(နာရေး) လူမှုရေးအသင်းသို့ လျှပ်စစ် (အအေး) ခေါင်းတလားနှစ်လုံး ပေးအပ်လှူဒါန်းခြင်းကို ဩဂုတ် ၁ ရက် နံနက် ၁၁ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအောင်ခင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အလှူရှင်နဝရတ်ဧည့်ရိပ်မွန်မှ ဦးစိုင်းအိုက်တူးက မိခင်ကြီး ဒေါ်ကြာပုအား ရည်စူး၍ တန်ဖိုးငွေကျပ် ၃၄ သိန်းရှိ လျှပ်စစ် (အအေး) ခေါင်းတလား နှစ်လုံးကို အသင်းနာယက ဦးစိုင်းလွန်းသာနှင့် ဥက္ကဋ္ဌ ဦးအောင်ခင်တို့အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

စာအုပ်သတင်း

စာပေဗိမာန်စာမူဆု တတိယဆုရစာအုပ်များ ဖြန့်ချိရောင်းချပေးလျက်ရှိ



စာပေဗိမာန် စာမူဆုပြိုင်ပွဲတွင် တတိယဆုရရှိသော စာမူများကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ထုတ်ဝေဖြန့်ချိရောင်းချပေးလျက်ရှိသည်။

အဆိုပါစာအုပ်များမှာ ၂၀၁၀ ခုနှစ် စာပေဗိမာန်စာမူဆု ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ ကိုနိုင်း(ချင်းတောင်)၏ တောင်တန်းရင်ခွင်ဝတ္ထုများ(ရောင်းဈေး-၈၅၀ကျပ်)၊ ၂၀၁၀ ခုနှစ် စာပေဗိမာန်စာမူဆု ကလေးစာပေတတိယဆုရ ဇာနည်၏ ဆည်းလည်းသံချိုကလေးကဗျာများ (ရောင်းဈေး-၇၀၀ကျပ်)၊ ၂၀၁၀ခုနှစ် စာပေဗိမာန်စာမူဆုဝတ္ထုရှည် တတိယဆုရ နှင်းစက်(လားရှိုး)၏ နေမင်းနှင့်စီးချင်းထိုးကြသူများ (ရောင်းဈေး- ၁၀၀၀ကျပ်)၊ ၂၀၁၁ ခုနှစ် စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ် တတိယဆုရ ဇော်မျိုးဟန် (ငါးသိုင်းချောင်း)၏ ပန်းပုလဲသီသွယ်ကဗျာများ(ရောင်းဈေး-၁၀၀၀ကျပ်)၊ ၂၀၁၁ ခုနှစ် စာပေဗိမာန်စာမူဆု လူငယ်စာပေတတိယဆုရ သွဲ့ထားညို (သက္ကလ)၏ ဆောင်းခိုငှက်တို့ နားခိုရာ (ရောင်းဈေး-၆၀၀ကျပ်)၊ ၂၀၁၁ခုနှစ် စာပေဗိမာန်စာမူဆု စာပဒေသာစာပေ တတိယဆုရ မောင်သင်းလှိုင်၏ ဆွမ်းတန်း (ရောင်းဈေး-၈၅၀ကျပ်)၊ ၂၀၁၁ခုနှစ် စာပေဗိမာန်စာမူဆု ကလေးစာပေ တတိယဆုရ

ကန့်ဘလူ ခင်မောင်ဆွေ၏ မှတ်သားစရာရတနာကလေးကဗျာများ (ရောင်းဈေး-၈၀၀ကျပ်)၊ ၂၀၁၁ ခုနှစ် စာပေ ဗိမာန်စာမူဆု ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ နန်းမိုးစောအောင်၏ ရင်နှင့်လွယ်သည်နှင့် အခြားဝတ္ထုတိုများ (ရောင်းဈေး-၇၅၀ကျပ်)တို့ဖြစ်သည်။

အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် ၂၄၅-၂၄၇ အနော်ရထာလမ်းနှင့် ၉လမ်းထောင့်၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်အမှတ် တ-၅၅ ၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၄၁၄၆၈၁၊ ၈၆လမ်း၊ ၂၁ လမ်းနှင့် ၂၂လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း၀၂-၃၀၁၈၆နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

ဒေါက်တာဝင်းမောင်ထက်၏ အင်္ဂလိပ်စကား ပြောတတ်အောင်လုပ်နည်း စာအုပ်ထွက်ရှိ

စာရေးသူဒေါက်တာ ဝင်းမောင်ထက်၏ အဓိကစကားနှစ်ခွန်းဖြင့် အင်္ဂလိပ်စကားပြောတတ်အောင်လုပ်နည်းစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

စာရေးသူက မြန်မာပြည်တွင်သာမက ကမ္ဘာ့တက္ကသိုလ်၊ ကောလိပ်ကြီးများ၊ ကမ္ဘာ့အင်္ဂလိပ်စာတမ်းကျမ်းများမှာပင် သင်ကြားခြင်း၊ ထုတ်ဝေခြင်း၊ အလျဉ်းမပြုနိုင်သေးသော နောက်ဆုံးပေါ် အင်္ဂလိပ်စကားပြောဆိုင်ရာ အကောင်းဆုံးနှင့်အဦးဆုံး လက်တွေ့သုတေသနကျမ်းစာအုပ်ဟု အမည်သညာပြုထားသည်။

ယင်းစာအုပ်ကို သက္ကဝတီစာပေအမှတ် ၁၃၈/၁၄၀ ပထမထပ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ တန်းဖိုး ငွေကျပ် ၃၅၀၀ ဖြင့်ဖြန့်ချိလိုက်သည်။ ဆက်သွယ်ဝယ်ယူလိုပါက ဖုန်း ၀၉-၇၃၁၂၅၀၆၇ နှင့် ၀၉-၇၃၁၄၀၉၃၆ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြသည်။

စံထားရမည့် အင်္ဂလိပ်-မြန်မာ အိတ်ဆောင် အဘိဓာန်စာအုပ်ထွက်ရှိ



မောင်မောင်အေး (The New Light Of Myanmar)ပြုစုသည့် အင်္ဂလိပ်-မြန်မာအဘိဓာန် (Standard English Myanmar mini Dictionary)စာအုပ်သည် စာမျက်နှာနည်းနည်း၊ တန်ဖိုးလည်းမများဘဲ အင်္ဂလိပ်စာနှင့် ထိတွေ့နေရသူများ၊ ဘာသာပြန်ဆရာများအတွက် အထောက်အကူရစေမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ စာရေးသူသည် အဆိုပါစာအုပ်ကို ကောင်းသည်ထက်ကောင်း၊ စုံသည်ထက် စုံလင်စေချင်သည့် စေတနာဖြင့် ဝါယမစိုက်ထုတ်ပြုစုထားသဖြင့် လေ့လာသူများအဖို့ အကျိုးထူးစေမည့် စာအုပ်ဖြစ်သည်။

စာအုပ်ကို အမှတ်(၅) ရတနာသိခ်လမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၃၀၉၇၇မှ တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ ဖြင့် ထုတ်ဝေဖြန့်ချိကြောင်း သိရသည်။

ပြည်တွင်းသတင်း

ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား မြဝတီမြို့တွင် ကျင်းပ

မြဝတီ ဩဂုတ် ၃

ကရင်တိုင်းရင်းသားများ မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းလျက်ရှိသည့် ရိုးရာဓလေ့များအနက်မှ လက်ချည်မင်္ဂလာ(ခေါ်) ချည်ဖြူဖွဲ့မင်္ဂလာ

အခမ်းအနားကို ဩဂုတ် ၃ ရက် နံနက် ၈ နာရီက မြဝတီမြို့နယ် ကရင်စာပေနှင့်ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်းရုံး၌ ကျင်းပသည်။

အဆိုပါ ချည်ဖြူဖွဲ့ မင်္ဂလာပွဲ အခမ်းအနားကို ဝါခေါင်လရောက်လျှင် ကွဲကွာနေသည့် ဆွေမျိုးသားချင်းများ၊ မိသားစုများ ပြန်လည်ဆုံတွေ့စုစည်းရန်၊ အချင်းချင်း ချစ်ကြည်သွေးစည်းခိုင်မာပြီး တစ်ဦးကိုတစ်ဦးက ကူညီထောက်ပံ့ကာ အေးအေးချမ်းချမ်းနေထိုင်နိုင်ကြစေရန်၊ လူငယ်လူရွယ်များ လူကြီးမိဘများက ဆိုဆုံးမမှုများကို ယင်းနေ့ရက်အခါသမယတွင် ပြောဆိုဆုံးမရန်၊ မိစ္ဆာကောင်၊ အယုတ်တမာကောင်များ သွေးဆောင်၊ သွေးခွဲရာသို့ နားမယောင်ကြရန်၊ အယုံမလွယ်ကြရန်၊ မိမိတို့ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် စသည့်ရည်ရွယ်ချက်များနှင့် ကျင်းပခြင်းဖြစ်ကြောင်း ကရင်စာပေနှင့်ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်း နာယက အခမ်းအနားသဘာပတိ ဦးမန်းဘုန်းကြွယ်က ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ချည်ဖြူဖွဲ့မင်္ဂလာအကြောင်းကို အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမ ဒေါ်နန်းစန်းစန်းအေးက ကရင်(ပိုး)ဘာသာဖြင့်လည်းကောင်း၊ မြို့နယ်စာပေနှင့် ယဉ်ကျေးမှုတိုးတက်ပြန့်ပွားရေး အသင်းမှ ဦးစောဖံသာက ကရင်(စကော)ဘာသာဖြင့်လည်းကောင်း၊ ချည်ဖြူဖွဲ့ဆုတောင်းခြင်း၊ ရွတ်ဖတ်ခြင်းကို ဦးစောအောင်ဝင်းက လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများ၊ ရိုးရိုးအောင်မြင်သူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး **(အပေါ်ဝဲပုံ)** အခမ်းအနား ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီပံ့ပိုးသူများအား အခမ်းအနားကျင်းပရေးကော်မတီမှ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့သည်။

ယင်းနောက် အဘိုး ခုနစ်ဦး၊ အဘွား ခုနစ်ဦးတို့က ကရင်ရိုးရာ ထုံးတမ်းဓလေ့များနှင့်အညီ တက်ရောက်လာသည့် ပရိသတ်များအား ချည်ဖြူဖွဲ့မင်္ဂလာ ကျင်းပပြုလုပ်ပေးခဲ့ပြီး ယဉ်ကျေးမှုအဖွဲ့များက အဆိုအကများဖြင့် ဧည့်ခံဖျော်ဖြေသည်။

ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာကို ကရင်(ပိုး)ဘာသာဖြင့် (ခိုင်စူး)၊ ကရင်(စကော)ဘာသာဖြင့် (ကီစူး)ဟု ခေါ်ဆိုပြီး အဓိပ္ပာယ်မှာ လက်ကိုရစ်ပတ်ချည်နှောင်ခြင်းဖြစ်သည်။ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာကို ယေဘုယျအားဖြင့် သုံးမျိုးသုံးစားရှိကြောင်း အချိန်အခါ နေရာဒေသကိုလိုက်ပြီး ကျင်းပပြုလုပ်ကြကြောင်း၊ ယင်းသုံးမျိုးမှာ လိပ်ပြာချည်ဖြူဖွဲ့ခြင်းမင်္ဂလာ (လာဂါခိုင်စူး)၊ ထိမ်းမြားမင်္ဂလာချည်ဖြူဖွဲ့ခြင်း (အောင်းမောက်ခိုင်စူး)၊ ဝါခေါင်လချည်ဖြူဖွဲ့ခြင်းမင်္ဂလာ (လာခေါင်ခိုင်စူး)တို့ ဖြစ်ကြောင်း သိရသည်။

ဝေယံလင်း(iprd)

မြန်မာ-ဂျပန်အသင်းပညာရည်ထူးချွန်ဆုရရှိသူများ ဂျပန်နိုင်ငံသို့ လေ့လာခရီးသွားရောက်မည်

ရန်ကုန် ဩဂုတ် ၃

မြန်မာ-ဂျပန်အသင်း (MJA)က ဦးစီး၍ ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအနက် ၂၀ အားရွေးချယ်ပြီးဖြစ်၍ "မြန်မာ-ဂျပန်အသင်း ပညာရည် ထူးချွန်ဆု ဂျပန်နိုင်ငံလေ့လာရေး ခရီးအစီအစဉ် -၂၀၁၄" အဖြစ် ၂၀၁၄ ခုနှစ် စက်တင်ဘာလဆန်းတွင် ဂျပန်နိုင်ငံသို့ ခုနစ်ညအိပ် ရှစ်ရက်လေ့လာရေးခရီးကို စေလွှတ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုအစီအစဉ်အတွက် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သတ်မှတ်ထားသည့် အဆင့်ဝင်သိပ္ပံဘာသာတွဲမှ ၈၀ နှင့် ဝိဇ္ဇာဘာသာတွဲမှ ၂၁ ဦး စုစုပေါင်း ၁၀၁ ဦးထံ အဆိုပြုလွှာများခေါ်ယူခဲ့ရာ ၉၉ ဦးထံမှ အဆိုပြုလွှာများ လက်ခံရရှိခဲ့ကြောင်း၊ ထိုသူများအနက်မှ အသင်းက ချမှတ်ထားသော ထူးချွန်ကျောင်းသားများ ရွေးချယ်ရေးအခြေခံမူများနှင့်အညီစိစစ်ပြီး သိပ္ပံဘာသာတွဲမှ ၄၀၊ ဝိဇ္ဇာဘာသာတွဲမှ ၁၂ ဦး စုစုပေါင်း ၅၂ ဦးအား လူတွေ့စစ်ဆေးရန် ခေါ်ယူ၍ ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးတို့တွင် လူတွေ့စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လူတွေ့ စစ်ဆေးပြီးနောက် အသင်း၏ ထူးချွန်ကျောင်းသားများ ရွေးချယ်ရေးကော်မတီသည် သိပ္ပံဘာသာတွဲမှ မောင်ရန်အောင်ဖြိုး (ထ-၃ မြစ်ကြီးနား)၊ မခင်ပြည့်စုံထွန်း (ထ-၁ လှိုင်ကော်)၊ မယွန်းရွှေလွှာ (ထ-၁ ဘားအံ)၊ မဘွေနှံမ်းဆုန် (ထ-၃ ဟားခါး)၊ မဝတ်ရည်နန္ဒာ(ထ-၈ မော်လမြိုင်)၊ မစိုးစန္ဒီ(ထ-၂ စစ်တွေ)၊ မောင်ကောင်းထက်သူကျော် (ထ-၄ တောင်ကြီး)၊ မစိုးစန္ဒီသိန်း(ကပက၊ မြပန်းသဇင်၊ ရေဦး)၊ မောင်ဆန်နီအေးဝင်း(ထ-၁ မြိတ်)၊ မခန့်ဆွေထက်(ထ-၁ ပြည်)၊ မသွယ်သွယ်စိုး (အထက၊ ဆိပ်ဖြူ)၊ မောင်လင်းထက်အောင် (အထကတွဲ၊ စလေ(ဘက) ချမ်းမြသာစည်)၊ မသီရိထက်နိုင် (အထကလေ့ကျင့်ရေး၊ ကမာရွတ်)၊ မောင်စိုးပြည့်မောင် (ထ-၂ ပုသိမ်)၊ မောင်သီဟထက်နိုင် (ထ-၁ နေပြည်တော်၊ ဇေယျာသီရိ)တို့ကို လည်းကောင်း။

ဝိဇ္ဇာဘာသာတွဲမှ မတင့်တင့်လှိုင် (အထကခွဲ ရွှေကျောင်း၊ ဇလွန်)၊ မစုမြတ်သူ (အထကခွဲ သပြေချောင်း၊ ညောင်တုန်း)၊ မသင်းသင်းခိုင်(အထကလုံးတုံ၊ နမ့်မွန်း၊ မိုးညှင်း)၊ မအေးချမ်းမေ(အထက မော်လူး၊ အင်းတော်)၊ မဇင်မိုးထက် (အထက ရွာတော်၊ အောင်လံ)တို့ကို လည်းကောင်း အတည်ပြုရွေးချယ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါအစီအစဉ်ကို မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်ခဲ့မှုနှစ်(၆၀)ပြည့်အထိမ်းအမှတ် လှုပ်ရှားမှုအဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ-အိန္ဒိယနှစ်နိုင်ငံတပ်မတော်ချစ်ကြည်ရေး ဟော်ကီပြိုင်

ရန်ကုန် ဩဂုတ် ၃

(၁၀)ကြိမ်မြောက် အိန္ဒိယ-မြန်မာတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရေး ဟော်ကီပြိုင်ပွဲ ယှဉ်ပြိုင်ရန် ရောက်နေသည့် အိန္ဒိယ တပ်မတော် လက်ရွေးစင်ဟော်ကီအသင်းသည် ဩဂုတ် ၂ ရက် ညနေက မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလူငယ်အသင်းတို့ ချစ်ကြည်ရေး ပြိုင်ပွဲအဖြစ် သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌ ယှဉ်ပြိုင်ကစားကြရာ **(ယာပုံ)** အိန္ဒိယတပ်မတော် လက်ရွေးစင် ဟော်ကီအသင်းက ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ (အိန္ဒိယ တပ်မတော် ဟော်ကီလက်ရွေးစင် အသင်းတွင် အိန္ဒိယနိုင်ငံ အမာခံ လက်ရွေးစင်လေးဦး ပါရှိသည်။)

သန်းဆွေ(ပန်းဘဲတန်း)

လူကိုလူချင်း
ကုန်ကူးမှု
ပတ်ဝန်းကျင်တွင် ဂရုပြု

❊ ကျောဖုံးမှ

ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းခဲ့သည်။ မကွေးအသင်းသည် ယခုနိုင်ပွဲကြောင့် အမှတ်ပေးဇယား စတုတ္ထနေရာအထိ တက်လှမ်းလာသည်။

(အောင်ဆန်းကွင်း)

ကမ္ဘောဇ- နှစ်ဂိုး
(ကျော်ဇေယျာဝင်းနှင့်စိုးမင်းဦး)
GFA- ဂိုးမရှိ

ပွဲစဉ်(၁၆)အပြီးတွင် ရတနာပုံအသင်းက ၃၅ မှတ်ဖြင့် ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နေပြီး လက်ရှိချန်ပီယံ ရန်ကုန်နှင့် ကမ္ဘောဇအသင်းတို့က ၃၁ မှတ်စီ ရရှိကာ နောက်မှလိုက်နေသည့် မကွေးအသင်းက အမှတ် ၃၀ ဖြင့် စတုတ္ထ၊ နေပြည်တော်က ၂၈ မှတ်ဖြင့် ပဉ္စမနေရာတို့တွင် ရပ်တည်လျက်ရှိသည်။

သဘာဝဘေးအန္တရာယ်သတင်း

ရွှေကျင်၌ လေဆင်နှာမောင်းတိုက်ခတ်

ရွှေကျင် ဩဂုတ် ၃

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် သစ်မဟောင်းတန်းကျေးရွာ၌ ယနေ့ နံနက် ၁၀ နာရီခွဲတွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အိမ်ခြေ ၅၂ လုံး ပျက်စီးသွားခဲ့ပြီး လူဦးရေ ၂၅၉ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

အဆိုပါကျေးရွာသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ သွားရောက်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

(မြို့နယ်ပြန်/ဆက်)

မော်လမြိုင်ကျွန်း၌ လေဆင်နှာမောင်းတိုက်ခတ်

မော်လမြိုင်ကျွန်း ဩဂုတ် ၃

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ကျွဲခြံကျုံလမုကျေးရွာအုပ်စု သစ်ဖြူချောင်းကျေးရွာတွင် ဩဂုတ် ၃ ရက် နံနက် ၄ နာရီခွဲက လေဆင်နှာမောင်းတိုက်ခတ်သွားသဖြင့် ကျေးရွာရှိ လူနေအိမ် ခြောက်လုံး ပြိုလဲပျက်စီးခဲ့ပြီး လူဦးရေစုစုပေါင်း အမျိုးသား အမျိုးသမီး ၂၆ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြသည်။

အဆိုပါ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ဆုံးရှုံးမှုတန်ဖိုးငွေကျပ်သိန်း ၃၀ ခန့် ဆုံးရှုံးမှုဖြစ်ပွားပြီး လေဆင်နှာမောင်းတိုက်ခတ်ရာ ကျေးရွာသို့ သတင်းရလျှင်ရချင်း မြို့နယ်သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့အဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ ပူးပေါင်းပြီး လိုအပ်သော ကူညီစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မော်ကျွန်း-မြင့်အောင်

ကျိုက်ထိုတွင် လေဆင်နှာမောင်းတိုက်ခတ်

ကျိုက်ထို ဩဂုတ် ၃

ကျိုက်ထိုမြို့နယ် ဘိုးရားကြီးကျေးရွာအုပ်စု ကမ်းနားလမ်းအရှေ့ဘက်ခြမ်း၌ ဩဂုတ် ၃ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျဉ်ထောင်အိမ် ခြောက်လုံး၊ တဲအိမ် ၃၂ လုံး၊ ငါးဖမ်းလှေငယ် ၁၀ စင်း ထိခိုက်ပျက်စီးခဲ့ပြီး မိုင်တိုင်အမှတ် ၉၄ မိုင် တစ်ဖာလုံအနီးတွင် ရထားလမ်းပေါ်သို့ ညောင်ပင်တစ်ပင် ပြိုလဲကျခဲ့သည်။

ရထားလမ်းပေါ်သို့လဲကျနေသော ညောင်ပင်ကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်စိုး ဦးဆောင်သော ကျေးရွာကော်မတီ(၃)ရပ်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့များ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက ခုတ်ထွင်ရှင်းလင်းဆောင်ရွက်လျက်ရှိပြီး သဘာဝဘေးဒဏ်ခံရသည့် မိသားစုဝင်များအား နီးစပ်ရာဆွေမျိုးများထံ ယာယီနေထိုင်စေလျက်ရှိပြီး လူနေအိမ်များ ပြန်လည်ပြင်ဆင်ရေးနှင့် နေထိုင်စားသောက်ရေးတို့အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တို့မှ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဖြစ်စဉ်၌ လူနှင့်တိရစ္ဆာန်များ သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

သန်းသန်းမော်(iprd)

မြေငလျင်လှုပ်

ဩဂုတ် ၃ ရက် မြန်မာစံတော်ချိန် ၁၅ နာရီ ၀၂ မိနစ် ၂၀ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၅၈၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်ပ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် (Yunnan, China) ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၉ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

နောက်ဆုံးရနိုင်ငံတကာသတင်း

ယူနန်တွင် ငလျင်လှုပ်ခတ်ပြီး လူ ၁၅၀ ထက်မနည်းသေဆုံး

ကူမင်း ဩဂုတ် ၃

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်တွင် ဩဂုတ် ၃ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲခန့်က ပြင်းအား ၆ ဒသမ ၅ ရစ်ချ်တာစကေးရှိ ငလျင်တစ်ခု လှုပ်ခဲ့ရာ ၁၅၀ ထက်မနည်း သေဆုံးခဲ့ကာ ၁၈၀ ခန့် ပျောက်ဆုံးသွားကြောင်း ဒေသဆိုင်ရာအစိုးရက ဖော်ပြသည်။

အဆိုပါငလျင်သည် လူတီယန်စီရင်စုနယ် ကျို့ထုံမှ အနောက်တောင်ပိုင်း ၂၃ ကီလိုမီတာခန့်အကွာရှိ လုံတို့ရှန်မြို့နယ်ကို ဗဟိုပြုပြီး အနက် ၁၂ ကီလိုမီတာခန့်မှ လှုပ်ခဲ့ရာ ၈ နာရီမှစ၍ ဒေသခံပြည်သူ ၁၂၀ ကျော် သေဆုံးပြီး ကျန် ၁၈၀ ကျော် ပျောက်ဆုံးကာ ၁၃၀၀ ခန့် ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ဒေသဆိုင်ရာအစိုးရက ပြောကြားသည်။

ထို့အပြင် ငလျင်ဒဏ်ကြောင့် အိမ်ခြေ ၁၂၀၀၀ ကျော် ပြိုကျပြီး ၃၀၀၀၀ ခန့် ပျက်စီးကာ ပို့ဆောင်ဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်လိုင်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများပါ ပြတ်တောက်ခဲ့ကြောင်း၊ အလားတူပင် ငလျင်ဒဏ်ကြောင့် ကီကျို့တိုနှင့် ခူဂျင်မြို့များတွင်လည်း ၃၀ ထက်မနည်း သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအစိုးရက ဆက်လက်ပြောကြားသည်။

ငလျင်ဒဏ်ကြောင့် ဒေသတွင်းရှိ ဆက်သွယ်ရေးလုပ်ငန်းများနှင့် လျှပ်စစ်ဓာတ်အားလိုင်းများ ထိခိုက်ပျက်စီးသွားရာ ဒေသခံပြည်သူများနှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောဆိုရန် အခက်အခဲရှိကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောကြားသည်။

ဘာသာပြန်-ဂျေတီ

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတဦးသိန်းစိန် ရတနာနဝရတ်ငွေကြုတ်တော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်းစိန် ကံ့ကော်ပင်ကို စိုက်ပျိုးစဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ ခုံရုံး ဥက္ကဋ္ဌ ဦးမြသိန်း ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ခရေပင် စိုက်ပျိုး

ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး ခရေပင်ကို စိုက်ပျိုးစဉ်။ (သတင်းစဉ်)

ရတနာ ပန္နက်တော် စိုက်ထူပူဇော်

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာပန္နက်တော်ကို စိုက်ထူပူဇော်စဉ်။ (သတင်းစဉ်)

❀ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီးတို့က နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာသူများက ဆရာတော်သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နိုင်ငံတော်သမ္မတ အမှူးပြုသော ပရိသတ်တို့က နာယူကြသည်။

ယင်းနောက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ယနေ့တွင် မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီးတည်ဆောက်ရေးအတွက် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ရင်း၊ တပ်ဖွဲ့မိသားစု၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပုဂ္ဂလိက အလှူရှင်များက စုစုပေါင်း အလှူငွေကျပ် ၅၇၁၁ သိန်းကျော်ကိုပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့အပြင် အလှူရှင် ဦးအောင်ခိုင်သိန်း၊ ဒေါ်တိုးတိုးနွယ် (ခိုင်မာတိုးကုမ္ပဏီ) က မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီး ထုဆစ်ပူဇော်ရန်အတွက် တန် ၁၀၀ အလေးချိန်ရှိ စကျင်ကျောက်တော်ကို ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဈေးကုန်းကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ရတနာပန္နက်တော်စိုက်ထူပူဇော်ခြင်းနှင့် တွင်းတော်တူးဝန်းခြင်း မဟာမင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မင်္ဂလာအချိန်တွင် မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီးတည်ဆောက်ပူဇော်မည့် ဝတ္ထုကံ ပန္နက်တော်ဌာနနှင့် ဂန္ဓကုဋိကျောင်းဆောင်တော် အရှေ့မြောက်ထောင့်

သည်။

ထို့နောက်

အရှေ့မြောက်

ဌာနၶ လည်း

ပန္နက်တော်ဌာ

တော် ကိုး

ပရိတ်နံ့သာရည

သည်။

ဆက်လက်

နှင့် တပ်မတေ

ချုပ်တို့က သင

ဌာနများတွင်

ကိုးချက်စီစိုက်

နံ့သာရည်ဖြင့်

ဒုတိယသ

နံ့သာရည် ပက်



ရမည်းသင်းဘူတာ ဥပဓိရုပ်ကောင်းမွန်ရေးနှင့် ခရီးသည်များစိတ်ချမ်းမြေ့ရေးအတွက် သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

ရမည်းသင်း ဩဂုတ် ၃

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားတိုင်း(၅)အရာရှိကြီးများ၏ လမ်းညွှန်မှုခံယူကာ ရမည်းသင်းမြို့ မြန်မာ့မီးရထားဘူတာ(တာဝန်ခံ)ရုံပိုင်ကြီး ဦးဇော်လွင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးကြည်ဝေတို့ဦးဆောင်မှုဖြင့် ဘူတာသန့်ရှင်းသာယာလှပရေးအတွက် ဝန်ထမ်းများစုပေါင်းကာ ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီက သန့်ရှင်းရေးများ စုပေါင်းဆောင်ရွက်လုပ်ကိုင်ကြသည်။

ဆောင်ရွက်လုပ်ကိုင်

ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာနားနေစေရေး၊ အပန်းဖြေစေရေးနှင့် မြို့အင်္ဂါရပ်ဘူတာအင်္ဂါရပ်များနှင့် ညီညွတ်စေရေးအတွက် ဘူတာဝင်းအတွင်း အလှပန်းပင်များနှင့် အရိပ်ရအပင်များစိုက်ပျိုးခြင်း၊ ရှင်သန်ပြီးအပင်များကို ပေါင်းမြက်များရှင်းလင်းခြင်း၊ မြေတောင်မြှောက်ပေးခြင်း၊ လမ်းဘေးဝဲယာများတွင် မြင်ကွင်းကောင်းမွန်စေရန် ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းစသည်များကို ဆောင်ရွက်လုပ်ကိုင်ကြသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လုပ်ကိုင်စဉ် တာဝန်ခံရုံပိုင်ကြီး ဦးဇော်လွင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကြည်ဝေတို့ လာရောက်အားပေးကြည့်ရှုကြကြောင်း သိရသည်။

(၀၁၁)

သစ်

တ

သာ

စ

ကိုပျိုး

ရားသူကြီးချုပ် ပင်ကို စိုက်

(သတင်းစဉ်)

ဂ်တော်

ဏ်

ယ်ရေး ဦးစီး
း မင်းအောင်
က်ကို စိုက်ထူ

(သတင်းစဉ်)

မဟာမင်္ဂလာ
က်လက်ကျင်းပ
ဦးသိန်းစိန်
မဟာသကျ

ရံသီ ရုပ်ရှင်တော်မြတ်ကြီးတည်ဆောက်ပူဇော်မည့် ဝတ္ထုကံ ပန္နက်တော်ဌာနနှင့် ဂန္ဓကုဋိကျောင်းဆောင်တော် အရှေ့မြောက်ထောင့်

သည်။

ထို့နောက် နိုင်ငံတော်သမ္မတက အရှေ့မြောက်ထောင့် ပန္နက်တော်ဌာန၌ လည်းကောင်း၊ ဒုတိယသမ္မတ

ပန္နက်တော်ဌာနများ၌ ရတနာပန္နက်တော် ကိုးချက်စိုက်ထူပူဇော်၍ ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်သည်။

ဆက်လက်၍ ဒုတိယသမ္မတများနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က သက်ဆိုင်ရာ ပန္နက်တော်ဌာနများတွင် ရတနာပန္နက်တော် ကိုးချက်စီစိုက်ထူပူဇော်၍ ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြ

ဒေါက်တာစိုင်းမောက်ခမ်းက အရှေ့တောင်ထောင့် ပန္နက်တော်ဌာန၌ လည်းကောင်း တွင်းတော်တူးဝန်း ပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက သတ်မှတ်နေရာတွင် ထုံးတမ်းအစဉ်အလာနှင့်အညီ နဂါးစာကျွေးသည်။

ထို့နောက် ရတနာပိုင်တိုင်တော်တွင် ရတနာနဝရတ်တော်များကို ထည့်သွင်းပူဇော်လှူဒါန်းပြီး ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကာ မင်္ဂလာအချိန်အခါတွင် ရတနာပိုင်တိုင်တော်ကို စက်ခလုတ်နှိပ်၍ စိုက်သွင်းပူဇော်သည်။

ယင်းနောက် ဆရာတော်သံဃာတော်များ ဦးဆောင်၍ အောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အောင်မောဋ္ဌိတောင်ညွန့် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စု တရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသူများသည် သတ်မှတ်နေရာများ၌ ကံ့ကော်ပင်နှင့် ခရေပင်တို့ကို စိုက်ပျိုးခဲ့ကြသည်။

အဆိုပါ အောင်မောဋ္ဌိတောင်ညွန့်သည် နေပြည်တော် ဥတ္တရသီရိမြို့နယ် ဖိုးဇောင်တောင်ပေါ်တွင် တည်ရှိပြီး အမြင့် ၁၁၅ ပေရှိသည်။ ယခု တည်ထားပူဇော်မည့် မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီးသည် ဉာဏ်တော်အမြင့် ၃၂ ပေ နှစ်လက်မရှိမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရတနာပန္နက်တော်ကို စိုက်ထူပြီး ပရိတ်နံ့သာရည် ပက်ဖျန်းပူဇော်စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးညွန့်ထွန်း ရတနာပန္နက်တော်ကို စိုက်ထူပူဇော်စဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

စွမ်းဆောင်ရည် မြင့်မားရေး ဆင့်ပွားသင်တန်းဖွင့်

မြိုင် ဩဂုတ် ၃

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပခုက္ကူခရိုင် မြိုင်မြို့နယ် သစ်တောဦးစီးဌာနမှ အမှုထမ်းများစွမ်းဆောင်ရည် မြင့်မားရေး ဆင့်ပွားသင်တန်းကို ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီမှ ဩဂုတ် ၁ ရက်အထိ ယင်းဦးစီးဌာနမှူးရုံး၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းတွင် မြို့နယ်ဦးစီးဌာနမှူး ဦးဝင်းနိုင်ဦးက အမှုထမ်းများစွမ်းဆောင်ရည်မြင့်မားရေးနှင့် နိုင်ငံတော်တွင် ပြုပြင်ပြောင်းလဲနေသည့် Third Wave ဆိုင်ရာ အချက်အလက်များ၊ ဝန်ထမ်းများ၏ Mindset များ ပြုပြင်ပြောင်းလဲရမည့် အချက်အလက်များ၊ ပြည်သူ့ဗဟိုပြုလုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာခံယူကျင့်သုံးရမည့် အချက်အလက်များ၊ သစ်တောလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ထုံး၊ လုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေးတို့ကို အကျယ်တဝင့် ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **(၁၃၅)**

နိုင်ငံတကာမီဒီယာများထဲက မြန်မာနိုင်ငံအကြောင်း

ဘာသာပြန်-ဂျေတီ

ဂျပန်၏အောင်မြင်မှု

ဇူလိုင် ၂၉ ရက်ထုတ်ယူကေသတင်းစာတစ်စောင်ဖြစ်သော Financial Times က ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ၄င်း၏လက်တင်အမေရိက အလည်အပတ်ခရီးစဉ်ကို မက္ကဆီကိုနိုင်ငံမှစတင်ပြီး ဇူလိုင် ၂၅ ရက်တွင်အပြီးသတ်ခဲ့ရာ ၁၈ လကျော်ကျော်လေးအတွင်းမှာပင် ၄င်းသွားရောက်လည်ပတ်ခဲ့သည့် နိုင်ငံပေါင်း ၄၇ နိုင်ငံရှိသွားပြီဖြစ်ကြောင်း၊ အာရှဒေသတွင် အငြင်းပွားဖွယ်ကျွန်းများအရေးဆိုင်ရာ ပေကျင်းနှင့် သွယ်ဝိုက်ဖြစ်ပွားနေသောစစ်ပွဲတစ်ခုအပြင် စီးပွားရေးအခွင့်အလမ်းများလည်းရှိကြောင်း၊ ယေဘုယျအားဖြင့် ဂျပန်နိုင်ငံသည် အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံစသည့် အရှေ့တောင် အာရှနိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်ရာတွင်လည်းကောင်း၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့အပါအဝင် အခြားနိုင်ငံများကို စည်းရုံးရေးဆောင်ရွက်မှုတွင်လည်းကောင်း ထင်မှတ်ထားသည်ထက် အောင်မြင်မှုများ ပိုမိုရရှိကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ ရှုမြင်မှု

ဇူလိုင် ၂၉ ရက်ထုတ် ဆွီဒင်အခြေစိုက်သတင်းစာတစ်စောင်ဖြစ်သော Svenska Dagbladet က တရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ သွယ်တန်းထားသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတစ်ခုတည်ဆောက်ခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှတရုတ်နိုင်ငံသို့ ဆက်သွယ်ထားသည့် လမ်းကြောင်းအဖြစ် ရေကြောင်းလမ်းများကို စောင့်ကြည့်ခြင်းနှင့် အခြားပို့ဆောင်ဆက်သွယ်ရေးလမ်းကြောင်းများ ဖန်တီးခြင်းဖြင့် ၄င်း၏ စွမ်းအင်တင်သွင်းမှုများကို လုံခြုံချောမွေ့စေလိုကြောင်း၊ သတ္တုတူးဖော်ရေးလုပ်ငန်း သည်လည်း တရုတ်နိုင်ငံအတွက်အလွန်အရေးပါသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် သတ္တုတူးဖော်လုပ်ငန်းတွင် အလားအလာရှိသည့်နိုင်ငံအဖြစ် ရှုမြင်ရကြောင်းစသည်ဖြင့် ရေးသားဖော်ပြထားသည်။

ကျားရိုင်းကောင်ရေကျဆင်းမှု

ဇူလိုင် ၂၉ ရက်ထုတ်ယူကေသတင်းစာတစ်စောင်ဖြစ်သော The Independent UK က ၁၉၀၀ ပြည့်နှစ်နောက်ပိုင်း ကမ္ဘာ့ကျားရိုင်းကောင်ရေ ၉၇ ရာခိုင်နှုန်းကျဆင်းလာခဲ့ကြောင်း၊ အမျိုးသားအဆင့်ဆန်းစစ်လေ့လာမှုများ ပုံမှန်ပြုလုပ်သည့် အိန္ဒိယ၊ နီပေါနှင့် ရုရှားနိုင်ငံတို့တွင် ကျားရိုင်းကောင်ရေမည်မျှရှိသည်ကိုသိရှိရပြီး ဆန်းစစ်လေ့လာမှုများ ပြုလုပ်လျက်ရှိသည့် ဘူတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်နိုင်ငံတို့တွင် ကျားရိုင်းကောင်ရေမည်မျှရှိသည်ကို မကြာမီသိရှိရတော့မည်ဖြစ်ကြောင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် ကျားရိုင်းကောင်ရေ မည်မျှရှိသည်ကို မသိရှိရသေးကြောင်း စသည်ဖြင့် ရေးသားဖော်ပြသည်။

မုံရွာမြို့၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကျင်းပ

မုံရွာ ဩဂုတ် ၃

မုံရွာခရိုင် ဘုတလင်မြို့၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၃၀ ရက်က ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက အမှာစကား ပြောကြားရာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်နေ ပြည်သူများ၏ ဆင်းရဲမှုလျှော့ချရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရာတွင် နိုင်ငံတော်က ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ ထောက်ပံ့ပေးပြီး တစ်ဦးချင်း ချေးငွေပမာဏအတိုးနှုန်းကိုငွေကျပ်၁၀၀လျှင် တစ်လပြား ၅၀ မှ တစ်ကျပ် ပြား ၅၀ အတွင်း ချင့်ချိန်သတ်မှတ်ကောက်ခံစုဆောင်းရမည့် စနစ်ဖြစ်ပါကြောင်း၊ ရရှိလာသည့် အတိုးငွေသည် သက်ဆိုင်ရာကျေးရွာ၏ အကျိုးစီးပွားပင်ဖြစ်ပါကြောင်း၊ လုပ်ငန်းလုပ်ဆောင်ရာတွင် လုပ်ငန်းအမျိုးအစားအလိုက် ချေးငွေပမာဏ၊ ချေးငွေကာလ၊ အတိုးနှုန်းများကို စည်းကမ်းတကျနှင့် ပွင့်လင်းမြင်သာစွာ သတ်မှတ်လုပ်ကိုင်တတ်ရန် လိုအပ်ပါကြောင်း၊ ငွေစာရင်းများကိုလည်း စနစ်တကျမှန်ကန်စွာ ပြုစုတတ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ရန်ပုံငွေရရှိသော ကျေးရွာမှ ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့၏ မိသားစုဘဝဝင်ငွေ တိုးတက်ရရှိရေးတွင် လိုအပ်နေသည့် အရင်းအနှီးများကို ဖြည့်တင်းထောက်ပံ့ပေးပြီး နိုင်ငံတော်၏ စေတနာကို အထူးအလေးထားကာ မိမိတို့ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ပြီး ကျေးရွာ၏အကျိုးစီးပွားကိုပါ တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်နိုင်ရေး ကြိုးစားရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးက မြစိမ်းရောင် ကျေးရွာစီမံကိန်းနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့်တာဝန်ရှိသူများက ရန်ပုံငွေရရှိသော ကျေးရွာများသို့ ပေးအပ်ရာ ကျေးရွာစီမံကိန်းကော်မတီဝင်များက လက်ခံယူကြသည်။

(တိုင်းဒေသကြီးပြန်/ဆက်)

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ဆန်၊ ဆီ၊ ဆား လှူ

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ဆွမ်းဆန်၊ ဆီ၊ ဆား၊ ဆေးနှင့် လှူဖွယ်များနှင့် ကျောင်းသား ကျောင်းသူလေးများအတွက် ဗလာစာအုပ်များလှူဒါန်းပေးအပ်ပွဲကို ဩဂုတ် ၃ ရက်က ဗဟန်းမြို့နယ် ဗိုလ်ချို(၁) ရပ်ကွက် မဟာအောင်မြေသုခ ဘုန်းတော်ကြီးကျောင်းဝင်း၌ ကျင်းခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့်အဖွဲ့ဝင်များက ဆရာတော်များထံ သင်္ကန်း၊ ဆန်၊ ဆီ၊ ဆား၊ ဆေးနှင့် လှူဖွယ်ပစ္စည်းများဆပ်ကပ်လှူဒါန်းကြပြီး ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်နှင့်ပစ္စည်းများပေးအပ်သည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရေးအတွက် ဘူတာဝင်းအတွင်း အလှပန်းပင်များ
ရှင်သန်ပြီးအပင်များကို ပေါင်းမြက်များရှင်းလင်း
ပမ်းဘေးဝဲယာများတွင် မြင်ကွင်းကောင်းမွန်စေရန်
သည်များကို ဆောင်ရွက်လုပ်ကိုင်ကြသည်။
က်လုပ်ကိုင်စဉ် တာဝန်ခံရုံပိုင်ကြီး ဦးဇော်လွင်နှင့်
ကြည်ဝေတို့ လာရောက်အားပေးကြည့်ရှုကြကြောင်း

(၀၁၁)

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပြည်တွင်းသတင်း

အသစ်ပြဋ္ဌာန်းလိုက်သည့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေမှာ နိုင်ငံသားရင်းနှီးမြှုပ်နှံသူများအတွက် အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကိုသာမက အခြားအခွင့်အလမ်းများကိုလည်း ထည့်သွင်းပြဋ္ဌာန်းပေးခဲ့

ယမန်နေ့မှအဆက်

နေပြည်တော် ဩဂုတ် ၃

ဇူလိုင် ၂၃ ရက်တွင်ကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးဇေယျာအောင်က မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ အကြောင်းအရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပါသည်။

အဆိုပါရှင်းလင်းတင်ပြချက်မှာ အောက်ပါအတိုင်း ဆက်လက်တင်ပြအပ်ပါသည်-

အာဆီယံနိုင်ငံများအနက် ဗီယက်နမ်နိုင်ငံသည် မူလက ရင်းနှီးမြှုပ်နှံမှု ဥပဒေနှစ်ရပ်ရှိခဲ့သော်လည်း ၂၀၀၅ ခုနှစ်တွင်လည်းကောင်း၊ လာအိုနိုင်ငံသည်လည်း ရင်းနှီးမြှုပ်နှံမှု ဥပဒေနှစ်ရပ်ကို ၂၀၀၆ ခုနှစ်တွင်လည်းကောင်း ပေါင်းစည်းကာ နိုင်ငံခြားသားနှင့် နိုင်ငံသားမခွဲခြားဘဲ ရင်းနှီးမြှုပ်နှံမှုဥပဒေ တစ်ခုတည်းအဖြစ်သာ ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးကော်ပိုရေးရှင်း (IFC)မှ ဥပဒေနှစ်ရပ်ပြဋ္ဌာန်းထားရှိသော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများမှာ နှစ်နိုင်ငံချုပ်ဆိုထားသည့် ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များအရ ရင်းနှီးမြှုပ်နှံသူများအပေါ် အကာအကွယ်ပေးရာတွင် နိုင်ငံခြားသားများက ပိုမိုအခွင့်အရေးရရှိနေကြောင်း၊ နိုင်ငံပိုင်သိမ်းယူခြင်းနှင့် အခြားသိမ်းယူမှုများပေါ်ပေါက်လာသည့်အခါ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်အရ နိုင်ငံခြားသားများက လျော်ကြေးရရှိနိုင်သည့် အခွင့်အရေးပိုမိုရရှိကြောင်းနှင့် အငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာနည်းလမ်းများတွင် နိုင်ငံခြားသားများက ပိုမိုကျယ်ပြန့်စွာ ဖြေရှင်းဆောင်ရွက်ခွင့်ရရှိနေကြောင်း၊ သို့ဖြစ်၍ ဥပဒေနှစ်ရပ်ကို ပေါင်းစည်းခြင်းဖြင့် အခွင့်အလမ်းများ တူညီစွာရရှိနိုင်ကြောင်း၊ ထိုသို့ ပေါင်းစည်းရာတွင် လိုအပ်သည့်ဥပဒေဆိုင်ရာ အကူအညီများ ပေးအပ်နိုင်ပါကြောင်း သုံးသပ်တင်ပြခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့်အာဆီယံ၏ ကတိကဝတ်များကိုလည်း လိုက်နာကျင့်သုံးရမည်ဖြစ်ရာ ၂၀၁၂ ခုနှစ် မတ်လ ၂၉ ရက်တွင် အသက်ဝင်ခဲ့သည့် အာဆီယံ ဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် (ASEAN Comprehensive Investment Agreement) အရ နိုင်ငံသားနှင့် နိုင်ငံခြားသား ခွဲခြားဆက်ဆံမှုမပြုခြင်း၊ မျှတ၍ တူညီသော အခွင့်အရေးပေးခြင်းစသည့် အဆိုပါသဘောတူစာချုပ်ပါ ကတိကဝတ်များကို လိုက်နာကျင့်သုံးရမည့် တာဝန်ရှိလာပါသည်။ သို့ဖြစ်၍ အခြားအာဆီယံနိုင်ငံများနည်းတူ ရင်းနှီးမြှုပ်နှံမှုဥပဒေကို တစ်ခုတည်းသာထားရှိရန် လိုအပ်လာပါသည်။

နိုင်ငံတော်၏ စီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မူဘောင်အဖြစ် ထုတ်ပြန်ထားသည့် နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုမူဘောင်(Framework for Economic and Social Reforms - FESR)တွင်လည်း ရင်းနှီးမြှုပ်နှံမှု ဥပဒေနှစ်ရပ်ကို ပေါင်းစည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းရေးဆွဲထုတ်ပြန်ထားပြီး ဖြစ်ပါသည်။ သို့ပါ၍ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှစ်ရပ်ပေါင်းစည်းခြင်းဖြင့် အဆိုပါမူဘောင်နှင့်လည်း ကိုက်ညီသွားမည်ဖြစ်သည့်အပြင် အာဆီယံစီးပွားရေးအသိုက်အဝန်း၏ ရည်မှန်းချက်များ၊ အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှုသဘောတူညီချက်ပါ လမ်းညွှန်ချက်များနှင့်လည်း ညီညွတ်စေမည်ဖြစ်ပါသည်။

အဆိုပါ နိုင်ငံတကာအဖွဲ့အစည်းများ၏ အကြံပြုချက်များ၊ နိုင်ငံတော်အစိုးရမှ ထုတ်ပြန်ထားသည့် မူဝါဒများနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခြေအနေများအပေါ် အခြေခံကာ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှစ်ရပ် ပေါင်းစည်းပြဋ္ဌာန်းရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်ရန် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၄) သို့ တင်ပြခဲ့ရာ အစည်းအဝေးမှ ရင်းနှီးမြှုပ်နှံမှုဥပဒေနှစ်ရပ် ပေါင်းစည်းပြဋ္ဌာန်းရေး အစီအစဉ်ကို မူအားဖြင့် သဘောတူခွင့်ပြုရန်နှင့် ဥပဒေနှစ်ရပ် ပေါင်းစည်းပြဋ္ဌာန်းနိုင်ရေးလုပ်ငန်းစဉ်များ စတင်ပြင်ဆင်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါသည်။

သို့ပါ၍ International Finance Corporation (IFC)၏ နည်းပညာအကူအညီဖြင့် ဥပဒေနှစ်ရပ် ပေါင်းစည်းရေးအား ဆက်လက်ဆောင်ရွက်နိုင်ရန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ဦးဆောင်ကာ ပြည်ထောင်စုရှေ့နေချုပ်ရုံး အပါအဝင် အဆိုပါဥပဒေနှင့် ဆက်နွှယ်လျက်ရှိသော ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူပုဂ္ဂိုလ်များဖြင့် (Task Force) အဖွဲ့ ဖွဲ့စည်းကာ ဥပဒေနှစ်ရပ် ပေါင်းစည်းနိုင်ရေး ပြင်ဆင်သုံးသပ်မှုများ စတင်ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာနမှ တာဝန်ယူကာ ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် အမျိုးသားလွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကော်မတီတို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းထားသည့် Task Force အဖွဲ့ဝင်များ ပါဝင်သည့် ရင်းနှီးမြှုပ်နှံမှုဥပဒေပေါင်းစည်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၄ ခုနှစ် ဧပြီလ ၈ ရက်နှင့် ဇွန် ၁၂ ရက်တို့တွင်ကျင်းပခဲ့ပြီး ဥပဒေနှစ်ရပ်ပေါင်းစည်းရေးတွင် ဆက်လက်ဆောင်ရွက်သင့်သည့် အချက်များနှင့်ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းသင့်သည့်အချက်များကို ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

ဥပဒေနှစ်ရပ် ပေါင်းစည်းခြင်းအားဖြင့် တည်ဆဲနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် မြန်မာနိုင်ငံသားများ ဥပဒေတို့၏အားနည်းချက်များကို ပြင်ဆင်ကာ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ဆောင်ရွက်ရာတွင် ယခုထက် ပိုမိုကောင်းမွန်သည့် ဥပဒေတစ်ရပ်အဖြစ် ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ရာ အဆိုပါ ဥပဒေပေါင်းစည်းရေးအတွက် ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို လွှတ်တော်အဆင့်ဆင့်သို့ တင်ပြနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဆိုပါ ဥပဒေပြဋ္ဌာန်းပြီးသည့်အခါ နည်းဥပဒေကိုပါ ဆက်လက်ရေးဆွဲသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါသည်။

ရာသီတုပ်ကွေးဖြစ်ပွားမှု မြင့်တက်လာ

ရန်ကုန် ဩဂုတ် ၃

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရာသီပေါ်တုပ်ကွေးဖြစ်ပွားမှု မြင့်တက်လျက်ရှိပြီး ယမန်နှစ်တုပ်ကွေးများထက် ပိုမိုပြင်းထန်သည့် လက္ခဏာများအား လူကြီးလူငယ်မရွေး ကြုံတွေ့နေရကြောင်း သိရသည်။ တုပ်ကွေးဖြစ်ပွားမှုများပြားသဖြင့် အအေးမိတုပ်ကွေးရောဂါ ပျောက်ကင်းစေသည့် ဆေးဝါးများမှာ ဈေးနှုန်းများ မြင့်တက်လျက်ရှိပြီး ယခင်က တစ်လုံးလျှင် ငွေကျပ် ၅၀ ရှိ ဆေးတစ်လုံးတန်ဖိုးမှာ ငွေကျပ် ၉၀မှ ၁၅၀ အထိ ဝယ်လိုအားနှင့်အပြိုင် မြင့်တက်နေကြောင်း သိရသည်။

“ဒေသတိုင်းမှာ မိုးဦးကျကနေ တောက်လျှောက် အဖြစ်များတာ တုပ်ကွေးဖျားနာခြင်းဖြစ်ပါတယ်။ အမှန်က တုပ်ကွေးဆိုတာ ကိုယ်ခံအားကောင်းသူတွေမှာ မဖြစ်ဘဲ ကိုယ်ခံအားနည်းချိန်မှာ ပြင်ပကနေ ဝင်ရောက်လာတတ်တဲ့ Influenza Virus (ဗိုင်းရပ်စ်ပိုး)ကြောင့် ဖြစ်ပွားရတာဖြစ်ပါတယ်။ လေထဲကနေ ပြန့်ပွားတတ်လို့ နှာစေးခြင်း၊ ချောင်းဆိုးခြင်းတွေကနေ ကူးစက်တယ်။ ဒါကြောင့် လူတစ်ယောက်တုပ်ကွေးမိပြီဆိုရင် တစ်အိမ်လုံး၊ မိသားစုတစ်စုလုံး၊ ကျောင်းမှာဆိုလည်း တစ်ခန်းလုံး ကူးစက်တတ်တာဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာ လှုပ်ရှားရုန်းကန်နေကြရပြီး အိပ်ချိန်နဲ့ စားသောက်မှုပုံစံမမှန်သူ လူကြီးလူငယ်မရွေး ကိုယ်ခံအားနည်းတာကြောင့် အဓိကဖြစ်ပွားနေရတာကိုတွေ့ရတယ်”ဟု ရန်ကုန်ဆေးရုံကြီး ပြင်ပလူနာဌာနမှတာဝန်ကျဆရာဝန်တစ်ဦးက ပြောကြားသည်။ တုပ်ကွေးဖြစ်ပွားမှုများကို မိုးဦးကျကာလ မေလကုန်မှ ဩဂုတ်လအတွင်း အများဆုံးဖြစ်ပွားတတ်ပြီး ယခုနောက်ပိုင်းတွင် သက်ဆိုင်ရာ ဆေးဝါးများအား စနစ်တကျသောက်သုံးမှု အားနည်းခြင်းကြောင့် ရောဂါမှာ ပိုမိုပြင်းထန်လာကြောင်း သိရသည်။

“အရင်က တုပ်ကွေးဖြစ်ရင် သုံးရက်လောက်ပဲ ရောဂါပြင်းထန်တယ်။ အချိန်တန်ရင် အဖျားကျသွားပြီး ပျောက်တာပဲ။ တုပ်ကွေးရဲ့သဘောက နာတာရှည်ရောဂါ အသွင်ဘယ်တော့မှမဖြစ်ပါဘူး။ ခန္ဓာကိုယ်မှာ အမြဲကိန်းအောင်မနေတတ်ဘူး။ အရင်ကတုပ်ကွေးကို တော်ရုံဆေးသောက်ရုံပဲ ပျောက်ကင်းပေမယ့် နောက်ပိုင်းမှာ ဗိုင်းရပ်စ်ရဲ့ အရှိန်နဲ့ ပြောင်းလဲမှုသဘောတရားတွေအရ ဆေးတွေထွက်လာတယ်။ လူတွေကသောက်သုံးရင်းနဲ့ ဆေးယဉ်ပါးလာပြီး ပိုမိုထိရောက်တဲ့ဆေးတွေ ပေါ်ထွက်လာရင်းနဲ့ သူ့ရဲ့ဗိုင်းရပ်စ်ကလည်း တဖြည်းဖြည်းနဲ့ ဆေးကုသမှုမဖြစ်မနေ လိုအပ်လာတာတွေ ဖြစ်ပေါ်လာတယ်” ဟု တုပ်ကွေးရောဂါကြောင့် တစ်နေ့လျှင်လူနာ ၅၀ မှ ၈၀ အထိ ကုသပေးနေရသော အထူးကုဆရာဝန်ကြီးတစ်ဦးက ပြောပြသည်။ ထို့အပြင် တုပ်ကွေးသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သည့် ရောဂါတစ်မျိုးဖြစ်ပြီး ခန္ဓာကိုယ်၏ သဘာဝခုခံအားဖြင့် သက်သာပျောက်ကင်းနိုင်သည့် ရာသီပေါ်ရောဂါတစ်ခုဖြစ်သော်လည်း တုပ်ကွေးခံစားရသူအများစုမှာ အလျင်အမြန်ပျောက်ကင်းလိုမှုကြောင့် မလိုအပ်သည့်ဆေးကုသမှုကို ခံယူလိုကြသည့်အတွက် အချို့မှာ မလိုအပ်ဘဲ ပိုးသတ်ဆေးများအား ထည့်သွင်းသောက်သုံးနေကြသည်ကိုတွေ့ရသည်။ ပိုးသတ်ဆေးများအနေဖြင့် ဗက်တီးရီးယားပိုးမွှားများကိုသာ ချေမှုန်းနိုင်ခြင်းကြောင့် နိုင်ငံတကာတွင် ဖြစ်ပေါ်နေရသည့် ပိုးသတ်ဆေးယဉ်ပါးမှု အခြေအနေများကို ရင်ဆိုင်နေကြရသည်။

“တုပ်ကွေးရဲ့ရောဂါလက္ခဏာတွေက နှာစေးမယ်၊ ချောင်းဆိုးမယ်၊ ဖျားနာမယ်၊ကိုယ်လက်တွေ နာကြင်ကိုက်ခဲတာတွေဖြစ်တာပါ။ ခြေတွေလက်တွေ မသယ်ချင်လောက်အောင် ဖြစ်ရတယ်။ နောက်ပိုင်း အဖျားရောဂါသက်သာသည့်တိုင်အောင် ခန္ဓာကိုယ် အားနည်းချည့်နဲ့မှုတွေကို ရက်သတ္တပတ်နီးပါး ခံစားကြရတယ်။ အမှန်က အဖျားရှိသည့်တိုင် တုပ်ကွေးမိပြီဆိုပါက အားရှိအောင် စားသောက်မယ်၊ အိပ်ရေးဝဝအိပ်မယ်ဆိုရင် ပုံမှန်ပျောက်ကင်းနိုင်ပါတယ်။ အလုပ်အကိုင်တွေကို ခဏရပ်နားဖို့ လုံလောက်တဲ့ နားရက်မရတဲ့သူတွေအတွက်ကတော့ တုပ်ကွေးက ပိုပြီးဒုက္ခပေးနိုင်တာပေါ့” ဟု ဗဟန်းမြို့နယ်အတွင်း ပုဂ္ဂလိကဆေးခန်းတစ်ခုမှ လက်ထောက်ဆရာဝန်တစ်ဦးက ပြောကြားသည်။ ထို့အပြင် အသက်တစ်နှစ်အောက်ကလေးငယ်များ၊ အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ဝေဒနာရှင်များ၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများအတွက်မူ တုပ်ကွေး၏ ပြင်းထန်မှုကြောင့်အသက်အန္တရာယ်ထိခိုက်မှု ကြုံတွေ့နိုင်ကြောင်း သိရသည်။

လက်ရှိတွင် ကလေးများနှင့် သက်ကြီးရွယ်အိုများအတွက် တုပ်ကွေးကာကွယ်ဆေးအား လွယ်ကူစွာအသုံးပြုနိုင်သဖြင့် ကြိုတင်ထိုးနှံထားသူဦးရေလည်း မြင့်တက်လျက်ရှိကြောင်း သိရသည်။ “တုပ်ကွေးကာကွယ်ဆေးကို ထိုးနှံထားရင် တစ်ရာသီအတွက် ခံနိုင်ရည်ရှိပါတယ်။ ထိုးဆေးနဲ့ နှာခေါင်းပန်းတဲ့ဆေးတွေရှိပါတယ်။ အသက် ခြောက်လအထက်ကနေစပြီး ထိုးနှံနိုင်သလို ကိုယ်ခံအားနည်းသူတွေ ထိုးနှံသင့်တဲ့ ဆေးတစ်ခုဖြစ်ပါတယ်။

“ကိုယ်ဝန်ဆောင်တွေ၊ သက်ကြီးရွယ်အိုတွေနဲ့ ကလေးတွေ အများဆုံးထိုးနှံထားကြတာကို တွေ့ရပါတယ်။ ထိုးနှံသူအများစုက ကျန်းမာရေးသတိရှိသူတွေသာဖြစ်ပြီး ပြည်တွင်းမှာတော့ ရာခိုင်နှုန်းအားဖြင့် ၁၅ ရာခိုင်နှုန်းလောက်အထိ ကာကွယ်ဆေးအသုံးပြုလာကြတာကို တွေ့ရတယ်။ မနှစ်ကတစ်ရာသီလုံးမှာမှ လူ ၃၀ လောက်သာ အသုံးပြုကြပြီး တုပ်ကွေးကြောင့် ဆေးခန်းလာပြသူဦးရေက တစ်နေ့ကို ဆယ်ဂဏန်းရှိတာနဲ့ စာရင်အလွန်နည်းနေသေးတယ်”ဟု အထွေထွေရောဂါကု ဆရာဝန်ကြီး ဒေါက်တာမြင့်လွင်က ပြောကြားသည်။

တုပ်ကွေးသည် ရာသီအကူးအပြောင်းတွင် အများဆုံးဖြစ်ပွားတတ်ပြီး လက်ရှိတွင် မြန်မာနိုင်ငံအရပ်ရပ်၌ ဖြစ်ပွားလျက်ရှိပြီး ဖြစ်ပွားပါကပြည့်ဝစွာ အနားယူခြင်း၊ အစာအာဟာရ လုံလောက်စွာစားသုံးခြင်း၊ အကိုက်အခဲပျောက်ဆေးနှင့် ချောင်းဆိုးပျောက်ဆေးများ သောက်သုံးခြင်းတို့ကို ပြုလုပ်သင့်ကြောင်း သိရသည်။

သတင်း-ခင်ရတနာ၊ ဓာတ်ပုံ -မေဦးမိုး

ယာဉ်သုံးစီး ဆင့်ကဲတိုက်မှုဖြစ်ပွား

မန္တလေး ဩဂုတ် ၃

မန္တလေးချမ်းအေးသာစံမြို့နယ် ၃၁ လမ်းနှင့် ၃၂ လမ်းကြား ၇၈ လမ်းပေါ်တွင် ဩဂုတ် ၂ ရက် နံနက် ၉ နာရီက MCDC လုပ်ငန်းသုံးယာဉ်တစ်စီး တိုက်မိခြင်းကြောင့် ယာဉ်သုံးစီး ဆင့်ကဲတိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါလုပ်ငန်းသုံးယာဉ် ပေါ့ဆစွာမောင်းနှင်မှုကြောင့် အိမ်စီးကားတစ်စီးမှာ ရှေ့ရောနောက်ပါ ပျက်စီးခဲ့ပြီး တာဝန်ရှိသူများက စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝ၄ဝ)

ပြည်သူ့အကျိုး
ဖော်ဆောင်ဖို့
အခွန်မှန်စွာ
ပေးဆောင်စို့

ဆောင်းပါးနှင့် ပြည်တွင်းသတင်း

ရွှေ့ပြောင်းအလုပ်သမားများအား အကြိုသင်တန်းပေးပြီးမှ စေလွှတ်ခြင်းဖြင့် . . . . .

အငြိမ်းစားဝန်ထမ်း ဇော်ဦး

ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား နိုင်ငံတော်မှ ပြည်ပနိုင်ငံများတွင် စိတ်ချလုံခြုံစွာ အလုပ်လုပ်ကိုင်နိုင်ရန် ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေကိုပြဋ္ဌာန်းပြီး ဆောင်ရွက်ခဲ့ပါသည်။ ယနေ့ နိုင်ငံတော်အစိုးရသစ် လက်ထက်တွင် ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် စနစ်တကျ သွားရောက်အလုပ်လုပ်ကိုင်နိုင်ရန် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေမှုများကို ပြည်သူများ တွေ့မြင်နေရပြီဖြစ်ပါသည်။ လွှတ်တော်တွင်လည်း မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်မှုပေးသည့် လုပ်ငန်းဆောင်ရွက်ချက်များကို ဝန်ကြီးဌာနက ရှင်းလင်းတင်ပြပြီး မေးခွန်းများကိုလည်း ပြည်သူများ လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရန် ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်နေပါသည်။

အလုပ်သမား အလုပ်အကိုင်နှင့်လူမှုဖူလုံရေး ဝန်ကြီးဌာနက ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကိစ္စများအတွက် ဆောင်ရွက်ရန်ရည်မှန်းချက်များရှိပါသည်။ ပြည်ပတွင် အလုပ်လုပ်ကိုင်လိုသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ပြည်ပသို့ စနစ်တကျ သွားရောက်လုပ်ကိုင်နိုင်ရေး၊ ပြည်ပသို့ အလုပ်သမားများ မထွက်ခွာမီ လုပ်ငန်းခွင်အကြိုသင်တန်း၊ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ရေး၊ ပြည်ပတွင် ရောက်ရှိအလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ရေး၊ မိသားစုသို့ ပို့ငွေများ လွှဲပြောင်းပေးရာတွင် လျင်မြန်ချောမွေ့စေရေး၊ ရွှေ့ပြောင်းအလုပ်သမားများ၏အချက်အလက်များ ရယူထိန်းသိမ်းရေး၊ ပြည်ပအလုပ်အကိုင် အေဂျင်စီများ၊ အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီများအား အသိပညာပေးရေး၊ ရွှေ့ပြောင်းအလုပ်သမားများ၏ မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေး၊ ပြည်ပအလုပ်အကိုင် အေဂျင်စီများမှ တင်ပြသော အလုပ်ခေါ်စာများ စိစစ်၍ ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီ၏ အတည်ပြုချက် ရယူဆောင်ရွက်ရေး၊ အလုပ်သမားစေလွှတ်သော ပြည်ပနိုင်ငံများတွင် အလုပ်သမား သံအရာရှိ (labour attache) များထားရှိရေး၊ အသိအမှတ်ပြု အလုပ်သမား သက်သေခံကတ်များ ထုတ်ပေးရေး စသည်တို့ဖြစ်ပါသည်။

အဆိုပါရည်မှန်းချက်များအနက် အလုပ်သမားများ ပြည်ပသို့မထွက်ခွာမီ လုပ်ငန်းခွင်အကြိုသင်တန်းနှင့် ကျွမ်းကျင်မှုသင်တန်းများ ပို့ချပေးနေသည့် အစိုးရပြည်ပ အလုပ်အကိုင်အေဂျင်စီက ကိုရီးယားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့် ရွှေ့ပြောင်းအလုပ်သမားများအား လည်းကောင်း၊ အလုပ်သမား အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနက မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့် ရွှေ့ပြောင်းအလုပ်သမားများကို လည်းကောင်း အကြိုသင်တန်းပို့ချခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ လိုင်စင်ရ ပြည်ပအလုပ်အကိုင် အေဂျင်စီများသည် မိမိတို့ပေးပို့မည့် ရွှေ့ပြောင်းအလုပ်သမားများကို ပြည်ပသို့ မထွက်ခွာမီ အကြိုသင်တန်းပို့ချမှုများမှာ နည်းပါးပါသည်။ ထိုသို့ အကြိုသင်တန်းများပို့ချမှုမရှိသဖြင့် သွားရောက်သည့်ရွှေ့ပြောင်းအလုပ်သမားများသည် ပြည်ပနိုင်ငံသို့ ရောက်ရှိသောအခါ အခက်အခဲများစွာနှင့် ကြုံတွေ့ကြရပါသည်။ ထိုသို့သော အခက်အခဲများကို တွေ့ကြုံရခြင်းမရှိစေဘဲ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာမှုစနစ်ကို အကောင်အထည်ဖော်နေသည့် ပြည်ပအလုပ်အကိုင် အေဂျင်စီတစ်ခု၏ ဆောင်ရွက်မှုများကို လေ့လာ၍ ဆောင်ရွက်စေလိုပါသည်။

အဆိုပါ အေဂျင်စီသည် ပြည်ပသို့ သွားရောက် အလုပ်လုပ်ကိုင်လိုသူများကို ၎င်းတို့၏ဆန္ဒအရသာ လူစုဆောင်းမှုပြုလုပ်ကြောင်း၊ နယ် ကိုယ်စားလှယ်များသည်လည်း ကုမ္ပဏီက ချမှတ်သည့် မူဝါဒအတိုင်း လိုက်နာ ဆောင်ရွက်ကြရကြောင်း၊လိုက်နာမှုမရှိက နယ်ကိုယ်စားလှယ်အဖြစ်မှ ထုတ်ပယ်ခြင်းပြုလုပ်ကြောင်း၊ လူစုဆောင်းရရှိသည့် အလုပ်သမားများကို ၎င်းကုမ္ပဏီမှ ဖွင့်လှစ်ထားသည့် သင်တန်းကျောင်းတွင် ၁၀ ရက်ခန့် အကြိုသင်တန်း (Pre Departure) တက်ရောက်ကြရကြောင်း၊ သင်တန်းကျောင်းတွင် ကျန်းမာရေးစစ်ဆေးခြင်း၊ ခန္ဓာကိုယ်စစ်ဆေးခြင်း၊ စိတ်ကျန်းမာရေးစစ်ဆေးခြင်းတို့ကို ပဏာမပြုလုပ်ကြောင်း၊ ယင်းသို့ စစ်ဆေးပြီးနောက် တစ်ဦးချင်း လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်ကြောင်း၊ သင်တန်းတွင် ဘာသာရပ်အလိုက် ကျွမ်းကျင်သူ ပညာရှင်များက ပို့ချကြောင်း၊ ပို့ချသည့်ဘာသာရပ်များမှာ သွားရောက်မည့် နိုင်ငံ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ၊ အလုပ်သမား ဥပဒေများ၊ အလုပ်မှ ထုတ်ပယ်နိုင်သည့်အချက်များ၊ ကျန်းမာရေးအတွက် နေထိုင်ရေး၊ အချိန်စီမံခန့်ခွဲရေး (Time Management)၊ အလုပ်ရှင်-အလုပ်သမား သဘောတူစာချုပ်၊ နိုင်ငံကူးလက်မှတ်အကြောင်း၊ ဘာသာရေးနှင့် ပတ်သက်၍ အဆုံးအမများ၊ သွားရောက်မည့် စက်ရုံ/အလုပ်ရုံတွင် အလုပ်လုပ်ကိုင်ရမည့် ပုံစံများ၊ မိမိကိုယ်ကိုမိမိ ထိန်းသိမ်းနည်းများ၊ မိသားစုထံ ငွေလွှဲပို့ရန်ကိစ္စများ၊ အလုပ်ခွင်စည်းကမ်းများ စသည်တို့ကို စနစ်တကျ သင်ကြားပေးပါသည်။

အဆိုပါသင်တန်းကြောင့် ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့် ရွှေ့ပြောင်းအလုပ်သမားများသည် ဗဟုသုတများရရှိပြီး မိမိသွားရောက်မည့် နိုင်ငံအကြောင်း၊ အလုပ်ခွင်အကြောင်း စသည်တို့ကို သိရှိပြီး အလုပ်ခွင်အတွင်း စိတ်လက်ချမ်းသာစွာဖြင့် လုပ်ကိုင်နိုင်ကြောင်း သိရှိရပါသည်။

သို့ဖြစ်၍ ပြည်ပအလုပ်အကိုင်အေဂျင်စီများသည် ပြည်ပသို့ မထွက်ခွာမီ သင်တန်းများဖွင့်လှစ်၍ ဆောင်ရွက်ကြပါရန် လိုအပ်ပါသည်။

> ❝ အလုပ်သမား အလုပ်အကိုင်နှင့်လူမှုဖူလုံရေး ဝန်ကြီးဌာနက မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့် ရွှေ့ပြောင်းအလုပ်သမားများကိုအကြိုသင်တန်းပို့ချခြင်းများ ဆောင်ရွက်လျက်ရှိ

စာရေးသူအနေဖြင့် ပြည်ပအလုပ်အကိုင်အေဂျင်စီ လိုင်စင်ရပြီးသူများအား ဝန်ကြီးဌာနနှင့် ပြည်ပအလုပ်အကိုင်အေဂျင်စီအသင်းချုပ်ကြီးကလည်း ပြည်ပသို့ ရွှေ့ပြောင်းအလုပ်သမားများ စေလွှတ်ရာတွင် အကြိုသင်တန်းများ ပေးပြီးမှသာ စေလွှတ်ရန် မူတစ်ရပ်ချမှတ်၍ စီစဉ်ဆောင်ရွက်သင့်သည်ဟု ထင်မြင်ယူဆမိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရာထူးဝန်အဖွဲ့

Union Civil Service Board

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများမှ ကောက်နုတ်ချက်

၁။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၂၆-၃-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ အဆိုပါနေ့မှ စတင်၍ အာဏာတည်ပါသည်။

၂။ ဝေးလံခေါင်သီသောဒေသများနှင့် ခရီးလမ်းပန်းဆက်သွယ်မှုခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား တာဝန်ထမ်းဆောင်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ဝန်ထမ်းအခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်အလို့ငှာ အဆိုပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအနက်မှ ဝန်ထမ်းများ သိရှိသင့်သည့်အချက်များကို ကောက်နုတ်၍ ဖော်ပြခြင်းဖြစ်ပါသည်။

ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း၊ ပြန်လည်ခန့်ထားခြင်းဆိုင်ရာကိစ္စရပ်များ

၃။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအခန်း(၇)တွင် ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း၊ ပြန်လည်ခန့်ထားခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၆၄ မှ နည်းဥပဒေ ၆၉ အထိ သတ်မှတ်ပြဋ္ဌာန်းထားရှိရာ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

နည်းဥပဒေ ၆၄။ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း သို့မဟုတ် ရာထူးမှ ထုတ်ပယ်ခြင်းခံရသည့် ဝန်ထမ်း၏ လစာစရိတ်တို့ကို ယင်းဝန်ထမ်းအား ထုတ်ပစ် သို့မဟုတ် ထုတ်ပယ်သည့်နေ့ရက်မှစ၍ရပ်စဲစေရမည်။

နည်းဥပဒေ ၆၅။ ဝန်ထမ်းတစ်ဦးသည် ဥပဒေကြောင်းအရ ပြစ်ဒဏ်စီရင်ခြင်းခံရသဖြင့် ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်းသို့မဟုတ် ရာထူးမှ ထုတ်ပယ်ခြင်းခံခဲ့ရသော် ယင်းသို့ထုတ်ပစ်ခြင်း သို့မဟုတ် ထုတ်ပယ်ခြင်းသည် တရားရုံးက ပြစ်ဒဏ်စီရင်သည့်နေ့ရက်မှစ၍အကျိုးသက်ရောက်စေရမည်။

နည်းဥပဒေ ၆၆။ တာဝန်မှ ယာယီရပ်ဆိုင်းခြင်းခံရသည့် ဝန်ထမ်းသည် အောက်ပါအတိုင်း စားစရိတ်ထောက်ပံ့ကြေး ခံစားခွင့်ရှိသည်-

(က) တာဝန်မှ ယာယီရပ်ဆိုင်ခြင်းခံရသည့်ပထမတစ်နှစ်အတွက် ပျမ်းမျှလစာ၏ နှစ်ပုံတစ်ပုံနှုန်း၊

(ခ) တစ်နှစ်ပြည့်ပြီး နောက်ပိုင်းကာလအတွက် ပျမ်းမျှလစာ၏ ရှစ်ပုံသုံးပုံနှုန်း၊

နည်းဥပဒေ ၆၇။ တာဝန်မှ ယာယီရပ်ဆိုင်းခြင်းမပြုမီက ဒေသစရိတ်နှင့် အခြားစရိတ်များကို ခံစားနေသော ဝန်ထမ်းသည် တာဝန်မှယာယီရပ်ဆိုင်းထားသည့်ကာလအတွင်း အဆိုပါစရိတ်များကို ယခင်ရရှိသည့်နှုန်းအတိုင်း ဆက်လက်ခံစားခွင့်ရှိသည်။

နည်းဥပဒေ ၆၈။ တာဝန်မှ ယာယီရပ်ဆိုင်းခဲ့သည့်ဝန်ထမ်းကို အမှုကိစ္စများပြီးဆုံး၍ ပြန်လည်ခန့်ထားသည့်အခါဖြစ်စေ၊ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း သို့မဟုတ် ရာထူးမှ ထုတ်ပယ်ခြင်းပြုခဲ့ပြီးနောက် ပြန်လည်ခန့်ထားသည့်အခါ၌ ဖြစ်စေ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးသည်-

(က) ဝန်ထမ်းကို တာဝန်မှ ယာယီရပ်ဆိုင်းထားခဲ့သည့်ကိစ္စ သို့မဟုတ် ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခဲ့သည့်ကိစ္စ သို့မဟုတ် ရာထူးမှ ထုတ်ပယ်ခဲ့သည့်ကိစ္စတွင် ဝန်ထမ်း၌ အပြစ်လုံးဝမရှိကြောင်းတွေ့ရှိရ၍ အပြစ်မှကင်းလွတ်ခွင့်ပြုပြီး ပြန်လည်ခန့်ထားခဲ့သောအခါ ရာထူးမှ ကင်းကွာနေခဲ့သည့်ကာလအတွက် ခံစားခွင့်ရှိမည်ဖြစ်သော လစာအပြည့်နှင့် စရိတ်တို့ကို ပြန်လည်ထုတ်ယူခွင့်ပြုရမည့်အပြင် ရာထူးမှ ကင်းကွာနေခဲ့ရသည့်ကာလကို တာဝန်ချိန်အဖြစ် သတ်မှတ်ရမည်။

(ခ) ဝန်ထမ်း၌ အပြစ်တစ်စုံတစ်ရာတွေ့ရှိရသော်လည်း ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်းခံထိုက်သော ပြင်းထန်သည့် ကျူးလွန်မှုမဟုတ်ခြင်းကြောင့် အမှုကိစ္စ၏အတိမ်အနက်ကိုလိုက်၍ မူလရာထူး၌ဖြစ်စေ၊ အခြားရာထူးတစ်ခု၌ဖြစ်စေ ပြန်လည်ခန့်ထားခဲ့လျှင် ရာထူးမှကင်းကွာနေခဲ့ရသည့် ကာလအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးက အောက်ပါအတိုင်း သတ်မှတ်ခွင့်ပြုနိုင်သည်-

(၁) လစာနှင့်စရိတ်၏ တစ်စိတ်တစ်ဒေသကို ခွင့်ပြုခြင်း၊

(၂) ရာထူးမှကင်းကွာနေခဲ့သည့်ကာလကို တာဝန်ချိန်အဖြစ် သတ်မှတ်ခြင်း၊

(၃) ရာထူးမှ ကင်းကွာနေခဲ့သည့်ကာလကို ခွင့်ကာလအဖြစ် သတ်မှတ်ခြင်း၊

(၄) ရာထူးမှ ကင်းကွာနေခဲ့သည့် ကာလကို ခွင့်ကာလဟုသတ်မှတ်ပြီး လစာကို ခွင့်လစာအဖြစ် သတ်မှတ်ခြင်း။

(ဂ) တာဝန်မှ ယာယီရပ်ဆိုင်းခြင်းမှ ကင်းလွတ်ခွင့်ပြု၍ ဒေသပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ဝန်ထမ်းသည် ပြောင်းရွှေ့ခရီးစရိတ် ရခွင့်မရှိကြောင်း အမိန့်ချမှတ်မထားပါက ပြောင်းရွှေ့ခရီးစရိတ် ရခွင့်ရှိသည်။

နည်းဥပဒေ ၆၉။ တာဝန်မှယာယီရပ်ဆိုင်းထားစဉ်အတွင်း ဝန်ထမ်းကို မည်သည့်ခွင့်မျှ ခံစားခွင့်မပြုရ၊ သို့ရာတွင် ယင်းကာလအတွင်း မီးဖွားခြင်း၊ အရေးပေါ်မကျန်းမာမှုအရ ဆေးရုံတက်ရခြင်း၊ ဆေးကုသရခြင်း၊ ယခင်က တာဝန်ထမ်းဆောင်မှုကြောင့် မသန်စွမ်းဖြစ်မှု ပိုမိုဆိုးရွားလာခြင်းအတွက် ဆေးကုသရခြင်း အထူးမသန်စွမ်းခွင့် ခံစားရမည့် အခြေအနေတစ်မျိုးမျိုးဖြစ်လာပါက ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက ထူးခြားသည့် အခြေအနေတစ်ရပ်ဟု ယုံကြည်လက်ခံလျှင် သက်ဆိုင်သည့်ခွင့်ခံစားခွင့်ပြုရန် စဉ်းစားဆောင်ရွက်နိုင်သည်။

နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများအနက် အခြားသိရှိသင့်သည့်အချက်များကို ဆက်လက်ဖော်ပြသွားပါမည်။

ထိုင်းနိုင်ငံသို့ တရားမဝင်အလုပ်လုပ်ရန်လာရောက်သူ ၁၁ ဦးအား အသိပညာပေးပြီးပြန်လွှတ်

တာချီလိတ် ဩဂုတ် ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဆွေမျိုးသားချင်းမရှိဘဲ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ သွားရောက်အလုပ်လုပ်မည့် မြန်မာအမျိုးသား ခြောက်ဦးနှင့် အမျိုးသမီးငယ် ငါးဦးအား တားဆီးအသိပညာပေးပြီး နေရပ်သို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။

ရှင်းလင်းဟောပြော

ဇူလိုင် ၃၁ ရက် နံနက် ၁၁ နာရီခွဲက ယာဉ်မောင်း ကိုဦး မောင်းနှင်သည့် ငွေအိုးစည်ခရီးသည်တင်အမြန်ယာဉ်ငယ်ဖြင့် လိုက်ပါလာသော မောင်စိုင်းလုံ(၁၉ နှစ်)၊ မောင်စိုင်းဝါလှိုင်တိ(၂၅ နှစ်)၊ မောင်စိုင်းပွန့်(၂၅ နှစ်)၊ မောင်စိုင်းမောင်(၁၉ နှစ်)၊ မောင်စိုင်းမောင်ဆွဲ(၁၆ နှစ်)၊ မောင်ခွန်ထွန်းရီ(၃၀နှစ်)၊ မနန်းမြဦး (၂၄ နှစ်)၊ မနန်းခမ်းလီ(၁၉ နှစ်)၊ မနန်းလှ(၂၃ နှစ်)၊ မနန်းမြဦး(၂၂ နှစ်)၊ မနန်းမွန်းမိုင်(၁၈နှစ်) မကောက်ရွာ ကုန်းဆွတ်အုပ်စု ဆီဆိုင်မြို့နယ်နေ အမျိုးသားခြောက်ဦးနှင့် အမျိုးသမီးငါးဦးတို့သည် ကျိုင်းတုံကားကြီးကွင်းအရောက် ရွှေမြို့တော်ခရီးသည်တင်မှန်လုံယာဉ်ဖြင့် ထပ်ဆင့်လိုက်ပါလာကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စိတ်(၁၈) ကျိုင်းတုံမှ စိစစ်ရန် သတင်းပေးချက်အရ မယ်ယန်းပူးပေါင်း စစ်ဆေးရေးဂိတ် တာဝန်ကျဒုတပ်ကြပ် ဝင်းကြိုင်က စိစစ်နိုင်ရန် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့စိတ်(၁)ရုံးသို့ ခေါ်ဆောင်စစ်ဆေးခဲ့ရာ ၎င်းတို့ ၁၁ ဦးသည် တာချီလိတ်နှင့် ထိုင်းနိုင်ငံတွင် ဆွေမျိုးသားချင်းများမရှိဘဲ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ သွားရောက်အလုပ်လုပ်ကိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် တားဆီးခဲ့ပြီး ခေတ္တတပ်ဖွဲ့စိတ်မှူး ရဲအုပ်မင်းအောင်နှင့် ရဲအုပ် မင်းဇော်တို့က တစ်ဖက်နိုင်ငံသို့ တရားမဝင်သွားရောက်ပါက လူမှောင်ခိုမှ တစ်ဆင့် လူကုန်ကူးဖြစ်ပွားတတ်ပုံ၊ လူကုန်ကူးခံရပါက ရရှိနိုင်သည့် ဆိုးကျိုးများကို အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ပြီး ညနေ ၆ နာရီ ၄၅ မိနစ်တွင် ယာဉ်မောင်း ကိုစိုင်း မောင်းနှင်သော ရှမ်းရွှေလီယာဉ်ဖြင့် ၎င်းတို့ ၁၁ ဦးအား ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဒုတိယဝန်ကြီးဒေါက်တာလင်းအောင် လုပ်ငန်းဆိုင်ရာများကြည့်ရှုစစ်ဆေး

ရန်ကုန်　ဩဂုတ်　၃

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာလင်းအောင်သည် ဩဂုတ် ၂ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆု ဌာနခွဲ၌ ကျင်းပသည့် (၃၀၇) ကြိမ်မြောက် အောင်ဘာလေသိန်းဆု ဖွင့်ပွဲသို့တက်ရောက်ပြီး ထီဆုမဲစနစ်ပြောင်းလဲ၍ ထီကံစမ်းမဲနှိုက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သန်လျင်မြို့နယ် အခွန်ဦးစီးဌာနမှူး ရုံးသို့ရောက်ရှိပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများအားတွေ့ဆုံသည်။ ထိုမှတစ်ဆင့် ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်းသို့ရောက်ရှိ၍ အကောက်အခွန်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့်တာဝန်ရှိသူများအား တွေ့ဆုံကာ ပို့ကုန်သွင်းကုန်လုပ်ငန်းများ စစ်ဆေးကြပ်မတ်လျက်ရှိသည့် အခြေအနေများနှင့်ယာဉ်တင်သွင်းခြင်းလုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များ ထုတ်ယူရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီမှု ရှိစေရေး၊ အဆင်ပြေချောမွေ့စွာဖြင့် တိကျမှန်ကန်မြန်ဆန်စွာ ထုတ်ယူရရှိနိုင်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ သန်လျင်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲသို့ ရောက်ရှိ စစ်ဆေးပြီး ဘဏ်ဝန်ထမ်းများအနေဖြင့် မိမိတို့ဘဏ်သို့ လာရောက်သည့်ပြည်သူအများ စိတ်ချမ်းမြေ့စေရေးအတွက် ယဉ်ကျေးပျူငှာ ချိုသာစွာဖြင့် ပြောဆိုဆက်ဆံကာ အလေးထား ဆောင်ရွက်ပေးကြရန် မှာကြားသည်။

မှာကြား

ယင်းနောက် ဒုတိယဝန်ကြီးသည် တောင်ဒဂုံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးနှင့် လသာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးတို့သို့ ရောက်ရှိ၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လုပ်ငန်းလျာထားချက်များ ပြည့်မီကျော်လွန်စေရေး၊ ဖြစ်သင့်ဖြစ်ထိုက် ရသင့်ရထိုက်သည့် အခွန်များရရှိစေရေး၊ စည်းကြပ်ကောက်ခံရမည့် အခွန်အကောက်များကို လွတ်ကင်းမှုလျော့နည်းမှု မရှိစေဘဲ ဥပဒေများနှင့်အညီ အပြည့်အဝရရှိအောင် ဆောင်ရွက်ရေး၊ အခွန်ရုံးများအပေါ် ပြည်သူများ၏ ယုံကြည်ကိုးစားမှုရရှိစေရေး၊ အခွန်ရုံးများကို ခေတ်မီနည်းပညာဖြင့် စနစ်တကျဆောင်ရွက်နိုင်သည့် ရုံးများဖြစ်အောင် အဆင့်မြှင့်တင်စေရေးနှင့် လိမ္မာယဉ်ကျေး၍ အကျင့်စာရိတ္တကောင်းမွန်ပြီး အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ဝန်ထမ်းကောင်းများ ဖြစ်စေရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၄၇)ကြိမ်မြောက်အာဆီယံအထိမ်းအမှတ် စာစီစာကုံးနှင့်ထုပ်ဆီးတိုးပြိုင်

ပျဉ်းမနား　ဩဂုတ်　၃

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၂ ရက် နံနက် ၉ နာရီက ၂၀၁၄ ခုနှစ် (၄၇)ကြိမ်မြောက် အာဆီယံနေ့အထိမ်းအမှတ်အဖြစ် စာစီစာကုံးနှင့် ထုပ်ဆီးတိုးပြိုင်ပွဲများကို ကျောင်းသားကျောင်းသူများဖြင့် ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲကို "၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌမြန်မာနိုင်ငံ"၊ "ရှေ့သို့တူညီ တက်လှမ်းချီငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ"၊ "မိမိမျှော်မှန်းသော အာဆီယံအသိုက်အဝန်း" ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်စေသည်။ ပြိုင်ပွဲသို့ အလယ်တန်းအဆင့် ၁၈ဦး၊ အထက်တန်းအဆင့် ၁၈ဦး၊ ကျောင်းသားကျောင်းသူများယှဉ်ပြိုင်ခဲ့ကြပြီး ထုပ်ဆီးတိုးပြိုင်ပွဲကို ကျောင်းကောင်စီအသင်း ငါးသင်းမှ တစ်သင်းလျှင် အားကစားသမား ၁၀ဦးဖြင့် ယှဉ်ပြိုင်ကြ၍ ဆရာ ဆရာမ ၇၈ဦးနှင့် ကျောင်းသား ကျောင်းသူ ၁၀၀၀ ကျော် အားပေးခဲ့ကြသည်။

ပြိုင်ပွဲသို့ နေပြည်တော် ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မာကြူမင်း၊ ဒက္ခိဏခရိုင်ပညာရေးမှူးဦးအောင်ကျော်စိုး၊ ပျဉ်းမနားမြို့နယ်ပညာရေးမှူး ဦးသန်းလင်းနှင့် အ. ထ. က(၁)ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာတို့က အားပေးကြည့်ရှုကြကြောင်း သိရသည်။

မျိုးဇေယျာ(ပျဉ်းမနား)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ပေး

တာချီလိတ်　ဩဂုတ် ၃

တာချီလိတ်မြို့နယ် လွယ်တော်ခမ်းအုပ်စု ကြိုးတံတားကျေးရွာနှင့် ရေပူစမ်း (စံပြ) တောင်ပေါ်ကျေးရွာ၌ ဇူလိုင် ၂၄ ရက်မှ ၃၁ ရက်အထိ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ် ပေးခဲ့ရာ ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာလွင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အလှူရှင်များက ကြည့်ရှုကူညီပေးခဲ့ကြပြီး အသက် ၁၀ နှစ်ပြည့်သူ၊ အသက် ၁၈ နှစ်ပြည့်သူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံးပျက်စီးသူ ၂၀၀ တို့အား အခမဲ့နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အလားတူ တာချီလိတ်မြို့နယ် တာလေမြို့၊ မိုင်းလင်း(အနောက်)အုပ်စု၊ မအန်ခန်ရွာ၊ တော်ကော့ရွာ၊ ဖေဟိုင်ရွာ၊ ကုန်းဆာရွာတို့၌ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောသန်းမြင့်နှင့် ဝန်ထမ်းများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် အလှူရှင်များက ကြည့်ရှုကူညီပေးခဲ့ကြပြီး အသက် ၁၀ နှစ် ပြည့်သူ၊ အသက် ၁၈ နှစ်ပြည့်သူ ၄၁ ဦးတို့ကို နိုင်ငံသား စိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း　၃-၈-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၆၉၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၀၁၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၆၉၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၈၅
ဒီဇယ်	တစ်လီတာ	ကျပ် ၉၆၂
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၂၂၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၁၀၀၀

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၅၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၂၀၀-၄၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၀၀၀-၇၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၅၀၀-၈၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၅၀၀၀-၂၇၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၇၀၀၀-၁၅၀၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၂-၉၈၅
ဥရောပ	တစ်ယူရို	၁၃၂၅-၁၃၃၅
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၀
ထိုင်း	တစ်ဘတ်	၁၃.၅-၃၀.၉၅
အိန္ဒိယ	တစ်ရူပီး	၁၃.၂-၁၅.၂
တရုတ်	တစ်ယွမ်	၁၆၅-၁၇၃
မလေးရှား	တစ်ရင်းဂစ်	၃၀၂-၃၁၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။

မကွေးနယ်မှ နှမ်းစိုက်တောင်သူများ အောင်မြင်ဖြစ်ထွန်း

မကွေး　ဩဂုတ်　၃

မြန်မာနိုင်ငံ၏ ဆီအိုးကြီးဟု တင်စားခေါ်ဝေါ်ကြသော မြန်မာပြည်အလယ်ပိုင်း မကွေးတိုင်းဒေသကြီးထဲမှ ဆီထွက်သီးနှံအများဆုံးစိုက်ပျိုးသော မကွေးမြို့နယ်မှ နှမ်းစိုက်တောင်သူ ၇၀ ရာခိုင်နှုန်းခန့်သည် မိုးဦးကျတစ်လနောက်ကျ၍ စိုက်ပျိုးရသော်လည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မကွေးမြို့နယ်သည် မြန်မာပြည်၏ မိုးနည်းရပ်ဝန်းဒေသဖြစ်သော်လည်း နှစ်စဉ်နှစ်တိုင်း မေလဒုတိယပတ်တွင် စိုက်ပျိုးရကြောင်း၊ အလွန်ဆုံးမေလတတိယပတ် မေ ၂၀ ရက်ဆိုတာ နောက်ဆုံးဖြစ်ကြောင်း၊ ယခုနှစ်မှာတော့ ဇွန်လတတိယပတ်ရောက်မှ စိုက်ပျိုးရ၍ တစ်လတိတိနောက်ကျသွားကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"နှမ်းက မြေပဲလို မိုးများ၊ မိုးနည်းတာမကြိုက်ဘူး။ ကျွန်တော်တို့ဘက်ကလည်း မလိုအပ်ရအောင် ထွန်မွှေ၊ ပေါင်းသင်၊ ပေါင်းရှင်း၊ မြေဩဇာကျွေးခြင်းနှင့်အားဆေး၊ ပိုးသတ်ဆေးတို့ကိုလည်း ဂရုတစိုက်ဖျန်းပေးတဲ့အပြင် မိုးကလိုအပ်တဲ့အချိန်မှာ ပုံမှန်လေးရွာပေးတော့ အလိုလိုကောင်းနေပါတယ်။ ဒီနှစ်မှာ တောင်သူအများစုက ပိုင်ဆိုင်မှုရဲ့ လေးပုံသုံးပုံကို နှမ်းစိုက်ထားကြတယ်။ မြေပဲကိုတော့ နွားစာရရုံ အရန်သဘောသာစိုက်ပျိုးထားပြီး ဆောင်းသီးနှံကြမှပဲပိုစိုက်မယ်"ဟု ထုံးပေါက်တော ကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

"မိုးနောက်ကျသည့် အတွက် စောစောပေါ်မည့် သက်နုအမျိုးအစား ဇုန်ဖြူ၊ ဇလပ်ဖြူ မန်နေဂျာနှမ်းများကိုစိုက်ပျိုးကြကြောင်း၊ ဆီထွက်ကောင်းပြီး ဈေးကောင်းရသည့် သက်ရင့်စမုန်နက်နှင့် နှမ်းနီစိုက်သူနည်းကြောင်း၊ အထူးသဖြင့်မကွေးမြို့ မြန်မာ့စိုက်ပျိုးရေးမှ စမ်းသပ်အောင်မြင်ထားသော ရေဆင်း 2014 နှမ်းမျိုးကို အစိုက်များပြီး တစ်ဧကလျှင် ၁၄ တင်းအထက်ထွက်ရှိမည်ဟုခန့်မှန်းထားကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

မျိုးမင်း(ထုံးပေါက်တော)

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

ပြင်ဆင်ဖတ်ရှုပါရန်

(၃၀၇)ကြိမ်မြောက် ကန်တော်ကြီး၊ ထိပ်တန်း၊ မိုးယံ+၃၊ ကံကြီးမောင်+၁၀၊ အောင်သပြေ+၁၊ နဝရတ်သိန်းထီပေါက်စဉ်များတွင် စောင်ရေအနည်းငယ်၌

ကျပ် (၂)သိန်းဆု

နှ-၁၇၆၉၁၆	လ-၁၇၉၈၅၂
င-၁၈၃၈၇၆	စ-၂၁၇၇၈၄
က-၄၅၇၀၃၁	ပ-၅၂၁၃၁၃
ပ-၆၀၁၆၄၄	ဒ-၇၇၂၂၁၉

တို့အစား

ဒ-၁၇၆၉၁၆	လ-၈၇၉၈၅၂
င-၁၈၃၇၈၆	စ-၂၈၇၇၈၄
က-၄၅၇၀၃၈	ပ-၅၂၁၃၇၃
မ-၆၀၁၆၄၄	ဒ-၇၇၂၂၁၉

ဟု ပြင်ဆင်ဖတ်ရှုပါရန်။

သွေးသည် အသက်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၄၄

ဒေါ်လင်ကျီ	နှင့်	ဒေါ်ဝေဝေ (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်သန္တာမြင့်)
တရားလို		**တရားပြိုင်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၅ လမ်း၊ ၃၂×၃၃ လမ်းကြားနေ ဒေါ်ဝေဝေ ၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်သန္တာမြင့် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက် (စစ-၃)၊ ဦးပိုင်အမှတ်(၇)၊ မြေကွက်နှင့် ပတ်သက်၍ တရားလိုတရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဩဂုတ် ၁၅ ရက် (၁၃၇၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဩဂုတ် ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်ဇင်နိုင်)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ချမ်းမြသာစည်မြို့နယ်တရားရုံး

1 . 8 . 2014 တွင် Junction ၌စတင်ပြသမည့် ဇာတ်ကားများ

Junction Square (Ph - 01 527055, 09 2544 24544)

The Extreme Fox	Sun to Thu	10 AM , 1 PM , 4 PM , 7 PM
	Fri & Sat	10 AM , 1 PM , 4 PM , 7 PM , 9 . 30 PM
Z Storm (Dell Digital Cinema)	Fri to Sun	10 AM , 4 PM
In The Dark (Dell Digital Cinema)	Fri to Sat	1 PM , 7 PM , 9 . 30 PM ; Sun 1 PM , 7 PM
	Mon to Thu	10 AM , 1 PM , 4 PM , 7 PM
ဓားခံနန်းစာသင်	Sun to Thu	10 AM , 12 . 30 PM , 3 . 30 PM , 6 . 30 PM
	Fri & Sat	10 AM , 12 . 30 PM , 3 . 30 PM , 6 . 30 PM , 9 . 30 PM

Junction Nay Pyi Taw (Ph - 067 421 615)

တိုက်ဆိုင်မှုရှိလျှင်	Mon to Thu	11 AM , 2 PM , 6 . 30 PM
	Fri to Sun	10 . 30 AM , 1 . 30 PM , 4 . 30 PM , 7 . 30 PM

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

သက်တမ်းလွန်ဆေးဝါးများ၊ စားသောက်ကုန်လူသုံးကုန်ပစ္စည်းများ မီးရှို့ဖျက်ဆီး

မန္တလေး ဩဂုတ် ၃

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ သက်တမ်းလွန်ဆေးဝါးများ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်းနှင့် မြေမြှုပ်ဖျက်ဆီးခြင်းကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီခွဲက အေးရိပ်ငြိမ်သုသာန်၌ ကျင်းပရာ ရှေးဦးစွာ မီးရှို့ဖျက်ဆီးရာသို့ အစား အသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဒေါက်တာအေးငြိမ်းမြတ်၊ ခရိုင်ကျန်းမာရေးဦးစီးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မြို့တော်စည်ပင်သာယာရေး ဌာနခွဲတာဝန်ခံဆရာဝန်ကြီးနှင့် ဆရာဝန်များက တက်ရောက်၍ အဆိုပါ သက်တမ်းလွန် ဆေးဝါးပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို မီးရှို့ဖျက်ဆီးမည့်အခြေအနေများနှင့် ဓာတုဗေဒပစ္စည်းများ မြေမြှုပ်ဖျက်ဆီးမှု အခြေအနေများကို တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းဝင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် မန္တလေးမြို့ အခြေစိုက် လူသုံးကုန်၊ စားသောက်ကုန် ဖြန့်ဖြူးရေးလုပ်ငန်းများမှ ဖျက်ဆီးရန် အပ်နှံလာသော ငွေကျပ် ၂၁၉၀၀၃၂၅ ဒသမ ၆၅ တန်ဖိုးရှိ AA Medical Product မှ ဆေးမျိုးစုံ၊ ငွေကျပ် ၃၆၉၅၆၄၃၉ ကျပ်တန်ဖိုးရှိ Mega life se,Ltd မှ (Nestle)စားသောက်ကုန်များ၊ ငွေကျပ် ၅၄၂၇၀၄၅ ကျပ်တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများ၊ ငွေကျပ် ၈၂၂၇၇၇၆တန်ဖိုးရှိ ဆေးဝါးပစ္စည်းများ၊ ငွေကျပ် ၃၅၇၈၉၈၂၀ တန်ဖိုးရှိ GSE စားသောက်ကုန်များ စုစုပေါင်းတန်ဖိုး ၈၆၄၀၁၀၈၀ ကျပ်တို့ကို မီးရှို့ဖျက်ဆီးခဲ့ပြီး ခုတင် ၃၀၀ ကလေးဆေးရုံကြီးမှ ဓာတုဗေဒပစ္စည်းများကို မြေမြှုပ်ဖျက်ဆီးခဲ့ရာ စုစုပေါင်းငွေကျပ် ၁၀၈၃၀၁၄၀၅ ဒသမ ၆၅ ရှိ ပစ္စည်းများကို ဩဂုတ် ၃ ရက်က ဖျက်ဆီးခဲ့သည်။ အဆိုပါ သက်တမ်းလွန်စားသုံးရန် မသင့်သော အစားအသောက်၊ ဆေးဝါးများအား စစ်ဆေးခြင်း၊ အသိပညာပေးခြင်း၊ သိမ်းဆည်းခြင်းများကို ပုံမှန်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပစ္စည်းများကို မီးရှို့ဖျက်ဆီး၍ ကလေးဆေးရုံကြီး ခုတင် ၃၀၀ တွင် ၁၉၃၀ ပြည့်နှစ်က ထုတ်ပေးထားသော သက်တမ်းလွန် အသုံးပြုမရသော ဆေးရုံသုံးဓာတုဗေဒဆေးဝါးများ ပါဝင်ပြီး အခြားဆေးဝါးများဖြင့် တွဲဖက်ထားရှိပါက အာနိသင်ပြောင်းလဲခြင်း၊ ဓာတုအဆိပ်အတောက် ဓာတ်ငွေ့များဖြစ်ခြင်း၊ ပတ်ဝန်းကျင်ရှိ ဝန်ထမ်းများ၊ လူနာများထိခိုက်နိုင်ခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် နိုင်ငံတကာ စွန့်ပစ်နည်း လမ်းစဉ်များအတိုင်း မြေကျင်းတွင် ကွန်ကရစ်ပိုက်ခွေဖြင့် စနစ်တကျမြှုပ်နှံဖျက်ဆီးခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

ကြက်များကိုထင်းချောင်းဖြင့် ခြောက်လှန့်ပစ်ပေါက်ရာမှ မိခင်ဖြစ်သူကိုထိမှန်သေဆုံး

ဂန့်ဂေါ ဩဂုတ် ၃

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် မောက်ကျေးရွာတွင် သားဖြစ်သူက အိမ်မွေးတိရစ္ဆာန်ကြက်များကို ထင်းချောင်းဖြင့် ခြောက်လှန့် ပစ်ပေါက်လိုက်ရာမှ မိခင်ဖြစ်သူ၏လည်ပင်းကိုထိမှန်ပြီး မိခင်ဖြစ်သူ သေဆုံးသွားခဲ့ရသော ဖြစ်ရပ်တစ်ခု ဇူလိုင် ၂၉ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါနေ့ညနေ ၅နာရီခွဲက ဂန့်ဂေါမြို့နယ် မောက်ကျေးရွာနေ မောင်မျိုးမြတ်အောင် (၂၃နှစ်)နှင့် ၄င်း၏မိခင်ဖြစ်သူ ဒေါ်သန်းအေး (၆၅ နှစ်)တို့ နေအိမ်တွင် ထမင်းအတူ စားနေကြစဉ် မိခင်ဖြစ်သူ ဒေါ်သန်းအေးမှာ ဟင်းခူးခပ်ရန်အတွက် မီးဖိုချောင်အတွင်းသို့ ဝင်ရောက်သွားခဲ့သည်။ ထိုအချိန်တွင် မီးဖိုချောင် အပေါက်ဝဝန်းကျင်သို့ အိမ်မွေးတိရစ္ဆာန်ကြက်များ ဝင်လာသဖြင့် မောင်မျိုးမြတ်အောင်က ကြက်များကို ထင်းချောင်းဖြင့် ခြောက်လှန့် ပစ်ပေါက်လိုက်ရာ ဟင်းခူးပြီး မီးဖိုချောင်ထဲမှ ပြန်ထွက်လာသောမိခင်ဖြစ်သူ ဒေါ်သန်းအေး၏ လည်ပင်းအလယ်တည့်တည့်သို့ ထိမှန်သွားပြီး မိခင်ဖြစ်သူမှာ မြေပေါ်သို့လဲကျသွားခဲ့သည်။

မောင်မျိုးမြတ်အောင်က မြေပေါ်တွင်လဲကျနေသော မိခင်ဖြစ်သူ ဒေါ်သန်းအေး၏ လည်ပင်းတွင် စိုက်ဝင်နေသည်ကို တွေ့ရသဖြင့် ထင်းစကို ဆွဲနုတ်ပြီးနောက် နေအိမ်အပြင်သို့ထွက်ကာ ပတ်ဝန်းကျင်ရှိ လူများအား အော်ဟစ်၍အကူအညီတောင်းခံခဲ့သည်။

ထိုအချိန်တွင် မောင်မျိုးမြတ်အောင်၏ ဦးလေးတော်စပ်သူတစ်ရွာတည်းနေ ဦးသာကျော်ရောက်ရှိလာပြီးကြည့်ရှုရာ ဒေါ်သန်းအေးမှာ သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် ဦးသာကျော်က မောင်မျိုးမြတ်အောင်အားခေါ်ဆောင်ကာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဖေမြင့်ထံတွင် အပ်နှံခဲ့ကြောင်း ကန်နယ်မြေရဲစခန်း၏ တိုင်တန်းချက်တွင်ဖော်ပြထားချက်အရသိရသည်။ ထိုဖြစ်ရပ်နှင့် စပ်လျဉ်း၍ ကန်နယ်မြေရဲစခန်းက မောင်မျိုးမြတ်အောင်ကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

အဘိုးအိုတစ်ဦးအိပ်ပျော်ရင်းသေဆုံး

ရန်ကုန် ဩဂုတ် ၃

ဇူလိုင် ၂၁ ရက်ညက ကွန်တိန်နာကားကြီးပွတ်တိုက်မိ၍ သေကံမရောက် အသက်မပျောက်ခဲ့သော အဘိုးအိုတစ်ဦးမှာ ဇူလိုင် ၃၁ ရက် ညဦးပိုင်းက ကြည့်မြင်တိုင်မြို့နယ် ဗားကရာဆိပ်ခံဗောတံတား အမှတ်(၂)အပေါ်၌ အိပ်ပျော်နေရာမှ ဩဂုတ် ၁ ရက်နံနက် ၆ နာရီခန့်တွင် သေဆုံးနေကြောင်း အနီးပတ်ဝန်းကျင်မှသူများ၏ သတင်းပေးချက်အရ ဗားကရာရဲကင်းမှ သိရသည်။

သေဆုံးသူအဘိုးအိုအမည်မှာ ဦးဌေးဝင်းဖြစ်၍ အသက်(၇၀ နှစ်)ခန့်ရှိပြီး အိုးမဲ့၊ အိမ်မဲ့ဘဝဖြင့် ဗောတံတားပေါ်တွင် လာရောက်အိပ်နေသူဖြစ်သည်။ နေ့ခင်းတွင်ကြည့်မြင်တိုင်၊ စမ်းချောင်းမြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်းများ၌ သန့်ရှင်းရေးလုပ်ပေးပြီး ပေးကမ်းသောဆွမ်းကျန်၊ ဟင်းကျန်များဖြင့်စားသောက်နေထိုင်သူတစ်ဦးဖြစ်ကြောင်း ပတ်ဝန်းကျင်မှ စုံစမ်းသိရှိရသည်။

ဗောတံတားပေါ်ရှိ ကွမ်းယာရောင်းသောအမျိုးသမီးကြီးတစ်ဦးက "ပြီးခဲ့သည့် နှစ်နှစ်လောက်က သူ့ဇနီးဒေါ်အေးအေးသန်းလည်း ဒီတံတားပေါ်မှာ သေဆုံးခဲ့တာပဲ'' ဟု ဆိုသည်။

ဗားကရာဆိပ်ကမ်းရဲကင်းမှ ရဲတပ်ကြပ်ကြီး မောင်မောင်အောင်က "ပြီးခဲ့တဲ့ ဇူလိုင်၂၁ ရက်ည ၈ နာရီလောက်က ကမ်းနားလမ်း ဗားကရာမီးပွိုင့်အနီးမှာပဲ ကွန်တိန်နာကားကြီးနဲ့ထိခိုက်မိလို့ အနောက်ပိုင်းဆေးရုံကြီးကို ပို့ပေးခဲ့ရသေးတယ်" ဟု ပြောကြားခဲ့သည်။ **ဘော်ဂါသွေး**

ဆင်ဆာမဲ့ခွေ ဖြန့်ချိသူများအား အရေးယူ

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည်ဆင်ဆာမဲ့နိုင်ငံခြားခွေများ ငှားရမ်းခြင်း၊ ကူးယူခြင်းများပြုလုပ်နေကြောင်း သတင်းအရ ပုဇွန်တောင်မြို့နယ် (၂)ရပ်ကွက် အနော်ရထာလမ်းရှိ ခွေအငှားဆိုင်နှင့် ခွေကူးယူခြင်းများလုပ်ကိုင်နေသည့် (၃)ရပ်ကွက် တာဝတိံသာလမ်းရှိ နေအိမ်သို့ ဇူလိုင် ၃၀ ရက်က စစ်ဆေးရှာဖွေဖမ်းဆီးခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ရှာဖွေဖမ်းဆီးခဲ့ရာ အခွေအငှားဆိုင်တွင် ဆိုင်ရှင်ဖြစ်သူ ဒေါ်အေးမြင့်အား တွေ့ရပြီး ဆင်ဆာမဲ့နိုင်ငံခြားဇာတ်လမ်းခွေ VCD/ DVD အချပ် ၃၀၉၀၀၊ စာရင်းမှတ်တမ်းစာအုပ်နှစ်အုပ်၊ ခွေငှားခရရှိငွေကျပ် ၁၉၀၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ခွေကူးခြင်းလုပ်ကိုင်သည့် တာဝတိံသာလမ်းရှိနေအိမ်သို့ ရှာဖွေရာအိမ်ရှင်ဖြစ်သူ မနီလာဝင်းအားတွေ့ရှိရပြီး နေအိမ်ထပ်ခိုး ရှေ့ခန်းအတွင်းမှ တစ်ကြိမ်ကူးလျှင် အခွေ ၁၁ချပ်ထွက်သည့် အခွေကူးစက် ၁၀လုံး၊ UPS လေးလုံး၊ ၁၇လက်မ Monitor တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ Colour Printer တစ်လုံး၊ Scanner တစ်လုံး၊ ခွေထည့်သည့် ပလတ်စတစ်အိတ် ၁၀၀၀၊ နိုင်ငံခြားဇာတ်လမ်းကာဘာမျိုးစုံ အရွက် ၁၅၀၀၊ ဆင်ဆာမဲ့နိုင်ငံခြားဇာတ်လမ်းခွေမျိုးစုံ အချပ် ၈၇၀၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်းသိရပြီး ယင်းကဲ့သို့ ဆင်ဆာမဲ့နိုင်ငံခြားခွေများ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ပုဇွန်တောင်မြို့မရဲစခန်းက ဒေါ်အေးမြင့်နှင့် မနီလာဝင်းတို့ကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

INTERNATIONAL SOCIETY OF NEPHROLOGY
CME ACTIVITY ON
"GLOMERULONEPHRITS"
You are cordially invited to attend International Society of Nephrology- CME activity on
" GLOMERULONEPHRITIS" according to the following program.
Program
8th Aug 2014 : (1 pm - 4 pm)
Pre-symposium workshop on
"Interpretation of Renal Histology for Glomerular Diseases"
9th Aug 2014: (9am - 5: 30 pm)
CME Leacture on " GLOMERULONEPHRITIS"
Venue
Sky Star Hotel
No. 51/B/1, East Horse Race Course Road, Tamwe Township, Yangon, Myanmar.
Please Register Here
Department of Nephrology, 500 bedded Speciality Hospital, Yangon. 09 5068642
Department of Nephrology, Thingangyun Sanpya Hospital, Yangon. 09 5009311
Department of Nephrology, Defence Service General Hospital, Yanogn. 095149670
Department of Nephrology, Mandalay General Hospital, Mandalay. 095018752
Registration Fee
Regular = 20,000 Kyats
Students = 10,000 Kyats (Seats limited)
Note: Can Participate in both activities without registration
But lunch may only be served for registered person.
With Warm Regards,
Organizing Committee

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့(၄)နှင့် အထူးစီမံကိန်းကြီးအဖွဲ့ (၂)တို့မှ တာဝန်ယူတည်ဆောက်ရသော ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီတံတား(ထီးချိုင့်) တည်ဆောက်ခြင်းလုပ်ငန်းတွင် လိုအပ်သည့် အထူးစီမံကိန်းကြီးအဖွဲ့(၄)၊ ထီးချိုင့်ဘက်ခြမ်းမှ ဒီဇယ်ဆီဂါလန် ၃၀၀၀၀နှင့် အထူးစီမံကိန်းကြီးအဖွဲ့(၂)၊ မြတောင်ဘက်ခြမ်းမှ ဒီဇယ်ဆီဂါလန် ၃၀၀၀၀ စုစုပေါင်း ဒီဇယ်ဆီဂါလန် ၆၀၀၀၀ အား မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	အမျိုးအမည်	အရေအတွက်	ဌာန
၁။	ဒီဇယ်ဆီ	၃၀၀၀၀ ဂါလန်	အထူးစီမံကိန်းကြီးအဖွဲ့(၄)
၂။	ဒီဇယ်ဆီ	၃၀၀၀၀ ဂါလန်	အထူးစီမံကိန်းကြီးအဖွဲ့(၂)

၂။ **တင်ဒါတင်သွင်းရမည့်နေ့ရက်** - ၄-၈-၂၀၁၄ ရက်မှ ၉-၈-၂၀၁၄ ရက်အထိ
အချိန် - နံနက် ၉း၃၀ နာရီမှ ညနေ ၃း၃၀ နာရီအထိ
တင်ဒါစိစစ်ရွေးချယ်ရမည့်ရက် - ၁၀-၇-၂၀၁၄ ရက်
အချိန် - မွန်းလွဲ ၁၃း၀၀ နာရီ
တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ - အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး အထူးစီမံကိန်းကြီးအဖွဲ့(၂) မန္တလေး(ရတနာပုံ)

၃။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူသည့်အချက်အလက်များကို အသေးစိတ်သိရှိလိုပါက အထူးစီမံကိန်းကြီးအဖွဲ့(၂) မန္တလေး(ရတနာပုံ) စီမံကိန်းဝင်း အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး ဖုန်း-၀၇၂-၂၂၂၈၀ သို့ ရုံးချိန်အတွင်းဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာများကို ၄-၈-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

နိုင်ငံတကာအားကစားနှင့် ကျော်ကြား

မန်ယူက ရီးရဲကိုနိုင်ပြီး ဗိုလ်လုပွဲတက်

မန်ယူက ဥရောပချန်ပီယံရီးရဲမက်ဒရစ်အသင်းကို မီချီဂန်၌ ကျင်းပသော အင်တာနေရှင်နယ် ချန်ပီယံဖလားပြိုင်ပွဲ၌ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ယူလိုက်သည်။ အဆိုပါ ပြိုင်ပွဲတွင် ပရိသတ် ၁၀၉၃၁၈ စံချိန်တင် လာရောက်ကြည့်ရှုအားပေးခဲ့သည်။ အက်ရှ်လေးယန်းက နှစ်ဂိုး၊ ဟာနန်ဒက်က တစ်ဂိုးသွင်းယူပေးမှုဖြင့် မန်ယူနည်းပြသစ် ဗန်ဟား၏ အမေရိကန်ခရီးစဉ်အတွင်း လေးပွဲမြောက်အဖြစ် အနိုင်ရလိုက်ခြင်းဖြစ်သည်။

အနိုင်ရ

မန်ယူနှင့် လီဗာပူးတို့သည် တနင်္လာနေ့တွင် အင်တာနေရှင်နယ်ချန်ပီယံဖလားဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဗန်ဟား၏ မန်ယူသည် အယ်လ်အေဂလက်ဆီ၊ ရိုးမားနှင့် အင်တာမီလန်တို့ကိုလည်း အနိုင်ရခဲ့သည်။

အာကာကျော်

ကာဒစ် ကွင်းလယ်လူ အင်တာခေါ်မည်

အင်တာမီလန်အသင်းက ကမ္ဘာ့ဖလား ချီလီကွင်းလယ်ကစားသမား ဂါရီမက်ဒယ်အား ပေါင် ၁၀ သန်းပေးခေါ်ယူသွားရန် ကြိုးစားလျက်ရှိသည်။ ကာဒစ်စီးတီးနှင့် အင်တာမီလန်အသင်း တာဝန်ရှိသူများသည် ၄င်း ကစားသမားခေါ်ယူရေး ဆွေးနွေးလျက်ရှိသည်။ အင်တာမီလန်က ကျူပီအာ ကွင်းလယ်ကစားသမား ဂျော်ဒန်မတ်အား ပေါင်ငါးသန်း ဖြင့်ခေါ်ယူရန် ပျက်သွားခဲ့ပြီးနောက် အဆိုပါ ကာဒစ်ကစားသမားကို ခေါ်ယူရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။ မက်ဒယ်သည် ကာဒစ်အသင်းက ပြီးခဲ့သည့်နှစ် ဩဂုတ်လက ပေါင် ၁၁ သန်းဖြင့် ဆီဗီလာမှအသင်း စံချိန်တင်ကြေး၊ ရွှေ့ကြေးပေးခေါ်ယူခဲ့ခြင်းဖြစ်သည်။ ၄င်းသည် ကာဒစ်အတွက် ၃၄ပွဲပါဝင်ကစားခဲ့သော်လည်း ပရီမီယာလိဂ်တန်းဆင်းခဲ့ရသည်။

ဂရီမီယိုအသင်းရောက် နည်းပြစကိုလာရီ

၂၀၁၄ ကမ္ဘာ့ဖလားပွဲ ပြီးဆုံးတဲ့ အချိန်ကစပြီး အိမ်ရှင် ဘရာဇီး နည်းပြ စကိုလာရီရဲ့ သတင်းတွေလည်း တိမ်မြုပ်သွားခဲ့ပါတယ်။ ဘရာဇီး အသင်းနဲ့ လမ်းခွဲခဲ့တဲ့ စကိုလာရီဟာ အခုဆိုရင် ဘရာဇီးရဲ့ နာမည်ကြီးကလပ် ဂရီမီယိုအသင်းမှာ နည်းပြအဖြစ် တာဝန်ယူဆောင်ရွက်ဖို့ ခန့်အပ်ထားပြီဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၀၂ ခုနှစ်မှာ ဘရာဇီး အသင်းကို ကမ္ဘာ့ဖလားချန်ပီယံဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့ပေမယ့် ၂၀၁၄ ကမ္ဘာ့ဖလားပွဲမှာ တော့ ဘရာဇီးပရိသတ်တွေအတွက် စိတ်ပျက်ဖွယ်ရာ ရလဒ်ဆိုးတွေနဲ့ ကြုံတွေ့ခဲ့ရတာမို့ ဘရာဇီးဘောလုံး အဖွဲ့ချုပ်က စကိုလာရီကို နည်းပြအဖြစ်က ထုတ်ပယ်လိုက်ခြင်းဖြစ်ပါတယ်။

ဘရာဇီးထိပ်တန်းကလပ် ဂရီမီယိုအသင်းဟာ နည်းပြအဖြစ် စကိုလာရီကို နည်းပြတာဝန်ယူဖို့ ကမ္ဘာ့ဖလားပွဲမတိုင်မီကတည်းက ကမ်းလှမ်းမှုတွေရှိခဲ့ပြီး ဘရာဇီး အသင်းနည်းပြအဖြစ်က ထုတ်ပယ်ပြီး ရက်အနည်းငယ်အတွင်းမှာပဲ နည်းပြအဖြစ် ချက်ချင်းခန့်အပ်ခဲ့တာ ဖြစ်ပါတယ်။

တကယ်တော့ ဂရီမီယိုကလပ်က စကိုလာရီ ကိုင်တွယ်ခဲ့ဖူးတဲ့အသင်းဟောင်းဖြစ်ပြီး ၁၉၈၇ ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၉၃ ခုနှစ်မှာ တစ်ကြိမ် ကိုင်တွယ်ခဲ့ဖူးတာမို့ အသင်းသစ်တော့ မဟုတ်ပါဘူး၊ ဂရီမီယိုအသင်းနဲ့အတူ စကိုလာရီဟာ ဆုဖလား ခုနစ်လုံးအထိ ရယူပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။

နည်းပြစကိုလာရီဟာ ဂရီမီယိုအသင်းနဲ့ ၁၈ နှစ်ကြာကွာဝေးပြီးမှ အခုလို ပြန်လည်ကိုင်တွယ်ခဲ့တာဖြစ်ပြီး ကူဝိတ်အသင်း၊ ဘရာဇီးအသင်းနဲ့ ပေါ်တူဂီအသင်းတွေကိုလည်း နည်းပြအဖြစ် တာဝန်ယူခဲ့ပါတယ်။ အခုအချိန်အထိ နိုင်ငံ့လက်ရွေးစင် ဘောလုံးအသင်းတွေနဲ့ ကလပ်အသင်းတွေကို နည်းပြအဖြစ် ကိုင်တွယ်ခဲ့တာ စုစုပေါင်း ၁၈ သင်းအထိ ရှိခဲ့ပြီဖြစ်ပါတယ်။

အခုကိုင်တွယ်တဲ့ ဂရီမီယိုအသင်းက ဘရာဇီးရဲ့ ပြည်တွင်း အမှတ်ပေးဖလားနဲ့ ကိုပါလီဘာတာဒိုးစ်ဖလားတွေကို ရယူနိုင်ခဲ့တဲ့အသင်းဖြစ်ပြီး လက်ရှိအချိန်မှာတော့ အိမ်ကွင်း အဝေးကွင်းရလဒ်တွေ ဆိုးရွားနေတာမို့ နည်းပြ အန်ဒါဆင်မိုရဲရားက ထုတ်ပယ်ပြီး စကိုလာရီကို ပြန်လည်ခန့်အပ်ခဲ့တာ ဖြစ်ပါတယ်။

စကိုလာရီဟာ ဂရီမီယိုအသင်းကို နည်းပြအဖြစ် ကိုင်တွယ်တဲ့အခါ သူနဲ့အတူ လက်ထောက် နည်းပြတွေအဖြစ် အန်ဒရေဂျာဒီနာ၊ ဒါလန် ရှနိုက်ဒါတို့နဲ့အတူ လက်တွဲပြီး အောင်မြင်မှုတွေရရှိအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် အသက် ၆၅ နှစ် အရွယ်ရှိပြီဖြစ်တဲ့ စကိုလာရီဟာ ဂရီမီယိုအသင်းအတွက်တော့ အောင်မြင်မှုတွေ ဆောင်ကြဉ်း ပေးနိုင်မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

■ မိုးမြင့်လင်းလက်

ကလပ်ခြေစမ်းပွဲစဉ်နှင့် ဂိုးရလဒ်များ

သီဟ

နိုင်ငံတကာ ကလပ်ခြေစမ်းပွဲ — ဩဂုတ် ၄/၅

ဟမ်းဘတ်	-	အခီဆာ	ည ၁၁း၀၀
အမ်ကေဒွန်း	-	လက်စတာ	နံနက် ၁း၀၀
ဆာကန်ဒါရီ	-	စပို့တင်းစီပီ	နံနက် ၁း၀၀

ကလပ်ခြေစမ်းပွဲ ဩဂုတ် ၂/၃ ဂိုးရလဒ်များ

ဖူလ်ဟမ်	၁-၀	ရီဇီစပေါ်
နော်တင်ဟမ်	၁-၀	ဝက်စ်ဘရွန်း
ဗင်လင်စီယာ	၂-၂	မိုနာကို
မာလာဂါ	၃-၁	နာယူးကာဆယ်
စပါး	၆-၁	ဆဲလ်တစ်
ဘာတန်	၀-၀	စတုတ်စီးတီး
ပို့စ်မောက်	၁-၂	ချာလ်တန်
ကာဒစ်	၃-၃	ဝုဖ်ဘတ်
ဘလက်ပူး	၀-၁	ဘန်လေ
ဘရန့်ဖို့ဒ်	၃-၂	ပဲလေ့စ်
ရီးဒင်း	၁-၃	ဆွမ်ဆီး
ပရီစတန်	၁-၁	လက်စတာ
ချမ်ရော့ရီဗာ	၀-၄	ကျူပီအာ
ဘာမင်ဂမ်	၃-၁	အင်ဗားနက်စ်
ဝက်ဖို့ဒ်	၂-၂	အူဒီးနိစ်
ဝုလ်ဗာဟမ်တန်	၁-၁	ဆယ်လ်တာဗီဂို
မစ်ဒယ်ဘရော့	၀-၂	ဗီလာရီးရဲလ်
လိဒ်ယူနိုက်တက်	၂-၀	ဒန်ဒီးယူနိုက်တက်
အောက်စ်ဖို့ဒ်	၁-၄	ဘုန်းမောက်
လေတန်အောရိန့်	၁-၁	အစ်ဆွစ်
ဂရိုနင်ဂန်	၄-၁	အက်စ်တွန်ဗီလာ
အာဆင်နယ်	၅-၁	ဘင်ဖီကာ
ဆက်ဆူအိုလို	၀-၂	ကာပီ
ရှော်လ်ကေး	၆-၇	ဝက်စ်ဟမ်း
ဖရိုင်းဘတ်	၁-၃	ရန်းနက်စ်
မတ်ဇ်	၁-၀	အီဗီယန်
တူးလော့စ်	၂-၀	ဘီလ်ဘာအို
ရိမ်းစ်	၁-၁	လော်ရီယန့်
ဘတ်စ်တီယာ	၁-၀	ဂျီနိုအာ
ဖီနာဘာချီ	၀-၂	ဆီဗီလာ
အတ္တလန္တာ	၀-၀	နန့်တက်စ်

ဒေါ်ဆွေဆွေလှိုင် TME-၀၂၇၆၈၆နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်သူရ ၁၂/ဥကမ(နိုင်)၀၉၀၉၉၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ကျွန်ုပ်မိတ်ဆွေနှင့် ဒေါ်ဆွေဆွေလှိုင်တို့သည် ၁၂-၉-၂၀၀၈ရက်က နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းနှင့် ပစ္စည်းခွဲဝေခြင်း သဘောတူစာချုပ်ချုပ်ဆို၍ ကွာရှင်းပြတ်စဲခဲ့ကြပြီး နောက်ပိုင်းတွင် ဒေါ်ဆွေဆွေလှိုင်သည် ကျွန်ုပ်၏မိတ်ဆွေနှင့် သူငယ်ချင်းများထံသို့ ကျွန်ုပ်မိတ်ဆွေ ဂုဏ်သိက္ခာကျဆင်းအောင်၊ စိတ်အနှောင့်အယှက်ဖြစ်စေရန်ရည်ရွယ်၍ ဖုန်းဖြင့်လည်းကောင်း၊ လူကိုယ်တိုင်လည်းကောင်း ပြောဆိုပြုမူခြိမ်းခြောက်နှောင့်ယှက်နေပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ၂၆-၄-၂၀၁၄ ရက်တွင် သဃ်န်းကျွန်းမြို့နယ်၊ ဘ၀မြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့လည်းကောင်း၊ ၂၈-၄-၂၀၁၄ ရက်တွင် ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့လည်းကောင်း ကြိုတင်အသိပေးတိုင်ကြားခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ ဒေါ်ဆွေဆွေလှိုင်အနေဖြင့် ကျွန်ုပ်မိတ်ဆွေဂုဏ်သိက္ခာကျဆင်းပြီး စိတ်အနှောင့်အယှက်ဖြစ်အောင် ဆက်လက်နှောင့်ယှက်ခြင်းမပြုပါရန်နှင့် ဆက်လက်ပြုမူဆောင်ရွက်ပါက ကျွန်ုပ်၏မိတ်ဆွေမှ ဥပဒေအရ အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဒေါ်ဆွေဆွေလှိုင်နှင့် အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ခင်မိုးမိုးအောင် LL.B, WIPO.DL.101 (Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၅)
အမှတ် ၃၁/၃၃၊ စတုတ္ထထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၀၆၃၂၄၊ ၀၉-၄၂၁၀၉၇၄၀၃

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်၊ ပဲခူးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ မြေကွက်အမှတ် (၃၀၇၉/၃၀၈၀)ဟုခေါ်တွင်သော အလျားပေ ၅၀×အနံပေ ၅၀ ရှိ ဦးစိန်ထွန်းအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးတင်ထူးအောင် ၁၂/တတန(နိုင်)၁၃၉၇၉၄ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံတိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးမင်း LL.B အထက်တန်းရှေ့နေ
အမှတ် (၇၃၄)၊ ဗိုလ်တေဇလမ်း၊ (၁၀)မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၉၃၄၇၀

အမည်မှန်

စဉ့်ကိုင်မြို့၊ ရန်အောင်မြင်ရပ်ကွက်၊ ရွှေမြင့်မိုရ်ဘော်ဒါနေ ဦးပေါက်စီ-ဒေါ်သန်းသန်း တို့၏သား မောင်ဝိုင်းတုံချစ်၏ အမည်မှန်မှာ မောင်အောင်သူရထွန်း ၉/စကတ(နိုင်)၁၀၈၇၁၃ ဖြစ်ပါကြောင်း။

သင့်သွေးဖြင့် အသက်ကယ်ပါ

စားသုံးသူအကာအကွယ်ပေးရေးဇဟိုကော်မတီက အားပေးဆောင်ရွက်မှုများ

အစိုးရမဟုတ်သော စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးနှင့် လုပ်ငန်းဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စားသုံးသူအကာအကွယ်ပေးရေးဇဟိုကော်မတီက အားပေးဆောင်ရွက်မှုများနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ယခုကဲ့သို့ပြောပြခဲ့ပါသည်။

မေး။ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီဖွဲ့စည်းမှုကို ပြောပြပေးပါ။

ဖြေ။ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီကို ၂၀၁၄ ခုနှစ် ဇွန် ၄ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၄ ဖြင့် ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။

မေး။ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီက ဆောင်ရွက်မည့် လုပ်ငန်းတာဝန်တွေကို သိလိုပါတယ်။

ဖြေ။ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီက ဆောင်ရွက်မည့် လုပ်ငန်းတာဝန်တွေကတော့-

- စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၏ ရည်ရွယ်ချက်များ အောင်မြင်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
- စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ မူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အကြံဉာဏ်များ၊ ထောက်ခံချက်များနှင့် ပံ့ပိုးမှုများဆောင်ရွက်ပေးခြင်း၊
- ကုန်စည်၊ ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စားသုံးသူ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးအတွက် ကွင်းဆင်းလေ့လာဆောင်ရွက်ခြင်း၊
- အစိုးရမဟုတ်သော စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးနှင့် ယင်းအဖွဲ့များ လုပ်ငန်းဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်ခြင်း၊
- စားသုံးသူအကျိုးစီးပွားအတွက် လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့် သတင်းဖြန့်ဝေပေးခြင်းနှင့် စားသုံးသူတို့၏သဘောထားကို ရယူခြင်း၊ -စားသုံးသူထံမှဖြစ်စေ၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများထံမှဖြစ်စေ စားသုံးသူအကာအကွယ်ပေးရေးနှင့် စပ်လျဉ်းသည့် တိုင်ကြားမှုများကို လက်ခံဖြေရှင်းပေးခြင်း၊
- စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းနှင့်စပ်လျဉ်းပြီး စစ်တမ်းများကောက်ယူ၍ သုတေသနပြုခြင်းနှင့်ယင်းသုတေသနပြုမှုများကို ပြန်လည်သုံးသပ်၍ စားသုံးသူများ၏အကျိုးအတွက် လိုအပ်သလို ဆောင်ရွက်ပေးခြင်း၊
- အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊
- ဘေးဥပဒ်အန္တရာယ်ရှိသော စားသုံးရန်မသင့်သည့် ကုန်စည်နှင့် စပ်လျဉ်း၍တားမြစ်နိုင်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ အကြောင်းကြားခြင်း။
- ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု စံချိန်စံညွှန်းကျွမ်းကျင်မှုအဖွဲ့များနှင့် ဓာတ်ခွဲခန်းများကို လိုအပ်ပါက သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းပေးနိုင်ရန် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊
- စားသုံးသူအကျိုးစီးပွားကို ကာကွယ်ပေးရန်နှင့် ယင်းတို့၏ အရေးကိစ္စများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် စီးပွားရေးလုပ်ငန်းရှင်များကို ပညာပေးခြင်း၊
- စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့က ချမှတ်သော စီမံခန့်ခွဲရေးပြစ်ဒဏ်အပေါ် အယူခံမှုကို အဆုံးအဖြတ်ပေးခြင်း။
- တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းပြီးဖြစ်သည့် အစိုးရမဟုတ်သော စားသုံးသူအကာအကွယ်ပေးရေး အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

မေး။ အစိုးရမဟုတ်သော စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမည့် အခြေအနေကိုသိလိုပါတယ်။

ဖြေ။ ယခုအခါ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို မိမိအသိစိတ်ဓာတ်ဖြင့် ဖွဲ့စည်းလုပ်ကိုင်နေသည့် အသင်းအဖွဲ့များရှိနေတာကိုလည်းတွေ့ရမှာဖြစ်ပါတယ်။ ဒီအသင်းအဖွဲ့တွေကို အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ဖွဲ့စည်းပြီးတဲ့ အသင်းအဖွဲ့များကိုလည်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းစဉ်များကို စေတနာကောင်းဖြင့် နည်းလမ်းမှန်ကန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပေးခြင်း၊ မြန်မာနိုင်ငံ၏ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းတွေကို အစိုးရအဖွဲ့အစည်းများနှင့် လက်တွဲညီ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မေး။ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီတွင် အစိုးရမဟုတ်သော စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်ခွင့်ရှိပါသလား။

ဖြေ။ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၄ ဖြင့် ဖွဲ့စည်းထားသည့် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီတွင် အစိုးရမဟုတ်သော စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်အား အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိဆောင်ရွက်နေတဲ့ စားသုံးသူ အကာအကွယ်ပေးရေးအဖွဲ့တွေ၊ ဆက်လက်ဖွဲ့စည်းဆောင်ရွက်မည့် စားသုံးသူ အကာအကွယ်ပေးရေးအဖွဲ့တွေဟာ တစ်စုတစ်စည်းတည်း ပူးပေါင်းဖွဲ့စည်းဆောင်ရွက်ထားမှသာ ကိုယ်စားလှယ်ရွေးချယ်ပြီးတော့ ဗဟိုကော်မတီမှာ တက်ရောက်ဆွေးနွေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မောင်စီးပွား

သံတောင်ကြီးမြို့နယ် စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုး

သံတောင်ကြီး ဩဂုတ် ၃

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သံတောင်ကြီးမြို့နယ် စိမ်းလန်းစိုပြည်ရေး ရည်ရွယ်ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့ ဘုရင့်နောင်တပ်နယ်ဌာနဆိုင်ရာများနှင့် ပြည်သူများပူးပေါင်းပါဝင်သော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၈ နာရီက သံတောင်ကြီး-သံတောင်-တောင်ငူအဆင်းလမ်း မိုင်တိုင်အမှတ်(၂၁/၃)၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာ၊ ဘုရင့်နောင်တပ်နယ်၊ တပ်နယ်မှူး ဗိုလ်မှူးချုပ်မြတ်ကျော်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သစ်တောဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက မဟော်ဂနီပင် ၁၀၀၊ ယူကလစ်ပင် ၁၀၀၊ ပျဉ်းကတိုး ပင် ၁၀၀၊ ကျွန်းတစ်ပင် စုစုပေါင်းပျိုးပင် ၃၀၁ ပင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ကိုတီ(iprd)

ပြည်တွင်းသတင်းနှင့် ဓာတ်ပုံ

မောက်မယ်၌ ဘဏ်အဆင့်တိုးမြှင့်ဖွင့်လှစ် ဒေသခံများ ငွေထုတ်၊ ငွေလွှဲကိစ္စ အဆင်ပြေ

မောက်မယ် ဩဂုတ် ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် မြန်မာ့စီးပွားရေးဘဏ် (ငွေတိုက်ခွဲ)ကို ဘဏ်ခွဲအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်လိုက်သည့် အခမ်းအနားကို ဩဂုတ် ၁ ရက် နံနက် ၈ နာရီခွဲက မောက်မယ်မြို့နယ် ဌာနဆိုင်ရာများ စုပေါင်းရုံးဝင်းအတွင်းရှိ အဆိုပါ ဘဏ်အဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် လင်းခေးခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်၊ ရှမ်းပြည်နယ် မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်မန်နေဂျာ ဦးသိန်းတန်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိုးထိုက်တို့က မောက်မယ်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တက်ရောက်လာကြသူများက ဘဏ်အတွင်းသို့ လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်မန်နေဂျာ ဦးသိန်းတန်မှ မောက်မယ်မြို့နယ် ဘဏ်ငွေတိုက်ခွဲအဆင့်မှ ဘဏ်ခွဲအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရခြင်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး လင်းခေးခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က အမှာစကားပြောကြားသည်။

ယခု အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့သည့် လင်းခေးမြို့နယ် ဘဏ်ခွဲလက်အောက်ခံ (မောက်မယ်ငွေတိုက်ခွဲ)ကို ၂၀၁၂ ခုနှစ် မေ ၂၄ ရက်တွင် ရရှိခဲ့ပြီး ဩဂုတ် ၁ ရက်တွင် မြို့နယ်ဘဏ်ခွဲအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

"ယခုလို ဘဏ်ငွေတိုက်ခွဲအဆင့်မှ ဘဏ်ခွဲအဆင့်သို့ ကျွန်တော်တို့ဖွင့်လှစ်ပေးလိုက်ခြင်းအားဖြင့် မောက်မယ်မြို့မှ ပြည်သူအားလုံးသည် ယခင်ကလင်းခေးသို့ သွားရောက်ငွေထုတ်၊ ငွေလွှဲရခြင်းကိစ္စနှင့် ဘဏ်ငွေကြေးဆိုင်ရာ(အခြား) ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် လွယ်ကူလာတော့မည်ဖြစ်သည်သာမက အော်တိုတယ်လီဖုန်းများ ကောင်းမွန်လုံလောက်စွာတပ်ဆင်ရရှိပြီးသွားပါက ငွေကြေးပေးပို့ခြင်းဝန်ဆောင်မှုလုပ်ငန်းများကိုလည်း မောက်မယ်မြို့နယ်တွင်ပင် လျင်မြန်စွာ ဆောင်ရွက်ပေးသွားနိုင်တော့မည်ဖြစ်ပါကြောင်း"စသည့် ရည်ရွယ်ချက်များဖြင့် မောက်မယ် မြန်မာ့စီးပွားရေးဘဏ်ခွဲအဆင့်သို့ နိုင်ငံတော်က ယခုကဲ့သို့ အဆင့်တိုးမြှင့်ပေးလိုက်ခြင်းဖြစ်ပါကြောင်း ရှမ်းပြည်နယ် မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်မန်နေဂျာက ရှင်းလင်းပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

စိုင်းဇော်လတ်(iprd)

မွေးသက္ကရာဇ်အမှန်နှင့်မိဘအမည်မှန်
မိုးမောက်မြို့နယ်၊ မြို့သစ်ကျေးရွာ အထက ကျောင်း ပထမတန်းမှ မောင်ဉက္ကာဖြိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၁၀-၂၀၀၇နှင့် မိဘအမည်မှန်မှာ ဦးစန်းနွဲ့နှင့် ဒေါ်သွယ်သွယ်ခိုင်ဖြစ်ပါသည်။ **ဦးစန်းနွဲ့နှင့်ဒေါ်သွယ်သွယ်ခိုင်**

ဖခင်အမည်မှန်
ကျောက်ပန်းတောင်းမြို့နယ်၊အထက ကဗြူ၊ အဋ္ဌမတန်း(C)မှ မောင်ဝေယံဖြိုးနှင့် ထန်းပေါက်ကုန်း မူလွန် ပဥ္စမတန်းမှ မဇာဇာမိုးတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ကြည်ဆွေ ၉/ကပတ(နိုင်)၀၉၀၂၀၅ဖြစ်ပါကြောင်း။ **ဦးအောင်ကြည်ဆွေ**

ဖခင်အမည်မှန်
မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(G) မှ မောင်စိုးထွန်းဦး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးခင်မောင်မြင့်ဖြစ်ပါကြောင်း။
ဦးခင်မောင်မြင့် ၁၂/သလန(နိုင်)၀၀၂၁၂၇

အမည်ပြောင်း
ဦးမောင်သန်းဝင်း၏သား စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက်၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း(F)တွင် ပညာသင်ကြားနေသော မောင်ကျော်ဇော်သန်း ၁၁/စတန(နိုင်)၁၀၇၄၉၄ အား ယနေ့မှစ၍ မောင်သိန်းနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်သိန်းနိုင်

ဖခင်အမည်မှန်
မိုင်းလားမြို့၊ အထက၊ တတိယတန်းမှ မနန်းအုတ်ခမ်း၏ ဖခင်အမည်မှန်မှာ ဦးခွန်ထွန်းလင်း ၁၃/တကန(နိုင်)၂၇၀၇၇၉ဖြစ်ပါကြောင်း။
ဦးခွန်ထွန်းလင်း

ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့၊အထက တက္ကသိုလ်ဝင်တန်း(B)မှ မလှသဉ္ဇာနွယ်၏ ဖခင်အမည်မှန်မှာ ဦးမြင့်မောင် ၉/နထက(နိုင်)၁၂၁၁၉၀ဖြစ်ပါသည်။ **ဦးမြင့်မောင်**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၈ဂ/၁၉၀၁ ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှလှဌေး ၉/မခန(နိုင်)၀၂၀၃၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၂၂ယ/၇၁၆၀ Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်၉/မတရ(နိုင်)၀၉၅၆၅၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

အမည်ဖြည့်စွက်
မောင်တောမြို့၊မြို့မမြောက်ရပ်ကွက်နေ ဦးအောင်သာကျော် ၁၁/မတန(နိုင်)၀၀၅၁၃၂အား ဦးအောင်သာကျော်(ခ) ဦးမောင်ဖြူဟု အမည်ဖြည့်စွက်ခေါ်ပါရန်။
ဦးအောင်သာကျော်(ခ)ဦးမောင်ဖြူ

ဖခင်အမည်မှန်
အထက (၄) စစ်တွေ၊ တက္ကသိုလ်ဝင်တန်း(B) မှ မောင်မိုးမြင့်ထွန်းဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇောဝင်း ၁၁/စတန(နိုင်)၀၈၇၉၄၆ဖြစ်ပါကြောင်း။
ဦးကျော်ဇောဝင်း

တစ်ဦးတည်းဖြစ်ကြောင်း
၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ခုံအမှတ် နဇမ-၁၈၂၄ဖြင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သော မောင်အောင်ဇေမိုးနှင့် ဦးနေစိုး၏သား မောင်အောင်ဇေမိုးယံ ၅/ဝလန(နိုင်)၁၈၀၂၀၄မှာ တစ်ဦးတည်းဖြစ်ကြောင်း။

တစ်ဦးတည်းဖြစ်ကြောင်း
ပခုက္ကူမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကြိုတော်ရုံလမ်းနေ ဦးကြည်ဝင်း(ခ) ဦးအောင်ကြည်ဝင်း၏သမီး မငြိမ်းစုထိုက်(ခ)မငြိမ်းဆုထိုက် ၈/ပခက(နိုင်)၂၉၅၉၃၃မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကြည်ဝင်း(ခ)ဦးအောင်ကြည်ဝင်း မငြိမ်းစုထိုက်(ခ)မငြိမ်းဆုထိုက်**

ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း
ယာဉ်အမှတ် ၁ဃ/၇၂၄၃၊ Toyota Crown ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်း ၉/မရမ(နိုင်)၀၅၇၉၀၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (တောင်ပိုင်း)၊ မန္တလေးမြို့

အမည်မှန်
ဦးရဲဇော်မြင့် ၉/ကဆန(နိုင်) ၁၁၀၂၇၉၏သား တာချီလိတ်၊ အထက၊ စတုတ္ထတန်း (F)မှ စိုင်းဘွန်းမား၏ အမည်မှန်မှာ စိုင်းဝန်းမား ဖြစ်ပါကြောင်း။
စိုင်းဝန်းမား

အမည်ပြောင်း
မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့ အနောက်ရပ်တောင်ပိုင်းရပ်ကွက်၊ ဉယျာဉ်လမ်းနေ ဦးအေးခိုင်၏သား မောင်ကိုကိုဇော် ၈/သရန(နိုင်) ၀၇၁၃၀၁ အား မောင်ဟိန်းထက်စံဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဟိန်းထက်စံ ၈/သရန(နိုင်) ၀၇၁၃၀၁**

ကန့်ကွက်နိုင်ပါကြောင်း
နေပြည်တော်၊ပုဗ္ဗသီရိမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၂/ရုံးရပ်၊မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ် ပ-၁၀၂၁၊ ဧရိယာ ၀ ဒသမ ၁၄၆ဧက ဒေါ်နုနုခင်အမည်ပေါက် နှစ် ၃၀ အငှားဂရန်မြေကွက်အား ဒေါ်ဝင်းနန္ဒာသက်၉/မနမ(နိုင်)၁၁၁၀၃၄ (ဘ)ဦးခင်သက်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြ၍ မြေငှားဂရန်စာချုပ်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် ၁၈ယ/၉၇၈၇၃၊ ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဟန် ၉/မနမ(နိုင်)၀၃၇၄၇၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)

အမည်ပြောင်း
ဦးညွန့်ဝင်း၏သား ပျဉ်းမနား၊ ပညာ့ပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (B)တွင် ပညာသင်ကြားနေသော မောင်ဖိုးသား(ခ) မောင်ဘုန်းလွှမ်းမိုးအား မောင်မြတ်ဘုန်းသူဟု ပြောင်းလဲခေါ်ဆိုပါရန်။
မြတ်ဘုန်းသူ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်
မြန်မာ့စီးပွားရေးဘဏ် ဇန်းမော်ဘဏ်ခွဲ၌ ကွယ်လွန်သူ ဦးဘိုးကွန်-ဒေါ်ခင်ကြည်တို့ကျန်ရှိသည့် ငွေစုဘဏ်စာရင်းလက်ကျန်ငွေများကို ၎င်းတို့ကွယ်လွန်ပြီးနောက် ငွေစုဘဏ်လုပ်ငန်းဥပဒေအရ ဒုတိယကွယ်လွန်သူ ဦးဘိုးကွန်၏ သီမဝမ်းကွဲတော်စပ်သူ နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊အမှတ်(၁၅)နေ ဒေါ်ကြည်ကြည်ယဉ်မှ အမွေဆက်ခံပိုင်ခွင့်လက်မှတ်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများ ယူဆောင်ပြီး ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အမွေဆက်ခံပိုင်ခွင့်လက်မှတ်လျှောက်ထားမှုအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ- ဦးကျော်ဝေ LL.B၊ အထက်တန်းရှေ့နေ(စဉ်-၃၅၂၆၀) ဖုန်း-၀၉-၄၂၀၇၅၂၀၄၄**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ပုဂ္ဂလိက ကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအရ အစိုးရဌာနအသီးသီး၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှုများ

ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်နေသည့်လုပ်ငန်းရှင်များအတွက် သတင်းကောင်း

ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက် ပို့ကုန်၊သွင်းကုန် လိုင်စင်လျှောက်ထားရာတွင် ပို့ကုန်ပစ္စည်း ၁၅၂ မျိုး၊ HS Code လိုင်းပေါင်း ၉၈၃ လိုင်း၊ သွင်းကုန်ပစ္စည်း ၁၆၆ မျိုး၊ HS Code လိုင်းပေါင်း ၂၀၇၉ လိုင်းတို့ကို လိုင်စင် လျှောက်ထားရန်မလိုအပ်ဘဲ ကင်းလွတ်ခွင့်ပြုထားပြီး ဖြစ်ပါသည်။ လိုင်စင်လျှောက်ထားရန်လိုအပ်သော ကုန်ပစ္စည်းအမယ်များအတွက် ပို့ကုန်ပိုင်းတွင် ယခင်ကတင်ပြရသည့် စာရွက်စာတမ်းအထောက်အထား ရှစ်မျိုးရှိသော်လည်း ယခုအခါ နှစ်မျိုးဖြင့်လည်းကောင်း၊ သွင်းကုန်ပိုင်းတွင် ယခင်ကတင်ပြရသည့် စာရွက်စာတမ်းအထောက်အထား (၁၀)မျိုးရှိခဲ့သော်လည်း ယခုအခါ နှစ်မျိုးဖြင့်လည်းကောင်း၊ လုပ်ငန်းအဆင့်အနေဖြင့် ပို့ကုန်/သွင်းကုန် နှစ်ခုလုံးတွင် ယခင်က ခြောက်ဆင့်ဖြစ်ပြီး ယခု လေးဆင့်ဖြင့်လည်းကောင်း၊ လိုင်စင်ခွင့်ပြုချက်ရရှိရန် ကြာမြင့်ချိန်နှင့် ကုန်ကျစရိတ် လျှော့ချပေးခြင်းဖြင့်လည်းကောင်း ဖြေလျှော့ဆောင်ရွက်ပေးနေပြီဖြစ်၍ အချိန်ကုန်သက်သာ၊ ငွေကြေးသက်သာစွာ ဆောင်ရွက်နိုင်ကြပြီဖြစ်ပါသည်။ ထို့အပြင် လုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စေရေးအတွက် နောင်တွင် လိုင်စင်ရယူရန်လိုအပ်သည့် ကုန်ပစ္စည်းစာရင်း (Negative List) ကိုသာ ထုတ်ပြန်သည့်စနစ်သို့ ပြောင်းလဲနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

စဉ်	ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် လိုအပ်သည့်စာရွက်စာတမ်းများ		သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် လိုအပ်သည့်စာရွက်စာတမ်းများ	
	ယခင်(၈)မျိုး	ယခု(၂)မျိုး	ယခင်(၁၀)မျိုး	ယခု(၂)မျိုး
၁။	- ကုမ္ပဏီ Letter Head လျှောက်လွှာ	- ကုမ္ပဏီ Letter Head လျှောက်လွှာ	- ကုမ္ပဏီ Letter Head လျှောက်လွှာ	- ကုမ္ပဏီ Letter Head လျှောက်လွှာ
၂။	- ၆၀ဝိ-ကျပ်တန်အခွန်တံဆိပ် ခေါင်းကပ်ပြီးလိုင်စင်လျှောက်လွှာ	- Proforma Invoice	- ၆၀ဝိ/-ကျပ်တန်အခွန်တံဆိပ် ခေါင်းကပ်ပြီးလိုင်စင်လျှောက်လွှာ	- Proforma Invoice
၃။	- Sale Contract	**(ထောက်ခံချက်လိုအပ်သောအချို့ ပစ္စည်းများအတွက် ဌာနထောက်ခံချက်ပါလျှင် သုံးမျိုးဖြစ်ပါသည်။)**	- Sale Contract	**(ထောက်ခံချက်လိုအပ်သောအချို့ ပစ္စည်းများအတွက်ဌာနထောက်ခံ ချက်ပါလျှင်သုံးမျိုးဖြစ်ပါသည်။)**
၄။	- Proforma Invoice		- Proforma Invoice	
၅။	- Form,6 Form 26		- Form6,Form 26	
၆။	- ကုမ္ပဏီမှတ်ပုံတင်မိတ္တူ		- ကုမ္ပဏီမှတ်ပုံတင်မိတ္တူ	
၇။	- ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်မိတ္တူ		- ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်မိတ္တူ	
၈။	- UMFCCI အသင်းဝင်လက်မှတ်		- UMFCCI အသင်းဝင်လက်မှတ်	
၉။	-		- ပစ္စည်းဓာတ်ပုံအထောက်အထား	
၁၀။	-		- အသုံးပြုပုံ	
	-(ထောက်ခံချက်လိုအပ်သော အချို့ပစ္စည်းများအတွက် ဌာန ထောက်ခံချက်ပါလျှင် ၉ မျိုး ဖြစ်ပါသည်။)		**- (ထောက်ခံချက်လိုအပ်သော အချို့ပစ္စည်းများအတွက်ဌာန ထောက်ခံချက်ပါလျှင် ၁၁ မျိုး ဖြစ်ပါသည်။)**	
	ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် လိုအပ်သည့်အဆင့်		**သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် လိုအပ်သည့်အဆင့်**	
	ယခင်(၆)ဆင့်	ယခု(၄)ဆင့်	ယခင်(၆)ဆင့်	ယခု(၄)ဆင့်
	ပို့ကုန်လျှောက်ထားခြင်းအတွက်ကြာမြင့်ချိန်		**သွင်းကုန်လိုင်စင်လျှောက်ထားခြင်းအတွက် ကြာမြင့်ချိန်**	
	ယခင်	**ယခု**	**ယခင်**	**ယခု**
	(၁)ရက်မှ(၂)ရက်	နေ့ချင်ပြီး	(၁)ရက်မှ(၂)ရက်	နေ့ချင်းပြီး
	ပို့ကုန်လိုင်စင်လျှောက်ထားခြင်း ကုန်ကျစရိတ်		**သွင်းကုန်လိုင်စင်လျှောက်ထားခြင်းကုန်ကျစရိတ်**	
	ယခင်	**ယခု**	**ယခင်**	**ယခု**
	-Online ကြေး ၄၀၀ဝိ-ကျပ်	- Online ကြေး ၂၅၀ဝိ/ကျပ်	- Online ကြေး ၄၀၀ဝိ/- - ငွေသွင်းပုံစံကြေး ၃၀ဝိ/-	- Online ကြေး ၂၅၀ဝိ/-

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန/ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ(Delivery Unit)

တောင်ငူခရိုင် ခြောက်မြို့နယ်ရှိဖွံ့ဖြိုးရေးနှင့် အထောက်အကူပြုကော်မတီအဖွဲ့နှင့် တိုင်းအစိုးရအဖွဲ့ တွေ့ဆုံညှိနှိုင်း

တောင်ငူ ဩဂုတ် ၃

တောင်ငူမြို့ ခပေါင်းခန်းမ၌ ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီက ကျင်းပသောတွေ့ဆုံပွဲတွင် တောင်ငူခရိုင် ခြောက်မြို့နယ်ရှိ မြို့နယ်ဖွံ့ဖြိုးရေးနှင့် အထောက်အကူပြုကော်မတီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီစုံများ၊ မီဒီယာများ တက်ရောက်ကြပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်သန်းနှင့် ဒေသအတွင်းလိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးကြသည်။ အခမ်းအနားတွင် တိုင်းအတွင်းရေးမှူးက အမှာစကားပြောကြားပြီး တက်ရောက်လာသည့် တောင်ငူခရိုင် ခြောက်မြို့နယ်မှ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုဥက္ကဋ္ဌများက ဒေသတွင်းလိုအပ်ချက်များကို တင်ပြကြရာ တောင်ငူမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုဥက္ကဋ္ဌ ဦးမြင့်ညိုက တောင်ငူမြို့တွင် မြစိမ်းရောင်စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရာတွင် တောင်ငူမြို့ရှိ ကျေးရွာအုပ်စုပေါင်း ၃၇ ရွာ အကျိုးခံစားခွင့်မရရှိခြင်းကို ရရှိစေချင်ကြောင်း၊ တောင်ငူမြို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးမှ ရရှိသောဝင်ငွေများသည် တောင်ငူမြို့ခံများမှ ပေးဆောင်ရသောငွေများဖြစ်၍ တောင်ငူမြို့ သန့်ရှင်းသာယာလှပစေရန်နှင့် မြို့အကျိုးအတွက် သုံးစွဲခွင့် အချိုးကျရှိစေချင်ကြောင်း၊ ကျေးလက်ဒေသမီးလင်းရေး ဆောင်ရွက်ရာတွင် ကိုယ့်အားကိုယ်ကိုး မီးလင်းရေးများကိုသာ အများဆုံးဆောင်ရွက်ရ၍ ရန်ပုံငွေအခက်အခဲများစွာရှိကြောင်း၊ တောင်ငူမြို့အရှေ့ဘက်ကမ်း စစ်တောင်းမြစ်နှင့် ငါးမိုင်ခန့်အကွာ တောင်ငူ-သံတောင် မော်တော်ကားလမ်းသည် ကျဉ်းမြောင်းနေပြီးခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ရှိသည့်အတွက် လမ်းအကျယ်ချဲ့ပေးစေချင်ကြောင်းများကို တင်ပြဆွေးနွေးခဲ့သည်။ ယင်းနောက် တိုင်းအတွင်းရေးမှူးက တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သူရ(တောင်ငူ)**

ပခုက္ကူ၌ လူကြီးလူငယ်စကားဝိုင်းဖွဲ့ဆွေးနွေး

ပခုက္ကူ ဩဂုတ် ၃

လူငယ်တွေအသိပညာ ဗဟုသုတ တိုးပွားရေး မိမိကိုယ်ကိုယ်မိမိ ယုံကြည်ပြီး လူငယ်အချင်းချင်းရင်းနှီးစေရေး၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်စေဖို့ သုဂတိစေတနာ လူငယ်စွမ်းရည်ပြည့် သင်တန်းခန်းမ၌ ဇူလိုင် ၂၇ ရက်က လူကြီး လူငယ်စကားဝိုင်းဖွဲ့ဆွေးနွေးပွဲ ပထမအကြိမ် ကျင်းပသည်။ ဆွေးနွေးပွဲတွင် လူငယ်များ၊ အထူးဖိတ်ကြားထားကြသည့် ဒေါက်တာ သူရကိုကို၊ ဦးဟန်ညွန့် (MBCA)၊ ဦးဝေဖြိုး (SAE တံတားအထူးအဖွဲ့- ၄)၊ ဦးမောင်ဝင်း(သုဂတိစေတနာ)နှင့် ဦးအောင်မင်းနိုင် (အပူပိုင်းဇုန်စီမံကိန်းမန်နေဂျာ)တို့ တက်ရောက်ခဲ့ကြပြီး လူငယ်နှင့် ကျန်းမာရေးခေါင်းစဉ်ဖြင့် အပြန်အလှန် အသိပညာ ဖလှယ်နှီးနှောခဲ့ကြကြောင်း သိရသည်။ **အောင်(မန်းတက္ကသိုလ်)**

အများသိစေရန်ရှင်းလင်းကြေညာခြင်း

နောင်ချိုမြို့၊ ဘူတာရပ်၊ အကွက်(၃)၊ နယ်မြေ (၁၁)နေ ကျွန်ုပ်မိတ်ဆွေ မဥမ္မာဆွေ ၁၃/နခတ(နိုင်)၀၀၀၆၂၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးရှင်းလင်း ကြေညာအပ်ပါသည်။

မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၁၃တွင် ၂၀၁၄ခုနှစ် ဇူလိုင် ၂၆ရက်စွဲဖြင့် မဥမ္မာဆွေနှင့် အများသိစေရန်ကြေညာခြင်းပါ ဖော်ပြချက်များမှာ လုံးဝမှန်ကန်မှုမရှိပါ။ ကျွန်ုပ်မိတ်ဆွေ မဥမ္မာဆွေသည် မိဘများဖြစ်သည့် ဖခင်ကြီးဦးသန်းဆွေနှင့် မိခင်ကြီး ဒေါ်ကျော့ကျော့တို့အပေါ် မည်သည့်အချိန်အခါကမျှ ပမာမခန့်ဆက်ဆံခြင်း၊ ရန်သူကဲ့သို့ပြုမူခြင်း၊ မိဘများ၏ဂုဏ်သိက္ခာ ကျဆင်းစေရန် ပြုမူဆောင်ရွက်ခဲ့ခြင်းမရှိပါ။ မိဘများအား ရိုသေစွာလုပ်ကိုင်ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သည်မှာ ယနေ့အထိ ဖြစ်ကြောင်း ရပ်ကွက်နေပြည်သူများ မျက်မြင်သိရှိပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အဆိုပါ ကြေညာချက်ပါ မဥမ္မာဆွေသည် သွာနုတ္တသမီးဖြစ်ကြောင်းနှင့် အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြေညာချက်များသည် မိသားစုအတွင်း သွေးထိုးလှုံ့ဆော်မှုများကြောင့် မိဘများ၏ဆန္ဒမပါရှိဘဲ တစ်ဖက်သက်ကြေညာချက်ထည့်သွင်းခဲ့ခြင်းဖြစ်ကြောင်း ဖြစ်ရပ်မှန်ကို သိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
မဥမ္မာဆွေ	**နန်းရှေ့-ဦးသိန်းထွန်း၊ ဦးဟန်ဝင်းအောင်**
၁၃/နခတ(နိုင်)၀၀၀၆၂၀	**တရားလွှတ်တော်ရှေ့နေများ**
	ဦးကျော်ကျော်၊ ဒေါ်မြမဥ္ဇူလင်း၊
	ဒေါ်ဇာခြည်စိမ့်
	အထက်တန်းရှေ့နေများ
	အမှတ် (၅၄၈)၊ အကွက် (၃)၊ ဝဏ္ဏလမ်း၊
	အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊
	ဖုန်း-၀၉-၉၁၀၃၅၈၀၂၊ ၀၉-၄၃၀၆၀၃၁၀၊
	၀၉-၄၃၁၇၈၄၁၃၊ ၀၉-၃၃၀၆၂၆၉၈၊
	၀၉-၄၀၂၆၉၈၀၉၄

အများသိစေရန် အသိပေးကြေညာခြင်း

နောင်ချိုမြို့၊ ဘူတာရပ်၊ အကွက်(၃)၊ နယ်မြေ(၁၁)နေ ကျွန်ုပ်မိတ်ဆွေ မဥမ္မာဆွေ ၁၃/နခတ(နိုင်)၀၀၀၆၂၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ မဥမ္မာဆွေသည် နောင်ချိုမြို့၊ မြို့မဈေးတွင် မိသားစုကုန်မျိုးစုံရောင်းဝယ်ရေး၊ ကုန်မျိုးစုံဆိုင်ဖွင့်လှစ်လျက် မိမိ၏ကိုယ်ပိုင်ငွေကြေးများဖြင့် သိက္ခာ၊ သမာဓိရှိစွာဖြင့် ရိုးသားစွာစီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသူဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေ၏ စီးပွားရေးလုပ်ငန်းအား အနှောင့်အယှက်ဖြစ်စေရန်အတွက် မလိုလားအပ်ဘဲ စာရွက်စာတမ်းများဖြန့်ဝေခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန် စွပ်စွဲပုတ်ခတ်ပြောဆိုခြင်းများ ပြုမူဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေအား စီးပွားရေးနှင့် လူမှုရေးဂုဏ်သိက္ခာကျဆင်းစေရန် ပြုမူပြောဆိုသူများအနေဖြင့် ဆက်လက်ဆောင်ရွက်ခြင်းမပြုပါရန်နှင့် ပြုမူဆောင်ရွက်ခဲ့ပါက တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
မဥမ္မာဆွေ	**နန်းရှေ့-ဦးသိန်းထွန်း၊ ဦးဟန်ဝင်းအောင်**
၁၃/နခတ(နိုင်)၀၀၀၆၂၀	**တရားလွှတ်တော်ရှေ့နေများ**
	ဦးကျော်ကျော်၊ ဒေါ်မြမဥ္ဇူလင်း၊
	ဒေါ်ဇာခြည်စိမ့်
	အထက်တန်းရှေ့နေများ
	အမှတ် ၅၄၈၊ အကွက် ၃၊ ဝဏ္ဏလမ်း၊
	အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊
	ဖုန်း-၀၉-၉၁၀၃၅၈၀၂၊ ၀၉-၄၃၀၆၀၃၁၀
	၀၉-၄၃၁၇၈၄၁၃၊ ၀၉-၃၃၀၆၂၆၉၈၊
	၀၉-၄၀၂၆၉၈၀၉၄

အများသိစေရန် အသိပေးကြေညာခြင်း

နောင်ချိုမြို့၊ ဘူတာရပ်၊ အကွက် (၃)၊ နယ်မြေ (၁၁)နေ ကျွန်ုပ်မိတ်ဆွေ မဥမ္မာဆွေ ၁၃/နခတ(နိုင်)၀၀၀၆၂၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ မဥမ္မာဆွေသည် နောင်ချိုမြို့၊ မြို့မဈေးမြောက်ဘက်တန်းရှိ ဆိုင်ခန်း(၇)ခန်းတွင် **မိသားစုကုန်မျိုးစုံရောင်းဝယ်ရေး ကုန်စုံဆိုင်**ကို မိမိ၏ ကိုယ်ပိုင်ငွေကြေးများဖြင့် ရင်းနှီးလုပ်ကိုင်ရောင်းဝယ်လျက်ရှိသည်။ အဆိုပါ မိသားစုကုန်မျိုးစုံရောင်းဝယ်ရေး ကုန်စုံဆိုင်သည် ကျွန်ုပ်မိတ်ဆွေမဥမ္မာဆွေ၏ ကိုယ်ပိုင်ဆိုင်ဖြစ်ပါသဖြင့် ဆက်သွယ်ရောင်းဝယ်လျက်ရှိကြသော မိတ်ဟောင်း၊ မိတ်သစ်များအနေဖြင့် မဥမ္မာဆွေနှင့်သာ ငွေပေးငွေယူကိစ္စများဆောင်ရွက်ကြပါရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
မဥမ္မာဆွေ	**နန်းရှေ့-ဦးသိန်းထွန်း၊ ဦးဟန်ဝင်းအောင်**
၁၃/နခတ(နိုင်)၀၀၀၆၂၀	**တရားလွှတ်တော်ရှေ့နေများ**
	ဦးကျော်ကျော်၊ ဒေါ်မြမဥ္ဇူလင်း၊
	ဒေါ်ဇာခြည်စိမ့်
	အထက်တန်းရှေ့နေများ
	အမှတ် (၅၄၈)၊ အကွက် (၃)၊ ဝဏ္ဏလမ်း၊
	အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊
	ဖုန်း-၀၉-၉၁၀၃၅၈၀၂၊ ၀၉-၄၃၀၆၀၃၁၀၊
	၀၉-၄၃၁၇၈၄၁၃၊ ၀၉-၃၃၀၆၂၆၉၈၊
	၀၉-၄၀၂၆၉၈၀၉၄

မြန်မာ့မီးရထား၏ ခေတ်မီတိုးတက်ရေးလုပ်ငန်းများကို ကြိုဆို

ရန်ကုန် ဩဂုတ် ၃

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး တတိယအဆင့် အရှိန်မြှင့်တင်ပြောင်းလဲမှု (Third Wave)လုပ်ငန်းစဉ်များ ဆောင်ရွက်သော ကာလတွင် မြို့ပြသာယာလှပပြီး လူနေမှုအဆင့်မြင့်မားရေးနှင့် တိုးတက်ခေတ်မီရန်အတွက် မြန်မာ့မီးရထားသည် ကနဦးအစီအစဉ်များအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပတ်ရထားလမ်းပိုင်း ဘူတာစုစုပေါင်း ၁၅ ဘူတာကို ကွန်ပျူတာစနစ် အသုံးပြုလက်မှတ်ရောင်းချမှုစနစ် (Computerized Ticketing System) ကို ဆောင်ရွက်အကောင်အထည်ဖော်မည်ဖြစ်ရာ ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်ရှိ လှည်းတန်းဘူတာလည်း အပါအဝင် ဖြစ်ကြောင်း သိရသည်။

အဆိုပါ စနစ်အသုံးပြုရာတွင် ရထားစီးခရီးသည်များနှင့် ဘူတာကို ဖြတ်သန်းသွားလာသော ခရီးသွားများကို သီးခြားကန့်သတ် ပိုင်းခြားထားမည်ဖြစ်သည့်အတွက် ဘူတာနှင့် ရထားသံလမ်း ဧရိယာကို အုတ်တံတိုင်းကာရန် မြေတူးခြင်းလုပ်ငန်းများ လှည်းတန်းဘူတာတွင် စတင်နေပြီဖြစ်သည်။ လှည်းတန်းဘူတာမှ ကမာရွတ်ဘူတာဘက်ကို ပေ ၃၀၀၀ အုတ်တံတိုင်း ကာရံမည်ဖြစ်ရာ ယင်းလုပ်ငန်းအပေါ် ခရီးသွားတစ်ဦးက ယခုလို ရထားလမ်းပိုင်းကို အဖြတ်အသန်းမရှိရအောင် အုတ်တံတိုင်းကာခြင်းကို ကြိုဆိုကြောင်း၊ ခရီးသွားများ အန္တရာယ်ကင်းပြီး ရထားတိုက်မှုများလည်း လျော့နည်း ကင်းဝေးသွားမှာ ဖြစ်ကြောင်း၊ လူငယ်တို့က MP3, MP4 နှင့် နားကြပ်အသုံးပြုပြီး ရထားလမ်းဖြတ်ကူးစဉ် ကြည့်မြင်တိုင်ဘက်မှလာသော ရထားဖြင့် ထိခိုက်မိလုလုတွင် ရထားစက်ခေါင်းမှ လိုက်ပါလာသော ဝန်ထမ်းများက တွန်းထုတ်လိုက်၍ အသက်ချမ်းသာရာရခဲ့ကြောင်း ကြားသိခဲ့ရသည်။

လှည်းတန်းဘူတာကို နေ့စဉ်ဖြတ်သန်းနေသော ကုမ္ပဏီဝန်ထမ်းတစ်ဦးကလည်း ခရီးသွားများဖြတ်သန်းရန်တံတားကို စနစ်ကျစွာ လုပ်ပေးဖို့လိုကြောင်း၊ လက်ရှိလှည်းတန်းဘူတာတွင် ရှိနေသော လူကူးသံတံတားမှာ နှစ်ရှည်ကြာမြင့်ပြီး သစ်သားကြမ်းခင်းများ ပျက်စီးနေပြီး မည်သူမျှ အသုံးပြုမှုမရှိကြောင်း၊ ရထားလမ်းကူးတံတားများ ပြုလုပ်ရာတွင် သံတံတားအစား ကွန်ကရစ်တံတား ပြုလုပ်ပေးမှသာ ကျောင်းသား ကျောင်းသူများ ၊ ခရီးသွားများ၊ သက်ကြီးရွယ်အိုများ အခက်အခဲမရှိဘဲအန္တရာယ်ကင်းစွာ ဖြတ်ကူးနိုင်မှာဖြစ်ပြီး တံတားသစ်ကို လက်ရှိလှည်းတန်းကားလမ်း ခုံးတံတားနှင့်ယှဉ်ဆောက်လုပ်မယ်လို့ ကြားရကြောင်း တံတားသစ်ပေါ်မှ စက်ဘီး၊ ဆိုက်ကား ဖြတ်လို့မရအောင် ပြုလုပ်ပေးဖို့လိုသည်”ဟု ဆွေးနွေးကြောင်း သိရသည်။

အဆိုပါကွန်ပျူတာ အသုံးပြုလက်မှတ်ရောင်းချမှုစနစ် ကနဦးအစီအစဉ်တွင် လှည်းတန်းဘူတာပါဝင်မှုအပေါ်တွင်လည်း လှည်းတန်းနေသူရပ်မိရပ်ဖတစ်ဦးက အဆင့်မြင့်စနစ်စတင်အသုံးပြုရာမှာ လှည်းတန်းဘူတာပါဝင်ခြင်းအပေါ် ဂုဏ်ယူကြောင်း၊ လက်မှတ်စနစ်သစ်ဖြစ်တဲ့အတွက် ရထားစီးခရီးသွားများကို လေ့ကျင့်ပေးဖို့ လိုအပ်ကြောင်း၊ ဘူတာ၏ ရုပ်သဏ္ဌာန်သည် သပ်ရပ်သန့်ရှင်းသွားမှာဖြစ်ပြီး ဘူတာမှာ လာရောက်နားခိုနေသူများ ဘူတာပတ်ဝန်းကျင်ကိုအမှိုက်ပြုပြီး မူးယစ်ဆေးဝါးသုံးစွဲနေမှု၊ အရက်သေစာသောက်စားမှုတွေ ပပျောက်သွားမှာဖြစ်ကြောင်းဖြင့် မြန်မာ့မီးရထား၏ ခေတ်မီတိုးတက်ရေးလုပ်ငန်းများကို အကြံပြု ကြိုဆိုနေမှုများရှိကြောင်း သိရသည်။

ခင်မောင်သော်(ကမာရွတ်)

သီတဂူအာယုဒါနမျက်စိအထူးကုအဖွဲ့ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ကုသပေး

နေပြည်တော် ဩဂုတ် ၃

အမြင်အာရုံချို့ယွင်း၍ မျက်စိဝေဒနာအမျိုးမျိုးခံစားနေရသူများအတွက် သီတဂူဆရာတော်ကြီး၏စီစဉ်မှုဖြင့် စမ်းသပ်ခြင်းနှင့် ခွဲစိတ်ကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၁ ရက်က နေပြည်တော် ပျဉ်းမနားမြို့ရှိ သံဃဘေသဇ္ဇဌာနဝိဟာရဆေးရုံကြီး၌ သီတဂူအာယုဒါန မျက်စိအထူးကုအဖွဲ့သည် ပျဉ်းမနားမြို့ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံမှ မျက်စိအထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့်ပူးပေါင်း၍ မျက်စိဝေဒနာရှင်များကို ခေတ်မီမျက်စိစမ်းသပ်ကိရိယာများဖြင့် စမ်းသပ်ပေးလျက်ရှိရာ မျက်စိဝေဒနာရှင် ဆရာတော်၊ သံဃာတော်များနှင့် မျက်စိဝေဒနာခံစားနေရသည့် ပြည်သူများပါ လာရောက်ပြသလျက်ရှိကြောင်း သိရသည်။

အဆိုပါ သီတဂူအာယုဒါနမျက်စိအထူးကုအဖွဲ့သည် ဇူလိုင် ၁၆ ရက်မှ ၃၁ ရက်အထိ ကုသလိုသည့် မျက်စိဝေဒနာရှင်များ၏ စာရင်းပေးသွင်းခြင်းကို လက်ခံဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၄ ရက်အထိ ဝေဒနာရှင်များအား စမ်းသပ်ခြင်းနှင့် ဩဂုတ် ၅ ရက်မှ ၉ ရက်အထိ ငါးရက်တိုင်တိုင် ကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကာ ခွဲစိတ်ကုသရန်လိုအပ်သည့် မျက်စိဝေဒနာရှင်များကိုလည်း သံဃဘေသဇ္ဇဌာနဝိဟာရဆေးရုံကြီး၌ ခေတ်မီစက်ကိရိယာများဖြင့် အခမဲ့ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကို

သတင်းအရရှာဖွေရာ ဘိန်းဖြူဟုယူဆရသော အဝါရောင်အမှုန့်များတွေ့ရှိ

ခင်ဦး ဩဂုတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ အောင်သီရိရပ်နေ ဦးထွန်းကျော်မိုးနေအိမ်မှ ဘိန်းဖြူဟုယူဆရသော အဝါရောင်အမှုန့်နှင့် ငွေစက္ကူ ၅၀၀၀ တန် ၂၄ ရွက်ကို ဇူလိုင် ၃၁ ရက် ညနေ ၅ နာရီက တွေ့ရှိကြောင်းသိရသည်။

ဖြစ်စဉ်မှာ ခင်ဦးမြို့မ စခန်းမှူး ဒုရဲမှူး ဘိုဘိုထွဋ်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ ခင်ဦးမြို့ အောင်သီရိရပ်နေ ဦးထွန်းကျော်မိုး (၄၈နှစ်) နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ ဦးထွန်းကျော်မိုး ခန္ဓာကိုယ်တွင် ဝတ်ဆင်ထားသော ပုဆိုးခါးကြားမှ ပင်နီဆီလင် ပုလင်းထဲတွင် ဘိန်းဖြူဟုယူဆရသော အဝါရောင်အမှုန့် ၀ ဒသမ ၂၅ ဂရမ်ရှိ ပုလင်းတစ်လုံး ၊ ငွေစက္ကူ တစ်သိန်းနှစ်သောင်းနှင့် မီးခြစ်တစ်လုံးတို့ကိုတွေ့ရှိ၍ သက်သေများရှေ့တွင် သိမ်းဆည်းပြီး ခင်ဦးရဲစခန်းမှ ဦးထွန်းကျော်မိုးအား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ခင်ဦး–စိုးဝေ

မန္တလေးတက္ကသိုလ်တွင် ဘာသာရပ်ပေါင်းစုံ စျေးရောင်းပွဲတော်ကျင်းပ

မန္တလေး ဩဂုတ် ၃

မန္တလေးတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ စျေးရောင်းပွဲတော် ဖွင့်ပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၈ နာရီက ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာမောင်သင်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဘာသာရပ်ပေါင်းစုံ စျေးရောင်းပွဲတော်ကို စတင်ကျင်းပသည်။ ထို့နောက် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခ(ဌာနမှူး)များသည် ဘာသာရပ်ဌာနများ၊ စီမံ/ဘဏ္ဍာ၊ သင်တန်းရေးရာ စျေးဆိုင်ခန်းတို့ကို လိုက်လံကြည့်ရှုကြသည်။

မန္တလေးတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ စျေးရောင်းပွဲတော်တွင် ဘာသာရပ်ဌာနများ၊ စီမံ/ဘဏ္ဍာ၊ သင်တန်းရေးရာနှင့် နယ်မြေအင်ဂျင်နီယာဌာနတို့မှ ဆိုင်ခန်းပေါင်း ၂၃ ခန်း ပါဝင်ရောင်းချခဲ့ပြီး ရာပြည့်မန္တလေး၊ Myanmar Book Centre စာအုပ်ဆိုင်တို့မှလည်း စာအုပ်များလာရောက်ခင်းကျင်းရောင်းချခဲ့သည်။

စျေးရောင်းပွဲတော်တွင် မုန့်မျိုးစုံ၊ အချိုရည်မျိုးစုံတို့ကို ရောင်းချခဲ့ပြီး ပျော်ပွဲရွှင်ပွဲအနေဖြင့် မြားပစ်၊ ဘောလုံးကန်၊ သံဘူးပစ်များ၊ ဗေဒင်၊ ကာရာအိုကေများ ပါဝင်ခဲ့ပြီး လာရောက် စားသုံးသူများကို ကံစမ်းမဲအစီအစဉ်များဖြင့် EVD, Table Fan များကို မဲဖောက်ပေးခဲ့ပါသည်။

မန္တလေးတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ စျေးရောင်းပွဲတော်တွင် မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်မှ ဝန်ထမ်းများ၊ မန္တလေး အဝေးသင်တက္ကသိုလ်မှ ဝန်ထမ်းများ၊ မန္တလေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

အောင်ကျော်ထိုက်

အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)ရှိ အရာထမ်းအဆောင်အား အုတ်ရိုးခံ၊ ကွန်ကရစ်တိုင်ဖြင့် ချိန်းလင့်ခြံစည်းရိုးကာရံခြင်းပြုလုပ်လိုပါသဖြင့် ၈-၈-၂၀၁၄ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါတင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉-၈၃၆၂၆၂၉ နှင့် ၀၈၁-၃၁၀၄၅၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)

လာရောက်ညှိနှိုင်းရန် အကြောင်းကြားခြင်း

Lucky Myanmar Construction Co.,Ltd.အမှတ်(၃၉၂)၊ မင်းရဲကျော်စွာလမ်း၊ မြို့မရပ်၊ တောင်ကြီးမြို့နှင့် ကျွန်တော် အောင်စိန်ဝင်းပိုင်မြေပေါ်တွင် အကျိုးတူဆောက်လုပ်ရန် အပ်ထားသော်လည်း လူကြီးမင်းတို့မှ လာရောက်ညှိနှိုင်းခြင်းများ မရှိသည့်အတွက် ၁-၈-၂၀၁၄ရက်မှ ၁၅-၈-၂၀၁၄ရက် နောက်ဆုံးထား၍ လာရောက် ညှိနှိုင်းဆောင်ရွက်စေလိုပါသည်။ထိုရက်ကျော်လွန်သွားပါက မူလချုပ်ဆိုထားသောစာချုပ်အား ဖျက်သိမ်းပြီးဖြစ်ကြောင်း အခြားကုမ္ပဏီအား လုပ်ငန်းအပ်နှံ၍ လိုအပ်သလို ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဦးအောင်စိန်ဝင်း

ဖခင် အမှန်	မြိတ်မြို့၊ ကန်စွန်းအင်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မဝင်းပပအောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးအောင်သွင် ဖြစ်ပါကြောင်း။ **ဦးအောင်သွင် ၇/သကန(နိုင်) ၀၃၄၇၁၂**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန
တည်ဆောက်ရေးလုပ်ငန်းများအတွက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ရုံးအဆောက်အအုံများကို အောက်ဖော်ပြပါအတိုင်း တည်ဆောက်လိုပါသဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၅၁)တွင် တင်ဒါလျှောက်လွှာပုံစံများကို ဝယ်ယူနိုင်ပါကြောင်းနှင့် လျှောက်လွှာတင်သွင်းရာတွင် အောက်ပါအချက်အလက်များပါဝင်သည့် ဝန်ကြီးဌာနမှ သတ်မှတ်ထားသောအဆောက်အအုံပုံစံ ဒီဇိုင်းနှင့်အတူ တင်သွင်းရမည်-

(က) နှစ်ထပ်အဆောက်အအုံ စုစုပေါင်းကြမ်းခင်းဧရိယာ စတုရန်းပေ ၃၂၀၀ (ပေါ်တီကိုမပါ/လှေကားခန်းဧရိယာအပါအဝင်)၊ပေါ်တီကိုဧရိယာ(၁၅'× ၁၅')=၂၂၅ စတုရန်းပေ

(ခ) ခြံစည်းရိုးအုတ်တံတိုင်း၊ ခုံထူအမြင့် Plinth Level + 1'-6"၊ အုတ်တံတိုင်းအမြင့် From Plinth Level to top of Fencing wall 6'-0"၊ ၁၂ ပေအကျယ် သံပန်းတံခါး Slide Door နှင့် တစ်ဖက်တွင် ၄ ပေအကျယ် လူဝင်ပေါက်သံပန်းတံခါး၊ Roof=Steel Structure, Roofing=4L Amcan with Gutter

(ဂ) (၂") အဝီစိတွင်း (၁)တွင်း၊ ရေစုပ်စက် (Compressor+ ရေတင်စက်ပါ)၊ Motor Pump, 1600 gls Ground Tank, 400 gls Over Head Tank (PVC Tank), Steel Structure trestle with Angle iron

(ဃ) အတွင်းလျှပ်စစ်မီးတပ်ဆင်ခြင်းလုပ်ငန်း (အဆောက်အအုံပတ်လည်လုံခြုံရေးမီး အပါအဝင်)

၂။ **တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်** - ၁၁-၈-၂၀၁၄ရက် (တနင်္လာနေ့) ရုံးချိန်အတွင်း

၃။ **တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** - ၁-၉-၂၀၁၄ရက် (တနင်္လာနေ့) ၁၆း၀၀နာရီ

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၂၈၆၊ ၄၃၀၁၄၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တစ်နေ့တန်၆၀ သတင်းစာစက္ကူစက်ရုံစီမံကိန်း(သာပေါင်း)တွင် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ရန် လိုအပ်သော စက်ပစ္စည်းများပေးသွင်းရန်အတွက် မြန်မာကျပ်ငွေ/နိုင်ငံခြားငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်မည်ဖြစ်ပါသည်။

အသေးစိတ်သိလိုပါက စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း (ရုံးချုပ်)၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၄၁)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၉၃၊ ၀၆၇-၄၀၈၁၃၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ တင်ဒါပိတ်မည့်ရက်မှာ ၂၈-၈-၂၀၁၄ ရက် ၁၆း၀၀ နာရီအထိဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၂၃၂၈၇)၊ ဧရိယာ ၀ ဒသမ ၁၂၃ဧက ဒေါ်ခင်သန်းဝင်း အမည်ပေါက် နှစ် ၃၀ အငှားဂရန်မြေကွက်အား နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၈၆၅/၂၀၁၄ဖြင့် ဒေါ်ခင်သန်းဝင်း၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်စန်းသီတာ ၁၂/ဗတထ(နိုင်)၀၀၄၂၈၅(ဘ)ဦးစောမြထွန်းမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သီလရွာကြီးတံတား ဆောက်လုပ်နိုင်ရန် ဒေသခံများစုပေါင်း ရန်ပုံငွေရှာဖွေလျက်ရှိ

အင်းတော် ဩဂုတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်တိတ်ဒေသ သုက္ခါကျေးရွာအုပ်စု သီလကျေးရွာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် ကြိုးတံတားဆောက်လုပ်နိုင်ရန်အတွက် ဒေသခံများ ရန်ပုံငွေစုပေါင်းရှာဖွေလျက်ရှိကြောင်း သိရသည်။

သီလကျေးရွာသည် အင်းတော်မြို့နယ် မဲဇာချောင်းနှင့် တောင်ချောင်းတို့ဆုံရာဒေသဖြစ်သည်။ အိမ်ထောင်စု ၁၇၇ စု၊ လူဦးရေ ၁၀၀၀ ခန့် နေထိုင်ပြီး ရှမ်း၊ ဗမာ၊ ကဒူး၊ ကနန်းလူမျိုးများဖြစ်ကြပြီး အများစုမှာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြကြောင်း သိရသည်။ အဆိုပါသီလကျေးရွာမှ အင်းတော်-ဗန်းမောက်မော်တော်ကားလမ်းသို့ ပေ ၆၅၀ အကျယ်ရှိသည့် မဲဇာချောင်းကို ကူးတို့လှေဖြင့် ဖြတ်သန်းသွားလာနေရသည်။

ထိုသို့သွားလာရာတွင် အဆိုပါကျေးရွာမှ အိမ်ထောင်စုများကို ဆယ်အိမ်စု ၁၇ စုခွဲကာ၊ တစ်ရက်လျှင် ဆယ်အိမ်စုတစ်စုက ကျောင်းသား ကျောင်းသူများ၊ တောင်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံများနှင့် ဘုန်းတော်ကြီးများကို ကူးတို့လှေဖြင့် အခကြေးငွေယူကာပို့ဆောင်၍ ရန်ပုံငွေရှာဖွေလျက်ရှိကြောင်း၊ တစ်ရက်လျှင် ငွေကျပ် ၈၀၀၀ မှ ၂၅၀၀၀ အထိရရှိကြောင်း၊ ယခင် နှစ်များက ကျေးရွာ ၂၄ နာရီ လျှပ်စစ်မီးရရှိရေးအတွက် ကူးတို့လှေပို့ဆောင်ခြင်း၊ ဒေသခံများ၏ ဝိုင်းဝန်းထည့်ဝင်ငွေများဖြင့် မတည်ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ် မတ်လတွင် ၂၄ နာရီ လျှပ်စစ်မီးရရှိခဲ့ပြီဖြစ်ကြောင်း၊ ယခုအခါ သီလကျေးရွာတွင် ၂၄ နာရီ လျှပ်စစ်မီးရရှိနေပြီဖြစ်၍ အသေးစားစက်မှုလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်မီးရရှိသော်လည်း ဒေသဖွံ့ဖြိုးမှုတွင် အရေးပါသည့် လမ်းပန်းဆက်သွယ်ရေးမှာ မဲဇာချောင်းကို ကူးတို့လှေဖြင့်သာ ဖြတ်သန်းနေရသည့်အတွက် ခက်ခဲမှုများ ကြုံတွေ့နေရသဖြင့် လွယ်ကူချောမွေ့စွာ သွားလာနိုင်ရန်အတွက် မဲဇာချောင်းကို ဖြတ်သန်းကာ ကြိုးတံတားဆောက်လုပ်ရန် လိုအပ်ကြောင်း၊ အဆိုပါ တံတားဆောက်လုပ်နိုင်ခဲ့ပါက ပတ်ဝန်းကျင်ကျေးရွာပေါင်း သုံးဆယ်ကျော်သို့သာမက အင်းတော်မြို့၊ ဗန်းမောက်မြို့များသို့ အလွယ်တကူ သွားလာနိုင်ပြီး ဒေသဖွံ့ဖြိုးမှုအတွက်များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မဲဇာချောင်းဖြတ်ကူးသည့် ကြိုးတံတားဆောက်လုပ်နိုင်ရန်အတွက် ဒေသခံများက ရန်ပုံငွေရှာဖွေနေသကဲ့သို့ အလှူရှင်များ ပံ့ပိုးကူညီလိုသူများ လိုအပ်လျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

(၁၄၉)

ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြု ကုန်ပစ္စည်းများအား မျှတစွာရောင်းဝယ်ဖောက်ကားရန်လို

ရန်ကုန် ဩဂုတ် ၃

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်ဦးစီးဌာနအနေဖြင့် ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၈ အရ လယ်ယာသုံးစက်ကိရိယာများ အပါအဝင် ကုန်စည် ၁၈ မျိုးကို ပြည်ပမှ တင်သွင်းခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းနှင့် ပြည်တွင်း၌ ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းအားလုံး ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေဘဲ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေအရ ကုန်စည် ၁၈ မျိုး ကုန်သွယ်လုပ်ငန်းခွန်မကျသင့်ဘဲ လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း၊ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းနှင့် ပြည်တွင်း၌ ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေရန် ဖြစ်သည်။

အဆိုပါ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုသည့် ကုန်စည်များမှာ (၁) ဓာတ်မြေဩဇာ၊ (၂) ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ (၃) လယ်ယာသုံးစက်ကိရိယာများ၊ လယ်ယာသုံးစက်ကိရိယာနှင့် စက်အပိုပစ္စည်းများ၊ (၄) ငါးအစာ၊ ပုစွန်အစာကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ၊ (၅) တိရစ္ဆာန်အစာကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ၊ (၆) တိရစ္ဆာန်သုံးဆေးဝါးများ၊ (၇) မျိုးမြှင့်သားစပ်ရာတွင် အသုံးပြုရန် မျိုးရည်၊ မျိုးချောင်းများ၊ (၈) ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာကွန်ထရိုလာနှင့် ဆိုလာအင်ဗာတာ၊ (၉) ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်း ကိရိယာတန်ဆာပလာများနှင့် အခြားဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ၊ (၁၀) ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ် တီး၊ ဆေးရုံသုံးအဝတ်အစားနှင့် ဆေးရုံသုံး အထွေထွေပစ္စည်းများ၊ (၁၁) အိမ်သုံးဆေးဝါးနှင့် အခြားလူသုံးဆေးဝါးအမျိုးမျိုး (နည်းဥပဒေစည်းမျဉ်းဖြင့်ကန့်သတ်ထားသော လူသုံးဆေးဝါးများမှအပ)၊ (၁၂) ဆေးဝါးကုန်ကြမ်းများ၊ (၁၃) ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲရန်စာအုပ်အမျိုးမျိုးနှင့် ယင်းစာအုပ်များ ထုတ်လုပ်ရန် စက္ကူများ၊ ခဲတံအမျိုးမျိုး၊ (၁၄) ခဲတံလုပ်ရန် ခဲဆံ၊ (၁၅)ကွန်ဒုံး၊ (၁၆) ကာကွယ်ရေးနှင့် လုံခြုံရေးအဖွဲ့အခန်းများသုံးပစ္စည်းနှင့် ပစ္စည်းကိရိယာများ၊ (၁၇) နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ (၁၈) သီးနှံများ၏ မျိုးကောင်းမျိုးသန့်မျိုးစေ့၊ မျိုးပင်များဖြစ်သည်။

ဤသို့ လယ်ယာသုံးပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်းများ၊ ဆေးဝါးပစ္စည်းများနှင့် ကျောင်းသုံးပစ္စည်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုလိုက်သဖြင့် အဆိုပါ ကုန်ပစ္စည်းများကို သင့်တင့်မျှတသော ဈေးနှုန်းများနှင့် ရောင်းဝယ်ဖောက်ကားရန် လိုပါသည်။ သို့မှသာ ကုန်ထုတ်လုပ်ငန်းများ၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ လျင်မြန်စွာ တိုးတက်လာပြီး ပြည်သူများအား ကုန်ဈေးနှုန်းကြီးမြင့်နေမှုမှ သက်သာခွင့်များရရှိလာမည်ဖြစ်သည်။

မြင့်မောင်စိုး

ကုန်သွယ်ခွန်ကင်းလွတ်ခွင့်ပြုအမျိုးအစားတွင် ပါဝင်သည့် လယ်ထွန်စက်တစ်စီး။

ဓာတ်ပုံ-သက္က

ညောင်ဦးတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်သူများကို ထိရောက်စွာအရေးယူနေ

ညောင်ဦး ဩဂုတ် ၃

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်တွင် မြို့နယ်အတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများနှင့် မော်တော်ယာဉ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ကြရန်နှင့် ယာဉ်အန္တရာယ်လျော့နည်းကျဆင်းစေရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး လုပ်ငန်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစီအစဉ်ဖြင့် ကွင်းဆင်းဆောင်ရွက်နေကြောင်း သိရသည်။

ညောင်ဦးမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းလွင်နှင့် ဝန်ထမ်းများသည် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ တရားရေးဝန်ထမ်းများ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့များနှင့် ပူးပေါင်း၍ ညောင်ဦးမြို့ မဏိစည်သူဈေးအနီးတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်သူများအား ဖမ်းဆီးအရေးယူခြင်းများကို ဇူလိုင် ၃၁ ရက်က ဆောင်ရွက်ခဲ့သည်။

စည်းကမ်း မလိုက်နာသူများကို ဖမ်းဆီးအရေးယူရာတွင် ယခင်က (၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေ) အရ အမှုတစ်မှုလျှင် ဒဏ်ငွေ ၁၅၀၀ နှုန်း သတ်မှတ်၍အရေးယူခဲ့သော်လည်း မော်တော်ဆိုင်ကယ်စီးနင်းသူများနှင့် မော်တော်ယာဉ်များမှာ စည်းကမ်းလိုက်နာမှု အားနည်းနေသည့်အတွက် ယခုကဲ့သို့ ထိရောက်စွာ အရေးယူခြင်းဖြစ်ကြောင်းနှင့် စည်းကမ်းမလိုက်နာသော မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များ၊ မြို့တွင်းသို့ ဝင်ရောက်သော သုံးတန်အထက် ကုန်တင်ယာဉ်ကြီးများကို နေ့စဉ် ထိရောက်စွာ ဖမ်းဆီး၍ ဒဏ်ငွေကျပ် သုံးသောင်းမှ တစ်သိန်းအထိ တပ်ရိုက်ကာ အရေးယူမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ရဲသူရအောင်(ညောင်ဦး)

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
စက်မှုနှင့် သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)အတွက် အောက်ဖော်ပြပါရုံး/ကျောင်းသုံး ပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	Locker 72 B	၃ ခု
၂။	Meeting Table (Modle-LCTL 7180)(ဘဲဥပုံ) (၁၈ယောက်)ထိုင်ခုံအပါအဝင်	၁ စုံ

၂။ အိတ်ဖွင့်တင်ဒါများကို ၅-၈-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ် (မြစ်ကြီးနား)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၅-၈-၂၀၁၄ ရက် ၁၆း၃၀ နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းများနှင့်အသေးစိတ်အချက်အလက်များကို နည်းပညာတက္ကသိုလ်(မြစ်ကြီးနား) ဖုန်း-၀၇၄-၂၄၀၀၂၇၈နှင့် ၀၇၄-၃၆၁၄၄၂၃၄တို့သို့ စုံစမ်းနိုင်ပါသည်။

နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ကျောက်ဆည်အထွေထွေရောဂါကုဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ကျောက်ဆည်အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက် ကုသလျက်ရှိသော လူနာများအားကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
စတင်ရောင်းချမည့်ရက် - ၆-၈-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၅-၉-၂၀၁၄ရက်(သောကြာနေ့)
- ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ဆေးနှင့်ဆေးပစ္စည်းများစာရင်း အသေးစိတ်ကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံးခန်း
ကျောက်ဆည်အထွေထွေရောဂါကုဆေးရုံကြီး
ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း-၀၆၆-၅၀၃၄၅

ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးတက္ကသိုလ် တောင်ကြီးတွင် အသုံးပြုလိုသည့် အောက်ဖော်ပြပါ မော်တော်ယာဉ်အမျိုးအစားအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူအပ်ပါသည်။

Sr.No.	Description
၁။	Light Truck, Diesel, 2200cc, 2WD, 2004 Model and above Them;

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၄-၈-၂၀၁၄ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါကို ၂၂-၈-၂၀၁၄ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထားတင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါတင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာအောက်ပါအတိုင်းဖြစ်ပါသည်။ ရုံးအမှတ် (၄)၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ နေပြည်တော်။

၅။ အသေးစိတ်သိရှိလိုသောအချက်များကို ဤဦးစီးဌာန ဖုန်း-၀၆၇-၄၁၁၀၂၄(သို့) ၀၆၇-၄၁၁၂၃၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန

ဖြည့်စွက်ဖတ်ရှုပါရန်

၂၀-၇-၂၀၁၄ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာအချပ်ပို(၇) ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် အင်းစိန်မြို့နယ်၊အမည်ပေါက်(ဒေါ်ညွန့်ညွန့်)၏ ကြော်ငြာတွင် ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့်အရောင်းအဝယ်စာချုပ်ရန်ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သီရိမြိုင်(၁၃)ရပ်ကွက်၊ (၄)လမ်း၊ အမှတ် ၅(က)၊ ပထမထပ် ခေါင်းရင်းခန်းအား လက်ရှိပိုင်ဆိုင်သူ ဒေါ်သင်းသင်းလဲ့ ၉/မထလ(နိုင်)၁၄၄၅၇၁ ထံမှ ဒေါ်စိန်စိန်မြင့် ၇/အဖန(နိုင်)၀၄၅၀၇၄ မှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်စိန်စိန်မြင့် ၇/အဖန(နိုင်)၀၄၅၀၇၄
ဖုန်း-၀၉-၂၅၅၇၉၄၀၂၆

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၂၇၉၄ Shwe Htay Light Truck ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးသူ ၁၀/မလမ(နိုင်)၂၀၈၈၁၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

ကန့်ကြီးထောင့်မြို့နယ် မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေပေးအပ်ပွဲနှင့် ခန့်ခွဲမှုသင်တန်းဖွင့်

ပန်းတနော် ဩဂုတ် ၃

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ပေးအပ်ပွဲနှင့် စီမံခန့်ခွဲမှုဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၉ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးချစ်လွင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်တို့က မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ဆင်းရဲသားများကို ဦးတည်သဖြင့် ဆင်းရဲမှုကို လျော့ကျစေလိုလျှင် အပြင်လူကူ၍မရ၊ ကိုယ်တိုင်လုပ်မှ ရသည်ဟူသော ဆောင်ပုဒ်အတိုင်း ဆင်းရဲသားများ ဆင်းရဲတွင်းကလွတ်ရန် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးသည့် စီမံကိန်းဖြစ်သဖြင့် စနစ်တကျသုံးစွဲရေး မှာကြားသည်။

ဆက်လက်၍ ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာတစ်ရွာလျှင် ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကို ကျေးရွာမြစိမ်းရောင် ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများအား လွှဲပြောင်းပေးအပ်ပြီး စီမံခန့်ခွဲမှု ဆင့်ပွားသင်တန်း ဆက်လက်ပို့ချကြောင်း သိရသည်။

ကန့်ကြီးထောင့်မြို့နယ်ရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာများမှာ ပေါင်ကြီးကျေးရွာ၊ ငှက်ပျော်တောကျေးရွာ၊ ဝက်ထိုးကျေးရွာ၊ မိချောင်းပိုက်ကျေးရွာ၊ ကံ့ကော်ကန်ကျေးရွာ၊ ဖျံကြီးကျေးရွာ၊ ကျွန်းကုန်းကျေးရွာတို့ဖြစ်ကြောင်း သိရသည်။

ခင်မောင်ဇော်မြင့်

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တနင်္သာရီတိုင်းဒေသကြီး၌ ကျင်းပ

ထားဝယ် ဩဂုတ် ၃

တနင်္သာရီတိုင်းဒေသကြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၁ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ Edu Parkခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းအောင်က ရှေးဦးကလေးသူငယ် ဖွံ့ဖြိုးရေးအတွက် မူကြိုကျောင်းများကိုလည်း အရှိန်အဟုန်ဖြင့် ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးကဏ္ဍမှာလည်း ကလေးများအသက်ရှင်သန်ရေးနှင့် ကျန်းမာသန်စွမ်းရေးအတွက် မွေးကင်းစကလေး စောင့်ရှောက်ရေး လုပ်ငန်းများ၊ အသက် ငါးနှစ်အောက်ကလေးများအတွက် ဆေးပေးခန်း ဖွင့်လှစ်ပေးခြင်း၊ အသက်ငါးနှစ်အောက်ကလေးများ အာဟာရစောင့်ရှောက်ရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကလေးသူငယ်များ အကာအကွယ်ပေးရေးမှာလည်း လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် မိဘမဲ့ကလေးစောင့်ရှောက်ရေး၊ ပရဟိတဂေဟာများကို အထောက်အပံ့များ ပိုမိုပံ့ပိုးပေးနေပြီး ရှေးဦးကလေးသူငယ် စောင့်ရှောက်ရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း နေထိုင်ကြသော ကလေးသူငယ်များ၏ ပကတိအခြေအနေကို အမြဲမပြတ် သိရှိစေရန်၊ ကလေးသူငယ်အခွင့်အရေးများ အပြည့်အဝရရှိခံစားစေရန်၊ ကလေးသူငယ် ဖွံ့ဖြိုးရေးနှင့်အကာအကွယ်ပေးရေးလုပ်ငန်းများ သက်ဝင်လှုပ်ရှားလာစေရန် လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEF အဖွဲ့များနှင့် အတူ ပြည်သူတစ်ရပ်လုံးကလည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြရန်လိုကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးမှူး ဒေါ်ခင်နွယ်ထွန်းက တိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသော ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး UNICEF မှ တိုင်းဒေသကြီး ကွင်းဆင်းအရာရှိ ဒေါက်တာတင်အောင်က တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများက ကလေးသူငယ်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးသည် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်တွင် ပါရှိသော ကလေးသူငယ် အခွင့်အရေးများ၊ မြန်မာနိုင်ငံ ကလေးသူငယ်ဥပဒေတွင် ပြဋ္ဌာန်းချက်များအတိုင်း တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကလေးတိုင်း အခွင့်အရေးရရှိစေရေးအတွက် စောင့်ရှောက်ကာကွယ်ပေးရန်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကလေးသူငယ်များ၏ ပကတိအခြေအနေကို လေ့လာဆန်းစစ်ရန်နှင့် လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများပေးနိုင်ရေး ဌာနဆိုင်ရာများအချင်းချင်း ညှိနှိုင်းဆောင်ရွက်ရန် တနင်္သာရီတိုင်းဒေသကြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီလုပ်ငန်းများ ပုံမှန်ဖြစ်ပေါ်နိုင်ရေးအတွက် အထောက်အကူပေးရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းအောင်၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူး ဒေါ်ခင်နွယ်ထွန်းနှင့် ဝန်ထမ်းများ၊ UNICEF မှ တိုင်းဒေသကြီး ကွင်းဆင်းအရာရှိ ဒေါက်တာတင်အောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြောင်း သိရသည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**

မီတာတပ်ဆင်လိုပါက ထောက်ခံချက်မလိုဘဲ လျှပ်စစ်အင်ဂျင်နီယာရုံးသို့ တိုက်ရိုက်လျှောက်ထားနိုင်

ဟားခါး ဩဂုတ် ၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတည်ရှိရာ မြို့၊ ရွာတိုင်း၌ အစိုးရရုံးဌာန များ၊ ဝန်ထမ်းအိမ်ရာများ၊ နေအိမ်များတွင် မီတာတပ်ဆင်လိုပါကမည်သည့်ဌာန၏ ထောက်ခံချက်မျှမလိုဘဲ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများသို့ လွပ်လပ်စွာဖြင့် တိုက်ရိုက်လျှောက်ထားနိုင်ကြောင်း ချင်းပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၏ ဇူလိုင် ၃၀ ရက် သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါထုတ်ပြန်ချက်အရ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတည်ရှိရာ မြို့၊ရွာတိုင်း၌ မီတာတပ်ဆင်အသုံးပြုလိုပါက သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများသို့ တိုက်ရိုက်လိပ်မူလျှောက်ထားနိုင်ပြီး မြို့နယ်အင်ဂျင်နီယာရုံးမှစစ်ဆေး၍ သက်မှတ်ချက်များနှင့် ကိုက်ညီသည့် လျှောက်လွှာများကို သတ်မှတ်မီတာကြေးပေးသွင်းစေလျက် အမြန်ဆုံးတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟားခါးမြို့တွင် ဇူလိုင် ၈ ရက်မှစ၍ နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်နိုင်ခဲ့ပြီး ၂၄နာရီလျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ခဲ့ပြီဖြစ်သဖြင့် လျှပ်စစ်မီတာ လိုအပ်ချက်မြင့်မားလာနိုင်ကြောင်း သိရသည်။

(၁၁၇)

ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

ချောက် ဩဂုတ် ၃

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ညောင်ပင်သာကျေးရွာရှိ ညောင်ပင်သာကျေးရွာ အမက(မူလွန်)ကျောင်းကို အလက(ခွဲ)သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် ကျောင်းဆောင်သစ်ပေးအပ်ပွဲကို ဇူလိုင် ၃၀ ရက်က ကျင်းပခဲ့သည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ဦး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသန်းငွေနှင့် ကျောင်းဆောင်အလှူရှင်ဦးစိုးကြိုင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလှူရှင်များက ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လက်ထောက်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ကျောင်းဆောင်သစ်ကို စေတနာရှင်များ၏ စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၁၅၀ ကျော်ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အလျား ၆၀ ပေ၊အနံ ၂၅ ပေ၊အမြင့် ၁၂ ပေ ကွန်ကရစ်အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ **ကျော်ဇေယျ**

အမည်မှန်

ဦးဆန်းဦး ၁၄/လပတ(နိုင်) ၀၄၅၉၄၉ ၏သား အ.ထ.က(ခွဲ) လပွတ္တာ ဆဋ္ဌမတန်း(B)မှ မောင်ဥက္ကာကျော်၏ အမည်မှန်မှာ မောင်ဘုန်းပြည့်မင်း ဖြစ်ပါသည်။

အမည်မှန်

လှိုင်သာယာမြို့နယ်၊ အထက(၃) နဝမတန်း(P)မှ ဦးအောင်သန်း-ဒေါ်ခင်သိန်းညွန့်တို့၏သမီး မမြတ်သန္တာအောင်၏ အမည်မှန်မှာ မမြသန္တာအောင်ဖြစ်ပါသည်။

မမြသန္တာအောင်

စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ် (၃၆) အကြီးစားစက်ရုံ၊ မှန်ထုတ်လုပ်ရေးဌာန(ပုသိမ်) အတွက် လိုအပ်သောအောက်ဖော်ပြပါစက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	စက်ပစ္စည်းအမည်	အရေအတွက်
(က)	Thermocouple &	3 Items
	Thermocouple Sensor Cable	3 Items
(ခ)	Solenoid Valve	2 Nos
(ဂ)	သဲကြိတ်စက်	1 No
(ဃ)	Sending Pump	1 No

၂။ တင်ဒါပိတ်ရက်မှာ ၂၈-၈-၂၀၁၄ရက် ၁၅း၀၀နာရီ ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက စီမံရေးဌာန၊ အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၄၁)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၆၀၊ ၀၆၇-၄၀၈၂၀၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကချင်ပြည်နယ်ဥပဒေချုပ်ရုံး
မြစ်ကြီးနားမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်ဥပဒေချုပ်ရုံးမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါတည်ဆောက်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် တည်ဆောက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ကချင်ပြည်နယ်ဥပဒေချုပ်ရုံးဝန်ထမ်းအိမ်ရာ (သုံးခန်းတွဲနှစ်ထပ် RCပေ(၅၀×၅၄)ရေ၊ မီးအပါအဝင် ခြံစည်းရိုးကာရံခြင်း) — ၁ လုံး

(ခ) မြစ်ကြီးနားမြို့နယ်ဥပဒေရုံးအဆောက်အအုံသစ် ပေ(၆၆×၂၄) (ရေ၊ မီးအပါအဝင်) — ၁ လုံး

(ဂ) ဝိုင်းမော်မြို့နယ် ဥပဒေရုံးဝန်ထမ်းအိမ်ရာ(၃၄×၃၈)ပေ (ရေ၊ မီးအပါအဝင်) — ၁ လုံး

(ဃ) ရွှေကူမြို့နယ်ဥပဒေရုံးဝန်ထမ်းအိမ်ရာ(၃၄×၄၈)ပေ (ရေ၊ မီးအပါအဝင်၊ ခြံစည်းရိုးကာရံခြင်း) — ၁ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းများနှင့် ဗီသုကာပုံစံများကို ကချင်ပြည်နယ် ဥပဒေချုပ်ရုံး၊ မြစ်ကြီးနားမြို့တွင် ၁-၈-၂၀၁၄ ရက်မှ ၂၈-၈-၂၀၁၄ ရက်အထိ ရောင်းချသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများကို ၂၉-၈-၂၀၁၄ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရပါမည်။

၃။ လုပ်ငန်းတစ်ခုထက်ပို၍ တင်သွင်းလိုပါက မိမိတင်သွင်းလိုသည့်လုပ်ငန်းအမျိုးအစားအတွက် သတ်မှတ်အိတ်ဖွင့်တင်ဒါတစ်ခုချင်းတင်သွင်းရပါမည်။

၄။ အသေးစိတ်သိရှိလိုပါက အတွင်းရေးမှူး (ပြည်နယ်ဥပဒေအရာရှိ)၊ တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးကော်မတီ၊ ကချင်ပြည်နယ် ဥပဒေချုပ်ရုံး၊ ဖုန်း-၀၇၄-၂၂၄၂၉၊ ၂၉၅၄၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၉၊ မြေကွက်အမှတ် ၁၈၁၊ အကျယ်ပေ (၄၀×၆၀)၊ မြေအမျိုးအစား ပါမစ်မြေကွက်၊ မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကျွန်တော် ဦးလှတိုး X/RGN-၀၀၄၀၂၅ [၁၂/ရကန(နိုင်)၀၂၁၆၂၁]အမည်ဖြင့် ချထားပေးသော မြေချပါမစ်မူရင်းမှာ အိမ်ပြောင်းရွှေ့ရင်း ပျောက်ဆုံးခဲ့ပါသည်။ အဆိုပါမြေချပါမစ်မူရင်းအား တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန်နှင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေးကမ်းခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှတိုး
X/RGN-၀၀၄၀၂၅ [၁၂/ရကန(နိုင်)၀၂၁၆၂၁]
တိုက်အမှတ် ၃၄၃၊ အခန်းအမှတ် ၁၈၊ (၅)ရပ်ကွက်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၉၀၊ မြေကွက်အမှတ် -၁၄၆၇၊အကျယ် ပေ(၄၀×၆၀)၊ မြေအမျိုးအစား-ပါမစ်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးအဖီး ၁၂/ပဘတ(နိုင်) ၀၁၇၁၈၆ အမည်ဖြင့်ချထားပေးခြင်းခံရပြီး ၄င်းထံမှ အရပ်ကတိစာချုပ် အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်သူ ဦးမောင်ဝင်း ၁၀/သဖရ(နိုင်)၀၀၈၅၀၁မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးကောင်းမြတ်ဇော်	**ဦးသန်းဦး**
အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅)	**အထက်တန်းရှေ့နေ(စဉ်-၃၂၃၃၅)**

အမှတ်(၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈/၆၁၁၇ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/4196 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မိတ္ထီလာ၌ စားသောက်ကုန်များတွင် ဓာတုဆိုးဆေးပါဝင်မှု ကွင်းဆင်းစစ်ဆေး

မိတ္ထီလာ ဩဂုတ် ၃

ဒေသခံစားသုံးသူ ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သည့် စားသုံးကုန်ပစ္စည်းများကိုသာ ဝယ်ယူစားသုံးနိုင်ရေး ရည်ရွယ်ချက်ဖြင့် မိတ္ထီလာမြို့ မိတ္ထီလာဈေးကြီးအတွင်း ဈေးသည်များကရောင်းချသည့် စားသောက်ကုန်ပစ္စည်းများတွင် ကျန်းမာရေးနှင့် မညီညွတ်သည့် ဓာတုဆိုးဆေးများပါဝင်ခြင်း ရှိ မရှိကို မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ် စည်ပင်သာယာရေးကော်မတီတို့က ဩဂုတ် ၁ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ဗဟိုဈေးကြီး၊ ပိတောက်မြိုင်ဈေးများအတွင်း ရောင်းချနေသည့် ငပိ၊ လက်ဖက်၊ မုန့်မျိုးစုံ၊ ကြက်သား၊ ဝက်သားနှင့် အသားစုံ ၊ ကွမ်းပစ္စည်းများစသည့် စားသောက်ကုန်ပစ္စည်းများ ရောင်းချသည့်ဆိုင်များရှိ ကုန်ပစ္စည်းများတွင် ဓာတုဆိုးဆေးပါဝင်မှုရှိမရှိ ကျန်းမာရေးနှင့်ညီညွတ်မှု ရှိ မရှိကို မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှဋ္ဌေးမြင့် ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များဖြစ်သည့် ဦးသန်းဝင်း၊ ဦးညီအောင်၊ ဈေးတာဝန်ခံအရာရှိ ဦးကျော်ကိုကို၊ ကျန်းမာရေးဝန်ထမ်းများပါဝင်သည့် ပူးပေါင်းအဖွဲ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းဖြစ်သည်။

"စားသောက်ကုန်တွေမှာ ဓာတုဆိုးဆေး ပါ မပါ စစ်ဆေးပေးတာ ပြည်သူလူထုရဲ့ ကျန်းမာရေးအတွက် အကျိုးရှိပါတယ်၊ တစ်ခါလာကြည့်ပြီး ပြန်သွားတာမျိုးမဟုတ်ဘဲ လစဉ်လောက် လာစစ်ဆေးပြီး အရေးယူတာကိုလည်း သေသေချာချာလုပ်ပေးစေချင်ပါတယ်" ဟု မိတ္ထီလာမြို့ခံ တစ်ဦးက ပြောသည်။

မိတ္ထီလာဈေးကြီးအတွင်း ရောင်းချသည့် စားသောက်ကုန်ပစ္စည်း နမူနာများကို ရောင်းချသည့် ဆိုင်အမည်၊ ရောင်းချသူအမည်နှင့်တကွ မှတ်တမ်းတင်ရယူပြီး သက်ဆိုင်ရာ ဓာတ်ခွဲခန်းဌာနသို့ ပို့ဆောင်စမ်းသပ်စစ်ဆေးမည်ဖြစ်ကာ စမ်းသပ်စစ်ဆေးချက်များအရ ဓာတုဆိုးဆေးများ ပါဝင်သည့် ကုန်ပစ္စည်းများကို ရောင်းချကြောင်းတွေ့ရှိခဲ့လျှင် ဆက်လက်မရောင်းချရေးအတွက် သတိပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ချမ်းသာ(မိတ္ထီလာ)

ယင်းမာပင်မြို့နယ် ညောင်ပင်ဝန်းစုကျေးရွာ၌ ဗုဒ္ဓရုပ်ပွားတော် အဆူ ၅၀၀ လှူဒါန်း

ယင်းမာပင် ဩဂုတ် ၃

ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ညောင်ပင်ဝန်းစုကျေးရွာ ဓမ္မဝိသုဒ္ဓိကျောင်း၌ ဇူလိုင် ၂၇ ရက်က အလိုတော်ပြည့် ဗုဒ္ဓရုပ်ပွားတော်အဆူ ၅၀၀ လှူဒါန်းပွဲအခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

မေတ္တာမဏ္ဍိုင်နယ်လှည့်သာသနာပြုဆရာတော် ဦးပညာဗလ၏ ဦးဆောင်မှုဖြင့် ယင်းမာပင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ မေတ္တာအားမာန် သာသနာပြု လူငယ်အဖွဲ့၊ ယင်းမာပင်မြို့ ရွှေစေတီဂေါပကအဖွဲ့နှင့် သင်္ဂဟလူမှုကူညီရေးအသင်းတို့ ပူးပေါင်း၍ အလိုတော်ပြည့် ဗုဒ္ဓရုပ်ပွားတော် အဆူ ၅၀၀ အား ညောင်ပင်ကြီးစု၊ ယင်းမာပင်စု၊ ပေပင်စု၊ ဈေးလက်ပံစု ကျေးရွာများမှ အိမ်ထောင်စုများအား လှူဒါန်းကြခြင်း ဖြစ်သည်။

"ခုအချိန်ထိ ကျွန်မတို့အိမ်မှာ ဘုရားဆင်းတုတော် မရှိသေးပါဘူး။ ပုံတော်ပဲ ရှိတာပါ။ ဗုဒ္ဓဆင်းတုတော်တွေ လာလှူမယ်ဆိုတာသိလို့ အိမ်မှာ ကိုးကွယ်ချင်လို့ ရွာလူကြီးဆီမှာ စာရင်းပေးထားတာပါ။ ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားအောင် လုပ်ပေးတာပဲလို့ သိပါတယ်။ လှူပေးတဲ့အဖွဲ့တွေကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပေပင်စုကျေးရွာမှ ဒေါ်စန်းမြိုင်က ပြောသည်။

အလိုတော်ပြည့်ဗုဒ္ဓရုပ်ပွားတော်လှူဒါန်းမှုနှင့်ပတ်သက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ငွေက အမျိုးဘာသာသာသနာကို စောင့်ရှောက်သူများတိုးပွားပြီး သာသနာတော်ကြီး အရှည်တည်တံ့ထွန်းကားပြန့်ပွားစေရေးနှင့် ဘာသာတရားကို အနှစ်သာရရှိရှိ ကိုးကွယ်ဆည်းကပ်နိုင်ကြရန်အတွက် ယခုကဲ့သို့ ဗုဒ္ဓရုပ်ပွားတော်များကို စုပေါင်းလှူဒါန်းကြခြင်းဖြစ်ကြောင်းနှင့် ယင်းမာပင်ခရိုင် အတွင်း၌ ဆားလင်းကြီးမြို့နယ်တွင် အဆူ ၂၀၀ လှူဒါန်းပြီးဖြစ်သလို ယခု ယင်းမာပင်မြို့နယ်တွင် အဆူ ၅၀၀ ထပ်မံလှူဒါန်းခြင်းဖြစ်ပြီး ပုလဲမြို့နယ်နှင့် ကနီမြို့နယ်များတွင်လည်း ဆက်လက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

စိုးစိုး(iprd)

သတင်းတိုများ

မကွေးတက္ကသိုလ်တွင် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကျင်းပ

၂၀၁၃-၂၀၁၄ ပညာသင်နှစ် မကွေးတက္ကသိုလ် အထူးပြုဘာသာရပ်အလိုက် ကာယဗလမောင်နှင့်ကာယအလှမယ်ပြိုင်ပွဲကို မကွေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ဇူလိုင် ၃၀ ရက်က ကျင်းပခဲ့ရာ ပြိုင်ပွဲတွင် ကာယဗလမောင် ၁၄ ဦးနှင့် ကာယအလှမယ် ၂၁ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲဝင်ကာယဗလမောင်များနှင့်ကာယအလှမယ်များကို ဒုတိယပါမောက္ခချုပ် ဒေါက်တာသက်လွင်နှင့် ပါမောက္ခဌာနမှူးများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကျော်ဇေယျ

လျှပ်စစ်မီးရသောအိမ်များကို ဒီဂျစ်တယ်မီတာများ ထုတ်ပေး

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဇလောင်းအုပ်စု ဇလောင်း(တောင်)ကျေးရွာမှ ကျေးရွာကိုယ့်အားကိုယ်ကိုး မီးလင်းရေး အစီအစဉ်ဖြင့် လျှပ်စစ်မီးရရှိထားသော အိမ်ထောင်စုများအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ဒီဂျစ်တယ်မီတာများ ဇူလိုင် ၃၁ ရက်က ထုတ်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါကျေးရွာတွင် အိမ်ခြေ ၄၃၀ ရှိပြီး လျှပ်စစ်မီတာလျှောက်ထားသူ အိမ်ခြေ ၃၃၄ အိမ်ရှိကာ ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသို့ သတ်မှတ်ဓာတ်အားသွယ်တန်းခ ငွေကျပ် ၉၀၀၀၀ ပေးသွင်းပြီးသည့် အိမ်ထောင်စု ၁၄၅ ခုကို ဒီဂျစ်တယ်မီတာများ ထုတ်ပေးခြင်းဖြစ်သည်။

(၄၀၆)

ဗန်းမော်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ပိုက်ကျော်ခြင်းဗိုလ်လုပွဲများကျင်းပ

ကချင်ပြည်နယ် ဗန်းမော်တက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံပိုက်ကျော်ခြင်း အမျိုးသားသုံးယောက်တွဲနှင့် အမျိုးသားနှစ်ယောက်တွဲ ဗိုလ်လုပွဲပြိုင်ပွဲများကို ဇူလိုင် ၃၁ ရက်က ဗန်းမော်တက္ကသိုလ်ဝင်းအတွင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပပြီး ပထမဆုရရှိသောအသင်းများအား ဒိုင်းဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဒုတိယဆု၊ တတိယဆု ရရှိသောအသင်းများကို ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဆုများ၊ အကောင်းဆုံးကစားသမားဆုအပါအဝင် တစ်ဦးချင်းဆုများကို ချီးမြှင့်ခဲ့သည်။ ပိုက်ကျော်ခြင်းပြိုင်ပွဲများသို့ မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း ၊ ဓါတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ ဘူမိဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒဘာသာရပ်များမှ စုစုပေါင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်းသိရသည်။

ဆီမီးခုံ-နန်းရီ

ဒီပဲယင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ထုတ်ပေး

ဒီပဲယင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၆)စီမံချက်အရ ဒီပဲယင်းမြို့နယ် ညောင်လှစံပြကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဇူလိုင် ၃၀ ရက်က အခမဲ့ထုတ်ပေးခဲ့ကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်နှင့်တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဒေသခံပြည်သူများကို ပေးအပ်ပြီး အလှူရှင် Hight Land Road ဆောက်လုပ်ရေးကုမ္ပဏီမှ ဓာတ်ပုံရိုက်ကူးခ၊ သွေးစစ်လက်မှတ်ခနှင့် မိတ္တူကူးခများအတွက် ငွေကျပ် ၆၇၀၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

အောင်လင်း(iprd)

မွေးနေ့အထိမ်းအမှတ်ပူဇော်ပွဲ

၁၃၇၆ ခုနှစ် ဝါခေါင်လပြည့်နေ့၊ ၁၀-၈-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၆း၃၀ နာရီတွင် ကမ္ဘာ့အေးစွန်းလွန်းဆရာတော်ကြီး ဦးဝိနယ၏ မွေးနေ့အထိမ်းအမှတ်ပူဇော်ပွဲ ကျင်းပပြုလုပ်ပါမည်။

ကမ္ဘာ့အေးစွန်းလွန်းပဋိပတ္တိသာသနာနုဂ္ဂဟအဖွဲ့

ကန့်ကွက်နိုင်ပါသည်

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၈/ပုဗ္ဗသီရိရပ်၊ လူနေရပ်ကွက်အမှတ် ပုဗ္ဗသီရိ၊ ဝဏ္ဏဒီပရပ်ကွက်၊ စကားဝါ (၄)လမ်း၊ မြေကွက်အမှတ် ၃၁၅၀၇၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ ဦးခင်မောင်ထွေး ၁၂/ဥကတ(နိုင်)၀၀၈၉၄၇ အမည်ပေါက် နှစ် ၃၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အဆက်ဆက်စာချုပ်နှင့် ပိုင်ဆိုင်သော ဦးဇော်ဝင်းနိုင် ၁၂/ပဘတ(နိုင်)၀၁၁၅၇၈ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြတ်မောင် ၁၂/မဂဒ(နိုင်)၁၁၅၁၆၀က အပြီးအပိုင် လွှဲပြောင်းဝယ်ယူပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောစာရွက်စာတမ်း မူရင်းများဖြင့် ဤကြော်ငြာ ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အမည်ပြောင်းခြင်းကိစ္စအဝဝကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်နွဲ့ရီ LL.B (စဉ်-၇၉၂၅) တရားလွှတ်တော်ရှေ့နေ
တိုက်(၉)၊ အခန်း (၂၇)၊ ဖဆပလ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၃၀၉၈၉၄၂

ခြင်ဆေးခွေနှင့်ပတ်သက်သည့် သတိပေးချက်

ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှနည်းလမ်းမျိုးစုံဖြင့် မှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသော အဆိပ်ရှိပစ္စည်းများနှင့်ထုတ်လုပ်ထားသည့် ကျင်းထုံခြင်ဆေးခွေများ ဝင်ရောက်လျက်ရှိပါသည်။ ၄င်းခြင်ဆေးခွေများအား ပြည်သူများသုံးစွဲခြင်းမပြုကြရန် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ နေ့စဉ်ထုတ်သတင်းစာများတွင် အသိပေးထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကျင်းထုံခြင်ဆေးခွေအမည်ဖြင့် မည်သည့်ခြင်ဆေးခွေကိုမျှ ပိုးသတ်ဆေးဥပဒေနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိဘဲ ဈေးကွက်တွင် တွေ့ရှိရသော ကျင်းထုံတံဆိပ်ခြင်ဆေးခွေနမူနာများကို စစ်ဆေးခဲ့ရာတွင် ကျင်းထုံတံဆိပ်ဖြင့်ခြင်ဆေးခွေများပေါ်တွင် ဖော်ပြထားသော အမျိုးအစားဓာတုပစ္စည်း၏ ပါဝင်မှုရာခိုင်နှုန်း ၀.၀၈% သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ထုတ်ပြန်ထားသော အများဆုံးပါဝင်ရမည့်ပမာဏ ၀.၀၄% ထက် ပိုမိုပါဝင်နေသဖြင့် သုံးစွဲသူများ၏ ကျန်းမာရေးကိုများစွာ ထိခိုက်စေပါသည်။

တရားမဝင်တင်သွင်းလာသော အခြားခြင်ဆေးခွေများကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ပိုးသတ်ဆေးဓာတ်ခွဲခန်းတွင် စစ်ဆေးလျက်ရှိပါသည်။ ခြင်ဆေးခွေတင်သွင်းရောင်းချသူများအနေဖြင့် တင်သွင်းလာသောခြင်ဆေးခွေတွင် အဆိပ်ရှိပစ္စည်းပါဝင်မှုစစ်ဆေးခြင်းနှင့် မှတ်ပုံတင်ခြင်းကို သီးနှံကာကွယ်ရေးဌာနခွဲသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ တရုတ်ပြည်မှတင်သွင်းလာသော ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် ယင်းကျင်းထုံခြင်ဆေးခွေများကို သုံးစွဲခြင်း မပြုကြရန်နှင့်တင်သွင်း၊ ရောင်းချ၊ ဖြန့်ဖြူးမှုများကို တွေ့ရှိပါက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ပြီး ပိုးသတ်ဆေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံသတိပေးကြေညာအပ်ပါသည်။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ အထကပုပ္ပား၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်လမင်းကိုကိုနှင့် ထန်းပေါက်ကုန်း မူလွန် ဆဋ္ဌမတန်းမှ မောင်မျိုးမင်းကိုကိုတို့၏ ဖခင်အမည်မှန်မှာ ဦးသိန်းဇော် ၉/ကပတ(နိုင်)၁၅၆၄၂၁ ဖြစ်ပါကြောင်း။ **ဦးသိန်းဇော်**

တစ်ဦးတည်းဖြစ်ကြောင်း

ကျောက်ပန်းတောင်းမြို့နယ်၊ ကမ်းဖြူအုပ်စု၊ သရက်တော(မြောက်)ရွာနေ မထက်ထက်အောင် ၉/ကပတ(နိုင်)၂၆၂၅၇၉၏ ဖခင် ဦးမောင်ခါ ၉/ကပတ(နိုင်)၀၅၆၄၄၅ နှင့် ဦးကြည်ခိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမောင်ခါ(ခ)ဦးကြည်ခိုင်**

အမည်ပြောင်း

ဦးဝင်းအောင် ၁၂/ရကန(နိုင်)၀၄၈၆၈၈၏သား ရန်ကင်းပညာရေးလေ့ကျင့်ရေး အလယ်တန်းကျောင်း ပဥ္စမတန်း(ခ)မှ မောင်စိန်လှမြိုင်အား မောင်ကြယ်စင်လင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကြယ်စင်လင်း**

အိမ်ကားမောင်းရန်

ယာဉ်မောင်းတစ်ဦး
အမြန်အလိုရှိသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၆၂၅၀၆

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

အုတ်ဖိုမြို့နယ်အသင်း (ရန်ကုန်)
ဝါဆိုသင်္ကန်းဆက်ကပ်လှူပွဲ

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)၏ (၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများနှင့် အုတ်ဖိုမြို့နယ်သူ မြို့နယ်သားများ စုံစုံညီညီ ကြွရောက်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၁၇-၈-၂၀၁၄ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - ၀၉:၀၀နာရီမှ ၁၁:၀၀ နာရီအထိ
ကျင်းပမည့်နေရာ - အမှတ် (၅၅) L၊ ရန်ကုန်အင်းစိန်လမ်းမကြီး၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်။
[အုတ်ဖိုမြို့နယ်အသင်း (ရန်ကုန်) အသင်းတိုက်]
(နေ့လယ်စာဖြင့်ကျွေးမွေးပါမည်။)

ပါဝင်လှူဒါန်းလိုသူများ ဦးဝင်းမောင်ဇော် ဖုန်း-၀၁-၆၆၂၅၀၇၊ ဦးတင်မောင်ညွန့် ဖုန်း- ၀၉-၈၆၁၈၃၀၅၊ ဦးအေးဝင်း ဖုန်း-၀၉-၇၃၀၅၉၇၆၄၊ ဦးဝင်းမြင့် ဖုန်း-၀၉-၅၁၄၉၀၅၄၊ ဦးသက်ဆွေ ဖုန်း-၀၁-၂၂၉၇၉၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(အလုပ်အမှုဆောင်အဖွဲ့)

အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
၂၀၁၄ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၉၉

ဒေါ်နွဲ့နွဲ့ရီ ပါ(၅) **နှင့်** ဦးသန်းလွင်ဦး ပါ (၃)
တရားလိုများ **တရားပြိုင်များ**

(၂) ဦးဇော်မောင်ဆန်း အိမ်အမှတ် ၄၉၊ ၆၉လမ်း၊ မဟာမြိုင်အုပ်စု(၁၁)၊ သိပ္ပံလမ်း မြောက်ဘက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဒေါ်နွဲ့နွဲ့ရီပါ (၅)က ဤရုံးသို့ မန္တလေးခရိုင်တရားရုံး မကြီး ၂၀၃/၂၀၁၁၏ ၁၉-၃-၂၀၁၄ ရက်စွဲပါ အမိန့်နှင့်စပ်လျဉ်းသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၄ ခုနှစ် ဩဂုတ် ၁၅ ရက် (၁၃၇၆ ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ချက်ကို သင့်ကွယ်ရာတွင် တဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ-

တင်ထွေးဦး
ဒုတိယညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

ငွေချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
စစ်တွေခရိုင်တရားရုံးတော်၌
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၁

ဦးအောင်ဇော်ဝင်း **နှင့်** ဦးမောင်စံထွေး
တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြကန်သာအိမ်ရာ၊ ပထမထပ်၊ အမှတ် ၂၈၊ အခန်း ၁၀၁နေ ဦးမောင်စံထွေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက ယုံကြည်၍အပ်နှံထားသော မြတ်စည်သူ (ယခုကော်ထူးအမည်ပြောင်းထား)ရှိရေယာဉ်နှင့်တကွ နစ်နာဆုံးရှုံးငွေများကို အပြေအကျေလက်ရောက်ပေးအပ်စေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှိ၊ အခွင့်အမိန့်ရရှိ့နေ့ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဩဂုတ် ၁၈ရက် (၁၃၇၆ ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေလျှောက်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေရှုပ်ချင်းလျှင်တင်ပြလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(တင်ထွေး)
ဒုတိယခရိုင်တရားသူကြီး
စစ်တွေခရိုင်တရားရုံး

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့်ဆောင်ရွက်ခဲ့သော တိုက်ခန်းအား မူလအမည်ပေါက်ထံမှဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ် ချုပ်ဆိုခွင့်ပြုပါရန်တင်ပြလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁	ဦးအောင်ကျော်ဇော ၁၃/သဃန(နိုင်)၀၀၂၀၈၅(မှ) ဦးလှမျိုး ၉/မတန(နိုင်)၁၀၁၅၆၉(မှ)	ဒေါ်ခင်မျိုးဆွေ ၁၂/လမန(နိုင်)၀၂၆၉၁၁	တိုက် (ဘီ)၊ အခန်း (၄/၇)၊ စံပယ်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ငွေချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်း-၂၀)
သင်္ဃန်းကျွန်းမြို့နယ်တရားမရုံးတော်၌
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၅၀

၁။ ဒေါ်စန်းစန်းအေး **နှင့်** ဦးသောင်းဖေ
၂။ ဒေါ်ကေဇင်ဦး
တရားလိုများ **တရားပြိုင်**

အမှတ် ၂၀၅၊ (၄)လမ်း၊ စံပြရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးသောင်းဖေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စန်းစန်းအေး (၂)က သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၂အရ ကတိပဋိညာဉ်အတိုင်း အိမ်နှင့်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ ဂရန်အမည်ပေါက်သည်အထိ ဆောင်ရွက်စေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှိ၊ အခွင့်အမိန့်ရရှိ့နေ့ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဩဂုတ် ၁၉ ရက် (၁၃၇၆ ခုနှစ် ဝါခေါင်လပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၉း၃၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ထို့ပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ထွန်းအောင်
မြို့နယ်တရားသူကြီး
သင်္ဃန်းကျွန်းမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅ A/၃၊ ဧရိယာ ၀ ဒသမ ၀၁၄၈ဧကရှိ နှစ် ၉၀ ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ ဗဟန်းမြို့နယ်၊ နှောက်ရှေ့ပိုင်းတိုင်ရပ်ကွက်၊ ရွှေတိုင်လမ်း၊ အမှတ် ၁၃၇ ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို အမည်ပေါက် ပိုင်ဆိုင်သူဖြစ်သော ဒေါ်စန်းရီ ၁၂/ဗဟန(နိုင်)၀၀၀၁၅၃ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေကစရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှမွှာ LL.B ဦးမျိုးသူရအောင်(စဉ်-၄၂၂၁၀)၊ ဦးဝေယံဦး(စဉ်-၄၂၂၂၇)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၁၄) အထက်တန်းရှေ့နေများ
အမှတ် (၆၆/၀ထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၇၃၄၉၈၊ ၀၉-၈၆၃၀၇၀၄

သွားနှင့်ထွေသမီးအဖြစ် အမွေပြတ်စွန့်လွှတ်ခြင်း

ဘားအံမြို့၊ အမှတ် (၃)ရပ်ကွက်၊ အောင်သပြေလမ်း၊ အိမ်အမှတ် (၃/၁၄)တွင် နေထိုင်သူ ကျွန်မဒေါ်သိန်းတင် အသက်(၈၄)နှစ်၏ သမီးဒေါ်တာမခင်သီတာ ၃/ဘအန (နိုင်)၀၁၇၈၂၂၊ ရွှေသရဖူ ရတနာရွှေဆိုင် (ရွှေဥမြို့)တွင် နေသူသည် မိဘဖြစ်သူနှင့် ကျန်မောင်နှမများအပေါ်တွင် ရန်သူသဖွယ် ပြောဆိုပြုမူဆက်ဆံစော်ကားမှုများ အကြိမ်ကြိမ်အခါခါပြုလုပ်က ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘကိုလည်း အိမ်ပေါ်မှ နှင်ချပြီး မိဘပိုင်အိမ်၊ မြေကိုပင် တစ်ဦးတည်းအပိုင်စီးကာ လုပ်ကြံဖန်တီးရယူရန် ကြိုးပမ်းလာသည်အထိ ဆောင်ရွက်လာပါသဖြင့် ကျွန်မနှင့်ကျန်သားသမီးများမှ နေ့စဉ်နှင့်အမျှ ကိုယ်စိတ်နှစ်ပါးဆင်းရဲနေရသောကြောင့် ယနေ့မှစ၍ သွားနှင့်ထွေသမီး (အမွေစားအမွေခံသမီး) အဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သိန်းတင် (မိခင်)
၃/ဘအန(နိုင်)၀၁၈၁၄၉
အောင်သပြေလမ်း (၃)ရပ်ကွက်၊ ဘားအံမြို့

ဝမ်းနည်းကြေကွဲခြင်း
ဦးထင်အောင်
အသက် (၈၄)နှစ်

ပါမောက္ခ ဒေါက်တာ ဦးသန်းတိုး (ပါမောက္ခ/ဌာနမှူး-ငြိမ်း) အကြောအခဆက်ရောဂါကုပညာဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)- ဒေါ်ခင်သီတာအောင်တို့၏ဖခင် ဦးထင်အောင် အသက် (၈၄)နှစ်သည် ၂၆-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ ဒေါက်တာဒေါ်ခင်မျိုးလှနှင့်
အကြောအခဆက်အထူးကုဆရာဝန်များဆရာမများ
အကြောကျွမ်းကျင်ပညာရှင်များနှင့်
ဝန်ထမ်းများအားလုံး
အကြောအခဆက်ရောဂါကုပညာဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာလွင်လွင်နိုင် (ပါမောက္ခ/ဌာနမှူး)
မြန်မာစာဌာန၊ စစ်တွေတက္ကသိုလ်
အသက် (၅၇)နှစ်

- ငယ်သောအခါ
  ရယ်မောစွာ စာပေသင်လို့
  ခင်လေတဲ့ တို့ဆွေရင်း။
- အချိန်မတန်မီ
  အိမ်အပြန် သီသီစောသွားမို့
  နမြောလှလေခြင်း။ ။

ဦးစိန်လှိုင် (သူရဇော်)၊ ဦးအေးချို (မဟာဝိဇ္ဇာ)
ဒေါ်ခင်စိုးဝင်း လ/ထ ကထိက(ငြိမ်း)
ဒေါက်တာသွင်သွင်နု ပါမောက္ခ (ငြိမ်း)
ဒေါက်တာခင်သီတာ တွဲဖက်ပါမောက္ခ (ဒဂုံတက္ကသိုလ်)
ဒေါ်ဆွေဆွေဟန် ပါမောက္ခ ဌာနမှူး (မအူပင်တက္ကသိုလ်)
၁၉၇၉-၁၉၈၃ မဟာဝိဇ္ဇာ(မြန်မာစာ)သူငယ်ချင်းများ၊ ရန်ကုန်တက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)မှ တွဲဖက်အတွင်းရေးမှူး ဦးအုန်းမြင့် အသက်(၇၁)နှစ်သည် ၂၈-၇-၂၀၁၄ ရက်တွင် ကွယ်လွန်ပြီး ရေကြည်မြို့နယ်အသင်း(ရန်ကုန်)၏ ဥက္ကဋ္ဌ ဦးမောင်မောင်အေး၏ဇနီး ဒေါ်ထွေးရီ အသက် (၆၄)နှစ်သည် ၃၀-၇-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရေကြည်မြို့နယ်အသင်းထောက် (ရေကြည်မြို့)

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဒေါက်တာစန်းနိုင်နှင့် စန်းစန်းဝင်းတို့၏ဖခင် ဦးလှမောင် အသက် (၈၉)နှစ်သည် ၂၃-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၅/၈၂ ဒု-အမ်ဘီ ဆေးတက္ကသိုလ် မန္တလေးဝင်
သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ကျင်အေး
အသက် (၇၈)နှစ်

ငယ်စဉ်ကတည်းက သားသမီးအရင်းသဖွယ် ကြည့်ရှုစောင့်ရှောက်ခဲ့သော ကျေးဇူးရှင်အန်တီ ၃၁-၇-၂၀၁၄ ရက်တွင် ကွယ်လွန်ခြင်းအတွက် အထူးဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်မှူးကြီးကျော်ရွှေထွန်း-ဒေါ်ဥမ္မာဝင်း

အထူးကျေးဇူးတင်ရှိခြင်း

၂၆-၇-၂၀၁၄ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားခဲ့ပြီးဖြစ်သော ဒေါက်တာဒေါ်မကြည် အသက်(၈၀) နာမကျန်းဖြစ်စဉ်တစ်လျှောက် စေတနာမေတ္တာဖြင့် ပြုစုစောင့်ရှောက်ပေးခဲ့သူများ၊ ကုသပေးခဲ့သောဆရာဝန်ကြီးများ၊ ဒေါက်တာဒေါ်ရှုမွန်နှင့် ဒေါက်တာချစ်ထွေး၊ ဆုတောင်းအားပေးခဲ့သော မဖွဲ့ဝန်ဆောင်များ၊ မဖွဲ့မိတ်ဆွေများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဗဟိုစည်ဆေးရုံမှ ဆရာဝန်ကြီးများ၊ သူနာပြုများ၊ ဝန်ထမ်းများ၊ ၂၈-၇-၂၀၁၄ရက်တွင် ပြုလုပ်ခဲ့သော ဈာပနဝတ်ပြုစဉ်းဝေးတွင် ဦးဆောင်ပါဝင်ပေးခဲ့ကြသော မဖွဲ့ဝန်ဆောင်များ၊ သံစုံသီချင်းသည်များ၊ တူရိယာတီးခတ်ပေးခဲ့သူများ၊ ပန်းများနှင့် ပန်းခြင်းများပေးပို့သူများ၊ လူကိုယ်တိုင်လာရောက် ဂါရဝပြုသူများ၊ တယ်လီဖုန်း၊ အီးမေးလ်၊ ဖေ့ဘွတ်များမှ နှစ်သိမ့်အားပေးခဲ့သူများ၊ ဦးကျော်သူနှင့် နာရေးကူညီမှုအသင်း(ရန်ကုန်)မှ တာဝန်ရှိသူများ၊ ရေဝေးသုသာန်သို့ နောက်ဆုံးခရီးအထိ လိုက်ပါပို့ဆောင်ခဲ့သူများ၊ ကျေးဇူးတင်ထိုက်သူ ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို ကျန်ရစ်သူမိသားစုများမှ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒုဂျန်အင်ခွန်ကော့လမ် (မြစ်ကြီးနား)
အသက် (၇၉)နှစ်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်၊ အမှတ် (၃၅၇)နေ သူငယ်ချင်း ဆရာမ ဒေါ်လုတောင်၏ခင်ပွန်း ကြီးသည် ၂၉-၇-၂၀၁၄ရက် ည ၉း၀၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၇၆ စီးပွားရေးတက္ကသိုလ်ဘွဲ့ရမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

မြိတ်မြို့၊ ကန်ဖျားရပ်၊ လမ်းမကြီးလမ်းနေ ဒေါ်ငွေငွေကြည်၏ချစ်လှစွာသော ခင်ပွန်း ဦးမြင့်ခိုင် (အိမ်တော်ဖြူ) ၁-၈-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ချစ်သူငယ်ချင်းများ
ဒေါ်ငွေငွေယု(ခ)ယုငယ်၊ ဦးငွေလွင်-ဒေါ်ဝင်းဝင်းငွေ
ဦးဉာဏ်ဝင်း-ဒေါ်အေးအေးပြုံး၊ ဦးဝင်းနီ-ဒေါ်အေးအေးသန်း

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ထွေးရီ (မင်းဘူး-စကုမြို့)
အသက် (၆၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သစ္စာဝါရီလမ်း၊ အမှတ် (၇၂/၈)နေ ဦးမောင်မောင်အေး (ဒုတိယအထွေထွေမန်နေဂျာ၊ ငြိမ်း) MICB GIZ Consultant- ရှိမဟာ၏ဇနီး ဒေါ်ထွေးရီ မင်းဘူး(စကုမြို့) အသက် (၆၄)နှစ်သည် ၃၀-၇-၂၀၁၄ရက် ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **MICB ဝန်ထမ်းဟောင်းများအဖွဲ့**

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးကြည်သာစိုး
အသက် (၄၈)နှစ်

Hti Hlaing Shin Business Group မှ Managing Director ဦးကြည်သာစိုး အသက် (၄၈)နှစ်သည် ၃၀-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အထူးထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့်ဝန်ထမ်းမိသားစု
Eternal Co.,Ltd.

လူမှုရေးကြော်ငြာ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၈၆၆၅၈၊ ဟွန်ဒါဝေ့(ဗ်) 125 ယာဉ်လက်ဝယ်ရှိသူ ဦးတင်မြင့်ဦး ၁၂/လသယ(နိုင်)၀၃၇၉၀၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄ဘီ၊ မြေကွက်အမှတ် ၉၈၊ မြေကွက်တည်နေရာအမှတ် ၁၆၊ ၃လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဒေါ်သန်းအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်သန်း၊ ဖခင် ဦးကြည်တင် ကွယ်လွန်သဖြင့် (၁) ဒေါ်တင်သန်းခိုင် ၁၂/မဂတ(နိုင်)၀၆၁၀၇၂၊ (၂)ဒေါ်တင်ဝင်းခိုင် ၁၂/မဂတ(နိုင်)၀၆၁၀၇၃၊ (၃) ဒေါ်တင်ကြူကြူခိုင် ၁၂/မဂတ(နိုင်) ၀၇၀၁၅၃တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အထူးဝမ်းနည်းကြေကွဲခြင်း

အမှတ် ၅၄၄၊ ဦးထွန်းရှိန်လမ်း၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးခင်မောင် - ဒေါ်ခင်လှိုင်တို့၏သား ထီးလှိုင်ရှင်လုပ်ငန်းစု၊ mam Computer Center, Super S Solution Co.,Ltd. ၏ Managing Director၊ မန္တလေးတိုင်းဒေသကြီး၊ ကွန်ပျူတာလုပ်ငန်းရှင်အသင်း၏စာရင်းစစ် ဦးကြည်သာစိုး အသက် (၄၇)နှစ်သည် ၃၀-၇-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တသာဂရာဘိဝံသ

သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါ

မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် မဟာနာယက အဘိဓမ္မနယပဒေသကျောင်းနာယက နိုင်ငံတော်သြဝါဒါစရိယ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာပဏ္ဍိတ တိပိဋကပါဠိ-မြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ဝင် ဘဒ္ဒန္တသာဂရာဘိဝံသ မဟာထေရ်ဆရာတော်ကြီးသည် (၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၅ရက်) ၃၁-၇-၂၀၁၄ရက်(ကြာသပတေးနေ့) ည ၇း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။ ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင်ကို (၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၁၃ရက်) ၈-၈-၂၀၁၄ရက် (သောကြာနေ့)တွင် အေးရိပ်ငြိမ်သုသာန်သို့ပင့်ဆောင်ပြီး အန္တိမအဂ္ဂိစျာပနသဘင် ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ **ဈာပနကျင်းပရေးကော်မတီ**

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တဝိစိတ္တ(ခ)ဦးကျော်လှ (ကျိုက်ထော်-ဦးတို)

သက်တော်(၆၃)နှစ်၊ သိက္ခာတော်(၄၂)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်ဘုရားဝင်း၊ ပုညဝမုဏာတိုက်ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တသြဘာသ မဟာထေရ်မြတ်၏တပည့်၊ (ခမည်းတော် ဦးအေးမောင်-မယ်တော် ဒေါ်သန်းတင်)တို့၏သားကြီး၊ ခြောက်ထပ်ကြီးသာသနာ့ဂုဏ်ရည်ကျောင်းဆရာတော် ဦးဝိမလ၏နောင်တော် ဘဒ္ဒန္တဝိစိတ္တ(ခ)ဦးကျော်လှသည် (၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၇ ရက်) ၂-၈-၂၀၁၄ရက်(စနေနေ့) နံနက် ၀၀း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်ကို ၆-၈-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်ဘုရားဝင်း၊ ပုညဝမုဏာတိုက်ကျောင်းမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ဦးဝိမလနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးမြဟန် (နတ္တလင်း)

အသက်(၉၇)နှစ်

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အပတ်စဉ်(၁၇)မှ ဗိုလ်မှူးချုပ် လှမြင့်(ငြိမ်း)-ဒေါ်စုစုလှိုင်တို့၏ မွေးသဖခင် ဦးမြဟန် အသက်(၉၇)နှစ်သည် ၁-၈-၂၀၁၄ရက် နံနက် ၀၅း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အပတ်စဉ်(၁၇)၊ ကျောင်းဆင်းအရာရှိများ

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါက်တာ ဒေါ်နော်ရီတာမြ (ဗိုလ်မှူး-ငြိမ်း)

(ကြည်း- ၃၄၀၄) မဆရ (၁၃၁)

အသက်(၈၅)နှစ်

မြစ်ကြီးနားမြို့နေ (ဦးရွှေမြ၊ စက်ရှင်တရားသူကြီး-ဒေါ်စိန်နီ)တို့၏သမီး၊ ငါးသိုင်းချောင်းမြို့နေ (ဦးဟံတိန်-ဒေါ်တင်)တို့၏သမီးချွေးမ၊ [ဒုတိယဗိုလ်မှူးကြီးမောင်အေး(ငြိမ်း)]၏ဇနီး၊ ဒေါက်တာဦးမောင်မောင်မြ (B.P.I၊ ငြိမ်း)-ဒေါ်ကယ်ရီလိုင်း (ကထိက၊ ငြိမ်း၊ M.I.T) တို့၏ညီမ၊ (ဦးလုပု-ဒေါ်ရူဘီမြ)၊ (ဦးထွန်းရင်)-ဒေါက်တာရီနာမြ (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ငြိမ်း)၊ သိက္ခာတော်ရဆရာတော် ဦးစိန်အောင် (ကရင်ကျောင်း၊ ပြင်ဦးလွင်)-ဒေါ်ရီ့စ်မြ(အထက်တန်းကာယနည်းပြ၊ ငြိမ်း)တို့၏အစ်မ၊ ဦးအောင်ကြည်စိုး (Eastem Wealth Co.,Ltd.)-ဒေါ်ချိုချို(ဒု-ညွှန်မှူး၊ ငြိမ်း၊ စက်မှု-၁)၊ ဗိုလ်မှူးကြီးဒေါ်အေးအေး [တပ်မှူး၊ အမှတ်(၂)တပ်မတော်သားဖွားမီးယပ်နှင့်ကလေးဆေးရုံ(ခုတင်-၃၀၀)နေပြည်တော်]၊ ဒေါ်မွေးမွေး[ပါမောက္ခ၊ ဌာနမှူး(တိုင်းရင်းသားဒီဂရီကောလိပ်-ရန်ကုန်)]၊ ဦးထိန်လင်း (Aung Taing San Co.,Ltd.) - ဒေါက်တာဒေါ်ထွေးထွေး၊ ဗိုလ်မှူးဟိန်းမြတ်ကျော် (ငြိမ်း)-ဒေါ်အယ်လ်အောင်ဂျာ၊ ဦးရဲအေး-ဒေါ်မိုးကလျာဦးတို့၏မိခင်၊ မနှင်းယုမွန် (Inter- national Business,Singapore)၊ မဟာန်ဇင်အေး[Final Part I ဆေး(၁)]၊ မဆုမွန်ထက်[2 nd Year ဆေး(၁)]၊ မစိမ့်သူဟန် Regent Business Academy၊ မသန့်သီရိလင်း (ဆဋ္ဌမတန်း၊ ဒဂုံ-၁)၊ မောင်ထက်ကောင်းမြတ်ကျော် (7 Years ,M.I.S)၊ မမေဟိန်းထက် (5 Years , M.I.S)တို့၏ဘွားဘွားကြီးသည် ၂-၈-၂၀၁၄ရက် နံနက် ၃း၄၅ နာရီတွင် သမက(၂/၃၀၀)၊ နေပြည်တော်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၈-၂၀၁၄ရက် မွန်းလွဲ ၁ နာရီတွင် ငြိမ်းအေးဇရပ်၊ အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) နေပြည်တော်၌ ဝတ်ပြုဆုတောင်းပြီး မွန်းလွဲ ၂နာရီတွင် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၄ရက်(တနင်္လာနေ့)ညနေ ၆နာရီတွင် အောက်မေ့ဖွယ်ဝတ်ပြုဆုတောင်းပွဲအခမ်းအနားကိုလည်းကောင်း၊ ၈-၈-၂၀၁၄ရက် (သောကြာနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာခြင်းကို တပ်မှူး၊ သမက(၂/၃၀၀)၊ နေပြည်တော် နေအိမ်တွင် ပြုလုပ်မည်ဖြစ်ပါသဖြင့် အထက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။) **ကျန်ရစ်သူမိသားစု**

အဒေါ်ဂျူပ်ဟိတ်...

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီ Md Yusoof(ခ) ဟာဂျီဦးလှမြင့်

ရန်ကုန်မြို့

ကျိုလီယာဗလီ မိုဇင်ဟောင်း

အသက် (၈၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၄ လမ်း၊ အိမ်အမှတ် (၁၂/A-5)နေ ဟာဂျီမ Harsan Bi(ခ) ဟာဂျီမဒေါ်ဝင်းမြင့်၏ခင်ပွန်း၊ ဦးထွန်းမြင့်ဦး (ဦးစီးအရာရှိ-ကွန်ပျူတာ၊ မွန်ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး)-ဒေါ်အေးအေးမြင့် (လယ်/ပြ၊ အထက-၂၊ မော်လမြိုင်)၊ ဦးကျော်ဝင်း- ဒေါ်မြင့်မြင့်နွယ်၊ ဦးလှဝင်း-ဒေါ်မြင့်မြင့်သိန်း၊ ဦးကြည်တိုး-ဒေါ်မြင့်မြင့်ခင် (ရာဂျား CD,DVD ရောင်းဝယ်ရေး)၊ အလ်ဟာဂျ်ဦးမြအုန်း-ဟာဂျီမဒေါ်ခင်မြင့်သန်း (တနိုင်ဆောက်လုပ်ရေး)၊ ဦးထွန်းမြင့်အောင်(ခ)Ha Bee၊ ဦးမိုးလွင်၊ ဒေါ်ခင်မြင့်ဝင်း၊ ဦးလှဝင်း-ဒေါ်ငွေးငွေးမြင့်ဝင်း၊ ဒေါ်အိဇင်လှိုင်တို့၏ဖခင်၊ မြေး ၁၉ယောက်၊ မြစ်ငါးယောက်တို့၏ အဘိုးသည် ၃၀-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၂း၂၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပြီး ယင်းနေ့ မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးကဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာပြီးဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား မဂ္ဂဖွေရာတ်ဒိုအာပြုပေးနိုင်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကျင်အေး

အသက် (၇၈)နှစ်

ဗိုလ်မှူးကြီးငွေဝင်း-ဒေါ်ဆုလှိုင်တို့၏မိခင် ဒေါ်ကျင်အေးသည် ၃၁- ၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **စစ်တက္ကသိုလ်အမှတ်စဉ် (၃၂)မှ သူငယ်ချင်းများ**

ခရစ်တော်၌ အိပ်ပျော်ခြင်း

ဒေါ်အိုင်းရစ်(စ)စိုးမင်း(ခ)ဒေါ်နန်းကြည်

အသက် (၇၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၁၄၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်နေ (ဦးမန်းစိုးမင်း-နော်ရှော့ဖေ)တို့၏သမီးကြီး၊ (ဒေါက်တာဦးဇော်ထွန်း၊ ကချင်ပြည်နယ်ဆေးဘက်ဆိုင်ရာ ညွှန်ကြားရေးမှူး)၏ဇနီး၊ (ဦးဟဒ်ဆင်စိုးမင်း၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)-ဒေါ်ကက်သရင်းဂျွန်တို့၏ညီမ၊ (ဒေါ်လူးလူစိုးမင်း)၊ ဦးဂေးလ်မိုးစိုးမင်း-ဒေါ်Margaret ခင်လဲ့တင့်တို့၏အစ်မ၊ ဦးကျော်မိုးတင့် (မွန်စွန်းကုမ္ပဏီလီမိတက်)-ဒေါ်နန်းမိုင်ထွန်း(နိုဟွန်းမြန်မာအိုက်ကီကိုင်း၊ ခေတ္တ-တိုကျို)၊ ဒေါ်ဂျင်းဂျာဘောက်ထွန်း (နယူးစထရင့်န်ဖောင်ဒေးရှင်း၊ ခေတ္တ-ယူအက်စ်အေ)တို့၏မိခင်ကြီး၊ အေးအေးစိုး၊ သိန်းဝင်းစိုး၊ အိအိမင်း၊ သင်းသင်းစိုး၊ အောင်စိုးမင်း၊ (အေးအေးမင်း)၊ မိုးပွင့်ဖြူမင်း၊ ကျော်စိုးမင်း၊ သန့်ချစ်မင်းတို့၏ ဒေါ်ဒေါ်၊ ရှုမဝအောင်၊ (ပုလဲဝတ်ရည်)၊ မြတ်ထွဋ်၊ စောအက်ဒွင်ဦး၊ စောပက်ထရစ်စိုး၊ နော်မစ်ရီကယ်လ်ယန်း၊ စောဝီလီယမ်စိုး၊ နော်အစ်ဇဘဲလ်လားမင်းထွန်း၊ နော်ဂေဘရီယဲလားမင်းထွန်းတို့၏ဖီးဖီးသည် ၂-၇-၂၀၁၄ ရက်တွင် အမေရိကန်ပြည်ထောင်စု နီဘရားစကားပြည်နယ်၊ အိုမဟာမြို့ ဒေသစံတော်ချိန် ည ၈ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၅-၇-၂၀၁၄ ရက် မွန်းလွဲ ၁း၃၀ နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစုများ**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မန္တလေးခရိုင်တရားရုံးတော်၌

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၆၅

၁။ ဦးထိပ်တင်မျိုး	နှင့်	၁။	ဒေါ်မာမာအေး(၎င်း၏ကိုယ်စားလှယ်လွှဲစာရသူ ဦးထွန်းဝင်း)
၂။ ဒေါ်သန္တာလှိုင်		၂။	ဦးခင်မောင်ဝင်း
၃။ ဒေါ်စန္ဒာလှိုင်		၃။	ဒေါ်သက်သက်မာ
၄။ ဒေါ်သူဇာလတ်			
၅။ ဒေါ်သီတာလှိုင်(ကိုယ်တိုင်နှင့် (၁)တရားလို၏အထွေထွေကိုယ်စားလှယ်စာရသူ)			
တရားလိုများ			**တရားပြိုင်များ**

ဒေါ်သက်သက်မာ၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်၊ ၆၅လမ်း× လမ်း ၃၀ထောင့်နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးထိပ်တင်မျိုးပါ(၅)က ၂၃-၈-၂၀၁၄ ရက်စွဲပါ ညှိနှိုင်းဖြေရှင်းခြင်း သဘောတူဝန်ခံကတိစာချုပ်အရ ကျန်ငွေကျပ်သိန်း ၂၀၀နှင့် အပိုထပ်ဆောင်းငွေကျပ်သိန်း ၅၀ စုစုပေါင်းငွေကျပ်သိန်း ၂၅၀နှင့် နစ်နာကြေးငွေကျပ်သိန်း ၅၀ စုစုပေါင်း ငွေကျပ်သိန်း ၃၀၀ ရလိုကြောင်းလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဩဂုတ် ၂၀ရက် (၁၃၇၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည် တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ရီရီထူး

ဒုတိယခရိုင်တရားသူကြီး(၁)

မန္တလေးခရိုင်တရားရုံး

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အုန်းကြည် (ဇေယျာဝတီ)

အသက် (၇၈)နှစ်

အန်ကယ်ဦးတင်အောင်၏ဇနီး Steel Stone Group of Companies ဦးသန်းလွင်-ဒေါ်လွင်လွင်ဦးတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်အုန်းကြည် အသက် (၇၈)နှစ်သည် ၂၆-၇-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မစိန်၊ မအုန်း၊ မနော်၊ ကိုချစ်ထွေး၊ မီးကြီး၊ ရီဇင်၊ ထူးထူး၊ လဲ့လဲ့၊ ဖြိုးသီရိ

ဒေါ်စန်းစန်းမြင့်

အသက် (၄၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ သရက်မြိုင်လမ်း၊ အမှတ် ၅၃နေ (ဦးမောင်ညွန့်-ဒေါ်အေးကြည်) တို့၏မြေး၊ ဒေါ်လှသန်း၏တူမ၊ ဦးမောင်ကျော်-ဒေါ်သန်းစိန်တို့၏တတိယသမီး၊ (ဦးထွေး-ဒေါ်သန်းညွန့်)တို့၏သမီးချွေးမ၊ ဦးစိန်တင်မောင်-ဒေါ်အုန်းကြိုင်၊ ဦးထွန်းလွင်-(ဒေါ်ခင်သောင်း)၊ (ဦးကျော်စိုး)-ဒေါ်တင်ယု၊ ဦးမောင်စန်း-ဒေါ်ခင်ညို၊ [ဦးမြင့်ဝင်းနိုင်(ခ)ဦးပါကြီး]၊ ဦးအေးကို-ဒေါ်မြင့်မြင့်အေး၊ ဦးအောင်မျိုး-ဒေါ်မေမေခင်၊ ဦးစိုးဝင်း-ဒေါ်သန်းသန်းချို၊ ဦးဝင်းကိုလတ်-မမြင့်မြင့်ဝင်းတို့၏ညီမ၊ မခင်ဆွေယု၊ မအေးအေးသန်းတို့၏အစ်မ၊ ကိုရဲသူအောင် (Pun Yo Ma International Co.,Ltd.)-မအိမ့်မွန်ဆွေ၊ မောင်ဗညားနောင် (New Day Energy Co.,Ltd.) တို့၏မိခင်၊ ဦးမောင်မောင်ကြည် (MOGE) ၏ဇနီးသည် ၃၀-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၄ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ **ကျန်ရစ်သူမိသားစု**

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှ အဆင့်ဆင့်ဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
	ဦးဂူလာဟူဆောင် AI-၀၄၇၇၆၈ (မှ) ဒေါ်မေနွေး ၁၂/လမန(နိုင်)၁၁၁၂၁၇(မှ) ဒေါ်သန္တာနိုင် ၁၀/မလမ(နိုင်)၁၃၄၆၂၉(မှ)	ဒေါ်ချိုချို ၁၀/သထန(နိုင်)၀၀၄၄၆၈	တိုက်အမှတ် (၃)၊ အခန်းအမှတ် (၁၀)၊ လှိုင်ရတနာအိမ်ရာ၊ လှိုင်မြို့နယ်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၆၄၀၊ မြေကွက်တည်နေရာ အမှတ် ၆၄၀၊ မာဃ ၉လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးသိန်း အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးသိန်းနှင့် ဇနီး ဒေါ်ရင်မေတို့ ကွယ်လွန်သဖြင့် (၁)ဒေါ်အေးအေးမြင့် ၁၂/ဥကတ(နိုင်)၀၀၈၃၂၇၊ (၂)ဒေါ်ငွေးငွေးမြင့် ၁၂/စခန(နိုင်)၀၂၂၉၅၁၊ (၃) ဒေါ်ခင်လေးမြင့် ၁၂/ဥကတ(နိုင်) ၁၁၃၆၆၆၊ (၄) ဒေါ်ချိုချိုသိန်း ၁၂/ဥကတ(နိုင်)၁၁၄၁၃၄တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

မြန်မာနိုင်ငံအောက်ပိုင်း မိုးပိုနေမည်

နေပြည်တော် ဩဂုတ် ၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ဧရာဝတီတိုင်းဒေသကြီး၊ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ဂွမြို့တွင် ၁၂ ဒသမ ၈၃ လက်မ၊ တောင်ကုတ်မြို့တွင် ၇ ဒသမ ၄၀ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် ၇ ဒသမ ၁၃ လက်မ၊ ဖျာပုံမြို့တွင် ၆ ဒသမ ၈၉ လက်မ၊ ကျိုက်မရောမြို့တွင် ၆ ဒသမ ၇၀ လက်မ၊ မာန်အောင်မြို့တွင် ၅ ဒသမ ၈၃ လက်မ၊ သံတွဲမြို့တွင် ၄ ဒသမ ၈၅ လက်မ၊ မောင်တောမြို့တွင် ၄ ဒသမ ၆၅ လက်မ၊ မော်လမြိုင်မြို့တွင် ၄ ဒသမ ၁၀ လက်မ၊ ဘီးလင်းမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ ဟင်္သာတမြို့တွင် ၃ ဒသမ ၆၃ လက်မ၊ မအူပင်မြို့တွင် ၃ ဒသမ ၅၀ လက်မ၊ ဇောင်းတူမြို့တွင် ၃ ဒမသ ၃၉ လက်မနှင့် သိမ်ဇရပ်မြို့တွင် ၃ ဒသမ ၁၉ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မြန်မာစံတော်ချိန် ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီးလှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၄-၈-၂၀၁၄ (တနင်္လာနေ့)

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၄၀ သံသာချိုအေးမင်္ဂလာတေး
- ၆း၅၀ **ကြီးစွာသံဝေဂရယူပါ ကုသိနာရုံမှာ**
- ၇း၁၀ **သမဝါယမစွမ်းပကားလူမှုစီးပွားဘဝမြင့်မား**
- ၇း၂၀ ပြည်သူတို့ရဲ့စကားသံများ
- ၇း၄၅ **ရင်နှစ်ပန်းတို့လန်းစေချင်**
- ၈း၁၀ **သစ်၊ ဝါး၊ အိမ်တိုင်လှိုင်လှိုင် ပေါဖို့အစုအဖွဲ့ပိုင်တောတွေ တည်ထောင်စို့**
- ၉း၁၀ ကာတွန်းအစီအစဉ် **လီယိုကိုလျှို့ဝှက်သင်္ကေတ**
- ၁၀း၁၅ **အနုပညာသတင်းအစီအစဉ်**
- ၁၀း၄၅ **ငါးရစ်မျိုးငါးတို့မစား**
- ၁၁း၂၀ **နှစ်စဉ်နွဲ့ပျော် ဝါဆိုခြင်းပွဲတော်**
- ၁၁း၄၀ **မူဟန်သွယ်သွယ်ဆိုကြမယ်**
- ၁၂း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၁၂း၂၅ ဆေးရောင်စုံရုပ်ရှင် **ထူးထူးခြားခြားမိသား** ရဲအောင်၊ နေဆန်း၊ မို့မို့မြင့်အောင်၊ ဆွေဇင်ထိုက်၊ မျိုးသန္တာထွန်း (ဒါရိုက်တာ မလိခစိုးထိုက်အောင်)
- ၁၅း၀၀ ပြည်တွင်းသတင်း
- ၁၅း၁၅ **မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ**
- ၁၆း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ
- ၁၆း၁၅ အဝေးသင် တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၁၆း၃၅ **လူကုန်ကူးမှုဆိုင်ရာပညာပေးအစီအစဉ်** (စကားပြော- R ဇာနည်)
- ၁၇း၀၀ ပြည်တွင်းသတင်း
- ၁၇း၁၅ ၂၀၁၄ ခုနှစ် ဩဂုတ်လအတွက် မိုးလေဝသဇလဗေဒ ခန့်မှန်းချက်နှင့်ကြိုတင် သတိပြုဖွယ်ရာများ
- ၁၇း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **ဒဏ္ဍာရီထဲကတေးကဗျာ** (အပိုင်း-၂၆)
- ၁၈း၂၀ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၁၈း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ **ဒဏ္ဍာရီပန်းတစ်ပွင့်** (အပိုင်း-၁၈)
- ၁၉း၀၀ ပြည်တွင်းသတင်း
- ၁၉း၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ **ဒဏ္ဍာရီပန်းတစ်ပွင့်** (အပိုင်း-၁၈)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ သက်ဝင်လှုပ်ရှား သတင်းပုံရိပ်များ ရည်ရွယ် ဦးတည်ပြည်သူ့ဆီ
- ၂၀း၄၅ ပြည်သူတို့ရဲ့စကားသံများ မှတ်မှတ်ထင်ထင် **မြန်မာ့ရုပ်ရှင်** (ဒါရိုက်တာ-ကြည်စိုးထွန်း) **သစ္စာတော်စူး**(အပိုင်း-၂) ဝင်းသော်တာညွန့်၊ အေးချမ်းမြေ့၊ ဖြိုးစုကြည် (ဒါရိုက်တာ- ခင်ခိုင်ခိုင်ကြည်၊ခင်မြတ်မိုး)

ဒေါ်အိုက်လီ

(လပွတ္တာ)

အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ၂၆လမ်း၊ အမှတ် ၁၇(ပထပ်)နေ (ဦးရှောက်စွန်-ဒေါ်စိန်းလှိုင်)တို့၏သမီး၊ (ဦးမင်းခွေ)၏ဇနီး၊ (ဦးကျော်နိုင်-ဒေါ်လှလှ)၊ ဦးစိတ်စိတ်-ဒေါ်တင်တင်မြင့်(ကောင်းမြတ်ဆန်စက်)၊ ဦးတင့်ဆန်း-ဒေါ်အေးအေးမြင့်၊ ဒေါ်နှင်းယဉ်၊ ဦးတင်စိုး-ဒေါ်ရှုရင်၊ ဒေါ်ကျင်ယဉ်၊ ဒေါက်တာဒေါ်ကြည်ယဉ် (ဩစတြေးလျ)၊ ဦးဟန်ထွေးတို့၏မိခင်၊ ကိုအောင်မျိုးဇင်၊ မလှကေခိုင်၊ ကိုအောင်သန့်ဇင်၊ မဖြူစင်သန့်၊ ကိုမျိုးမြင့်အောင်၊ ဒေါက်တာမြတ်လေးခိုင်၊ ဒေါက်တာကောင်းထက်ဟံ၊ မဝင့်ရည်သန့်(Final Part II ,UM 1)တို့၏အဘွားသည် ၂-၈-၂၀၁၄ရက် (စနေနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၁၀း၃၀နာရီတွင် V-21၊ မြကန်သာ ၅လမ်းနှင့် ၄၀၊ ၇လမ်းထောင့်၊ လှိုင်မြို့နယ်နေအိမ်မှ ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၁၄ရက် (သောကြာနေ့) နံနက် ၇နာရီ မှ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်မြတင် (MEIC၊ ငြိမ်း)

အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၃၂၊ ရုံးကြီးလမ်းနေ (ဦးစံမြ-ဒေါ်လေးစံ)တို့၏သမီး၊ (ဦးခင်မောင်လွင်-ဒေါ်ထိုက်)၊ (ဦးတင်ကြည်-ဒေါ်ငွေမြိုင်)တို့၏ညီမ၊ (ဦးစံသိန်း-ဒေါ်နုနု)တို့၏အစ်မ၊ (ဦးစံတင်)၏ဇနီးသည် Thailand Bangkok မြို့၊ Bangkok Hospital ၌ ၂-၈-၂၀၁၄ရက် ညနေ ၅း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၄ရက်တွင် Bangkok မြို့၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း ဒါယကာကြီး

ဦးတင်ညွန့် (Victor)

အသက်(၇၁)နှစ်

စွမ်းအင်ဝန်ကြီးဌာန၊မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ပင်မသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က)အဆင့်၊ ခရိုတောမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလရော်-ဒေါ်အင်ဒီကိုင်ရာတို့၏ဖခင် ဦးတင်ညွန့်သည် ၃၁-၇-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးလွန်းသီ(စွမ်းအင်ဝန်ကြီး၊ ငြိမ်း)-ဒေါ်ခင်မာအေးနှင့် မိသားစု

ဒေါ်စန်းနွဲ့ (တောင်ငူ)

အသက်(၇၆)နှစ်

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ နယ်မြေ(၄)၊ မိုးမခလမ်း၊ အမှတ် ၄/၂၆၀နေ (ဦးတင်-ဒေါ်ခင်ညွန့်)တို့၏သမီး၊ ဦးခင်မောင်လွင် (စစ်မှုထမ်းဟောင်း)၏ဇနီး၊ ဦးဘလွင်ဦး(လက်/ညွှန်၊စိမ်း/စို)-ဒေါ်သိန်းသိန်းရီ၊ဒုတိယဗိုလ်မှူးကြီးဘသက်နောင်(ငြိမ်း)-ဒေါ်သီတာလွင်(ငယ်/ယာ-၁၊ မြို့ပြ)တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂-၈-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၂း၄၀နာရီတွင် တောင်ကြီးမြို့၌ ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် တိုင်းရင်းသားပေါင်းစုံ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးလွင်ခင် (ဝါးခယ်မ)

အသက်(၈၁)နှစ်

ဝါးခယ်မမြို့၊ ဈေးရပ်ကွက်၊ ခေါက်ဆွဲတန်းလမ်း၊ အမှတ် ၅၁နေ(ဦးမောင်ရွှေး-ဒေါ်ကျင်မား)တို့၏သား၊ ဒေါ်ထွေးထွေး၏ခင်ပွန်း၊ (ဦးလွင်စိန်၊ ဟောင်ကောင်)၏ညီ၊ (ဦးအော်တီ-ဒေါ်နုနုလွင်၊ ထွန်းလျှပ်စစ်)တို့၏ အစ်ကို၊ ဦးထွန်းထွန်းလွင် - ဒေါ်ဝိုင်းဝိုင်းဇင် (USA)၊ ဒေါက်တာအောင်နိုင်-ဒေါ်ချိုချိုလွင်(အောင်ချမ်းသာပွဲရုံ)၊ ဦးမျိုးမျိုးလွင်-ဒေါ်စန်းစန်းတင့်၊ ဦးအောင်နိုင်-ဒေါ်မိုးမိုးလွင်(မိုးမိတ္တူ)၊ ဦးစိုးဝင်းနိုင်-ဒေါ်ခင်မို့မို့လွင်၊ ဦးတိုးဝင်းခိုင်-ဒေါ်စန်းလေးတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၃-၈-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၄ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ဝါးခယ်မသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမြင့်သိန်း

အသက်(၆၀)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ၄၀ါလမ်း၊ အမှတ် ၅၅နေ [ဦးဟုတ်လွင်(ခ)ဦးစိန်ဝင်း-ဒေါ်ဆွေဝင်း]တို့၏သား၊ (ဦးအမ္ဘိုင် - ဒေါ်ကွမ်း)တို့၏ သားသမက်၊ (ဒေါ်ထွေးထွေးရီ)၏ခင်ပွန်း၊ ဒေါ်စန်းလှ၊ ဦးစန်းဝင်း-ဒေါ်မြင့်မြင့်နိုင်၊ ဦးစိုးဝင်း၊ ဒေါ်နုနုအေးတို့၏ ညီ/မောင်၊ ဒေါ်ခင်ခင်အေး၊ ဦးတင်အေးတို့၏ အစ်ကို၊ မောင်ဝေယံလင်း B.Tech (Civil) 3rd Year၊ မောင်အောင်မြတ်မင်း Y.U.F.L (Chinese) 1st Year တို့၏ဖခင်၊ မောင်ဇေယျာလင်း၊ မခင်သူဇာစန်း(ဆေးဝါးတက္ကသိုလ်၊ Final Year)တို့၏ဦးလေးသည် ၃-၈-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၃း၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါသည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ချိုချိုမာ

အသက်(၅၈)နှစ်

ရန်ကုန်တိုင်းဒေသကြီးနေ (ဦးစံသိန်း-ဒေါ်သင်း)တို့၏သမီး၊ (ဗိုလ်မှူးမောင်မောင် - ဒေါ်မေမေကြည်)တို့၏ သမီးချွေးမ၊ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊အောင်ဇေယျ ၄လမ်း(ဝဲ)၊အမှတ် ၄/ကနေ ဦးမောင်မောင်ကြည်၏ဇနီး၊ မောင်ဇင်ဦးမောင်၏မိခင်၊ ကိုစိုးဇေယျာ-မသူဇာမျိုး၊ မောင်နောင်နောင်မျိုး-မခင်မာပြုံး၊ မသန္တာမျိုးတို့၏အဒေါ်၊ မကြည်ဖြူစင်၊ မယဉ်ဖြူစင်တို့၏အဘွားသည် ၃-၈-၂၀၁၄ရက် (တနင်္ဂနွေနေ့)နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၄ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၄ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်စန်းကြည် (ညောင်လေးပင်)

အသက်(၉၀)

ရန်ကုန်မြို့၊ ၄၆လမ်း၊ အမှတ် ၁၁၄/၁၁၆ B_3၊ (၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်နေ [ဦးဝိုးယား(ခ)ဦးဝင်းမြင့်]၏ဇနီး၊ ပုသိမ်မြို့နေ ဒေါ်ခင်သန်းရီ-ဒေါက်တာကြီးမြင့်၊ ဦးတင်မောင်ဆွေ၊ ဗိုလ်မှူးဒေါ်မိမိရီ(ငြိမ်း)-ဦးအင်ကြူ၊ မန္တလေးမြို့နေ ဒေါ်ခင်ဝင်းရီ-ဦးအောင်လွင်၊ ဦးစောမြင့်တို့၏မိခင်၊ ဒေါက်တာအောင်ကြီးမြင့်-ဒေါက်တာမချွှာအေး (ခေတ္တ-USA)၊ ဒေါက်တာဖြူယဉ်မွန်၊ မအိယဉ်မွန် (ခေတ္တ-USA)၊ ကိုကျော်လင်းသန့်-မနွေးနွေးဆက်(ခေတ္တ-USA)၊ မချိုဖူးလွင်၊ ကိုထက်ကိုကိုအောင်တို့၏အဘွား၊ Zino သတိုး၏ ဘွားဘွားကြီးသည် ၃-၈-၂၀၁၄ရက် နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၈-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်သန်းမြင့်(ထားဝယ်ချောင်)

အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (ဗိုလ်ကြီးအောင်ဘွင့်-ဒေါ်ထွေး)တို့၏သမီးကြီး၊(ဦးဘိုးချိန် - ဒေါ်လှမြိုင်)တို့၏ သမီးချွေးမ၊ ဦးစိုးနိုင်-ဒေါ်ခင်မာဝင်း၊ (ဒေါ်ကြည်ကြည်မြင့်)၊ ဦးတင်မောင်ဦး-ဒေါ်အေးအေးမော်၊ ဦးတင်မောင်ထွန်း-ဒေါ်အေးအေးမြင့်၊ ဦးအောင်ကျော်မိုး-ဒေါ်အေးသန်း၊ ဦးအောင်ကျော်စိုး-ဒေါ်သန္တာလင်း၊ ဦးသန်းစိန်-ဒေါ်သီတာမြင့်၊ ဦးသောင်းဟန် - ဒေါ်မာလာမြင့်တို့၏မိခင်၊မြေး ၁၅ယောက်၊မြစ်နှစ်ယောက်တို့၏အဘွား၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊(၂/ခ)ရပ်ကွက်၊ စိတ္တသုခလမ်း၊အမှတ်၃၅၈နေ(ဒုအရာခံဗိုလ်လှရွှေ)၏ဇနီးသည် ၂-၈-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါ၍ ၄-၈-၂၀၁၄ ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်သန်းမြင့်(ထားဝယ်ချောင်)

အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နေ (ဗိုလ်ကြီးအောင်ဘွင့်-ဒေါ်ထွေး)တို့၏သမီးကြီး၊ (ဦးဘိုးချိန် - ဒေါ်လှမြိုင်)တို့၏ သမီးချွေးမ၊ (ဦးသာနု)-ဒေါ်အိ၊(ဦးစံထွန်း)-ဒေါ်ဖွားအေး၊ (ဦးဝင်းမောင်-ဒေါ်ချစ်သိန်း)တို့၏ညီမ၊ (ဦးလှဦး)-ဒေါ်စိန်မြိုင်၊ (ဦးအောင်ကြည်)-ဒေါ်သန်းမြင့်၊ ဦးရွှေလုံး - ဒေါ်သန်းလှ၊ (ဗိုလ်ကြီးတင်ဦး-ဒေါ်သန်းမြ)၊ ဦးအေးချို-ဒေါ်အေးမြင့်၊ (ဦးထွန်းသိန်း)-ဒေါ်ခင်လေးမြင့်၊ ဒေါ်သန်းနု၊ ဦးစိုးဝင်း-ဒေါ်ဝင်းငွေ၊ ဦးစိန်လှိုင်-ဒေါ်စန်းမြင့်တို့၏ အစ်မကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊(၂/ခ)ရပ်ကွက်၊ စိတ္တသုခလမ်း၊အမှတ် ၃၅၈နေ(ဒုအရာခံဗိုလ်လှရွှေ)၏ဇနီးသည် ၂-၈-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါ၍ ၄-၈-၂၀၁၄ ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ဝင်းကြည်(နတ်တလင်း)

အသက်(၆၉)နှစ်

နတ်တလင်းမြို့၊ ဇီးကုန်းလေးအတွင်းလမ်းနေ ဦးကျော်သိန်း-(ဒေါ်ပါတီ)တို့၏သမီး၊ (ဒေါ်ခင်ကြည်)၊ ဦးထွန်းမြင့်-ဒေါ်ခင်လေး၊ ဦးလှဝင်းတို့၏ညီမ၊ (ဦးအောင်ကြည်)-ဒေါ်ကြည်ကြည်အုန်းတို့၏အစ်မ၊ စင်ကာပူနိုင်ငံနေ ဦးဝင်းထွန်း - ဒေါ်စံအေးခိုင်၊ ဦးသိန်းထွန်း - ဒေါ်သန်းသန်းလှတို့၏ မိခင်၊ မအိန္ဒြာခင်၊ မောင်ကောင်းမြတ်ထွန်း၊မောင်ဘုန်းမြတ်စံတို့၏ဘွားဘွားသည် ၃-၈-၂၀၁၄ရက် နံနက် ၄း၅၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေတွင် စင်ကာပူနိုင်ငံ၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကြော်ငြာ

ဦးဂျော်နီ (မြဝတီ)

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ရွှေပိတောက်ရိပ်မွန်၊ ရွှေပိတောက်လမ်း၊ အမှတ် O2 နေ(ဦးဘွန်လုံး-ဒေါ်ဖွားရှင်)တို့၏သား၊ ဒေါ်ယုလန်၏ခင်ပွန်း၊ ဦးမောင်ဝင်း(Boom Soon International Co.,Ltd.)-ဒေါ်ခင်ခင်စိန်၊ ဒေါ်ကျင်ဟန်-ဦးမြင့်အောင်(USA)၊ ဦးကျင်ကျုံး၊ ဒေါ်စောစောမေ၊ ဒေါ်စောစောနွယ်၊ ဦးနိုင်စိုး၊ ဒေါ်ချိုချိုနီ-ဦးဇော်ဇော်(Canada)၊ ဦးနိုင်မိုး(Shwe Me Co.,Ltd.)-ဒေါ်ခင်ခင်တင့်တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၃-၈-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၅း၄၅နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၄ရက် (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးကျော်သန်း(ခ)ဦးကျွမ်းနား (ကျုံပျော်မြို့)

အသက်(၈၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့၊ မြဝတီရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၁၉နေ [ဒေါ်ဝင်းဝင်းအေး(ခ)ဒေါ်အမိဟာ]၏ခင်ပွန်း၊ [ကိုဝင်းနိုင်ထွန်း(ခ)ဘီယာ]-မသန်းသန်းထွေး၊ ကိုအောင်မင်းထွန်း(ခ)အသေးလေး-မစီစီသိန်း၊ မသက်သက်ဇင်(ခ)မီးမီး၊ ကိုနိုင်နိုင်ထွန်းတို့၏မိခင်၊ မသဥ္ဇာဆုအောင်၊ မောင်ဘုန်းမြတ်ပိုင်တို့၏အဘိုးသည် ၂-၈-၂၀၁၄ရက် (စနေနေ့) နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၈-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ကျုံပျော်မြို့ အုန်းသုံးပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးကျော်သန်း(ခ)ဦးကျွမ်းနား (ကျုံပျော်မြို့)

အသက်(၈၇)နှစ်

ကိုအောင်မင်းထွန်း(ခ)အသေးလေး[ဒါရိုက်တာ၊ မြစ်ဝကျွန်းပေါ်(ကျုံပျော်)ဆန်စပါးကုမ္ပဏီ]-မစီစီသိန်းတို့၏ဖခင် ဦးကျော်သန်း(ခ)ဦးကျွမ်းနား အသက်(၈၇)နှစ်သည် ၂-၈-၂၀၁၄ရက် (စနေနေ့) နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Max Myanmar Holding Co., Ltd .

Rice & Paddy

မြိတ်မြို့နယ်အသင်း(ရန်ကုန်)

ဦးခင်လှိုင်(မြိတ်)၊ ရာသက်ပန်အသင်းဝင်အမှတ်(၄၀၈၅)

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဗညားဒလမ်း၊ အမှတ် ၂၇၆/၁၁နေ ဒေါ်ခင်ရီ၏ခင်ပွန်းသည် ၁-၈-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့မွန်းလွဲ ၁နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

ဒေါ်စောနွယ်

ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ အမက(၅)ကြည့်မြင်တိုင်

အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ အမှတ် ၁၀၁၊ စိန်ပန်းပြာလမ်းနေ ဦးချစ်တီး-ဒေါ်ခိုင်တို့၏ သမီးလတ်၊ (ဦးအောင်သန်း)၏ဇနီး၊ ဦးအုံးခင်-ဒေါ်နီနီဝင်း(စင်ကာပူ)၊ ဦးမောင်မောင်သန်း-ဒေါ်တင်တင်ဝင်း(စင်ကာပူ)၊ ဦးခင်မောင်သန်း၊ ဦးဇော်နိုင်ဦး(PIL ကုမ္ပဏီ)-ဒေါ်စမ်းစမ်းနွယ်၊ ကိုနိုင်အောင်-ဒေါ်အေးအေးမြင့်တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၃-၈-၂၀၁၄ရက် နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးစိုးနိုင် (သမဝါယမ၊ ငြိမ်း)၊ သဃ်္ဃန်းကျွန်း

အသက်(၇၁)နှစ်

ဟင်္သာတမြို့နယ်နေ(ဦးဘဂျမ်း-ဒေါ်ငယ်မ)တို့၏သား၊ ကော့မှူးမြို့နယ်၊ ကိုးတောင်ရွာနေ (ဦးမောင်ငယ်-ဒေါ်အုန်းသင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ အမှတ် ၁၀၂၈(ခ)၊ သုမင်္ဂလာလမ်းနေ ဒေါ်သန်းသန်းညွန့် (အလပြ၊ငြိမ်း၊ အထက-၁၊ သဃ်္ဃန်းကျွန်း)၏ခင်ပွန်း၊ မဇာခြည်စိုးနိုင်၊ ကိုကျော်မျိုးဝင်း-မသီဂီစိုးနိုင်၊ ဒေါက်တာကျော်ဇင်ထွဋ်-ဒေါက်တာသက်ထားဆွေဇင်၊ ဒေါက်တာဇော်လင်းထက်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂-၈-၂၀၁၄ရက်(စနေနေ့) ည ၉း၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၄ရက် ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၁၄ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးသန်းလွင်(ခ)ဦးသန်းဝင်း (ဒိုက်ဦးမြို့)

(အောင်ရတနာ ဓာတ်မြေဩဇာဆိုင်)

အသက်(၆၁)နှစ်

ဒိုက်ဦးမြို့၊ ကျောင်းကြီးလမ်းနေ (ဦးကြည်-ဒေါ်တင်ဝင်း)တို့၏သား၊ (ဦးတင်ဝင်း)၊ ဦးတင်လင်း-ဒေါ်ခင်မာဦးတို့၏ညီ၊ ဒုတိယဗိုလ်မှူးကြီးသန့်ဇင်-ဒေါ်အေးမြတ်မော်၊ ဦးမျိုးအောင်-ဒေါ်ခင်စန္ဒာ၊ (ဗိုလ်မှူးအောင်မြင့်)-ဒေါ်ခင်ဝင်းမော်၊ ဦးစိန်လွင်-ဒေါ်ထွေးထွေး၊ (ဦးဇော်လွင်)၊ ဦးသန်းထိုက်-ဒေါ်အေးအေးခိုင်တို့၏အစ်ကို၊ ကိုစိုင်းအောင်ကိုကိုလွင်၊ ဒေါက်တာဥက္ကာကျော်-ဒေါက်တာနန်းရတနာလွင်တို့၏ဖခင်၊ ဒေါ်နန်းခမ်းအိမ်(အောင်ရတနာ ဓာတ်မြေဩဇာဆိုင်)၏ခင်ပွန်းသည် ၂-၈-၂၀၁၄ရက် (စနေနေ့) ညနေ ၆း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ဒိုက်ဦးမြို့ ရွာတန်းရှည်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၁၄ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပုဂံလောကနန္ဒာစွယ်တော်မြတ်ဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော် စည်ကားစွာကျင်းပ

ညောင်ဦး ဩဂုတ် ၃

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံမြို့သစ် ဧရာဝတီမြစ်ကမ်းနံဘေးရှိ အနော်ရထာမင်းကြီးတည်ထားကိုးကွယ်တော်မူခဲ့သော လောကနန္ဒာစွယ်တော်မြတ်ဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ်ဝါခေါင်လ၌ ကျင်းပမြဲဖြစ်ရာ ယခုနှစ်တွင်လည်း ယခင်နှစ်များနည်းတူ စည်ကားသိုက်မြိုက်စွာ ပွဲဈေးတန်းများ ခင်းကျင်း၍ ကျင်းပလျက်ရှိသည်။

အဆိုပါပွဲတော်တွင် နှစ်စဉ်ဝါခေါင်လဆန်း ၈ ရက် ဥပုသ်နေ့တွင် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ ပြည်သူများလာရောက်ကာ သံဃာတော်များအား သပိတ်လုံးကပ်လှူရန်အတွက် သပိတ်လုံးများယူဆောင်၍ ဘုရားကြီးကို ဦးတိုက်လာရောက်ဆက်ကပ်လှူဒါန်းကြရာ ယခုနှစ်တွင်လည်း သပိတ်လုံး အရေအတွက် ၂၀၀၀ ကျော်ခန့် အလှူခံရရှိခဲ့ပြီး ကြွရောက်လာကြသည့် သံဃာတော်အပါး ၂၀၀ တို့အား ဂေါပကအဖွဲ့က ဦးဆောင်၍ စာရေးတံမဲစနစ်ဖြင့် ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ထို့ပြင် ဘုရားပွဲ စည်ကားသိုက်မြိုက်ရေးအတွက် ပျော်ပွဲရွှင်ပွဲများအဖြစ် လှေအလှလှော်ခတ်ပွဲကိုလည်း ကျင်းပခဲ့ရာ ရွာဟောင်းကြီး၊ ကျွန်းသီရိ၊ ဇီးကုန်း၊ သဖန်းပင်၊ ကြက်လျှာ၊ ဆွဲကြီး အစရှိသည့်ကျေးရွာများမှ ပြည်သူများ လာရောက်၍ဆင်နွှဲကြကြောင်း၊ လဆန်း ၁၀၊ ၁၁၊ ၁၂၊ ၁၃ ရက်များတွင်ဖိုးချစ်ဇာတ်သဘင်အဖွဲ့ ရုံသွင်းကပြဖျော်ဖြေမည်ဖြစ်ကြောင်း၊ ဂျပန်ဂိုးကျဉ်း အားကစားပြိုင်ပွဲများလည်း ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။

ရဲသူအောင်(ညောင်ဦး)

လောကနန္ဒာစွယ်တော်မြတ်ဘုရားကြီးရင်ပြင်တော်၌ ဆွမ်းသပိတ်လုံးများ ဆက်ကပ်စဉ်။

ဒုတိယအကျော့တွင် မကွေးနိုင်ပွဲစရ

သတင်း ညီမြတ် သော်တာ

ရန်ကုန် ဩဂုတ် ၃

MNL Myanmar 2014 အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၆)နောက်ဆုံးပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မကွေးနှင့်ကမ္ဘောဇအသင်းတို့ နိုင်ပွဲများ ရရှိခဲ့သည်။

(သုဝဏ္ဏကွင်း)

မကွေး - နှစ်ဂိုး

(မာဒန်ဂူ)

ဇွဲကပင် - ဂိုးမရှိ

ဒုတိယအကျော့တွင် လေးပွဲဆက်နိုင်ပွဲပျောက်နေသည့် မကွေးအသင်း ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။ မကွေးအသင်းမှာ အမာခံကစားသမားအစုံအလင်ဖြင့်ပွဲထွက်ခဲ့ပြီး တိုက်စစ်မှူးမာဒန်ဂူ၏ သွင်းဂိုးနှစ်ဂိုးနှင့်အတူ အနိုင်ရခဲ့ခြင်းဖြစ်သည်။

ရလဒ်ကောင်းများရယူနိုင်နေသည့် ဇွဲကပင်အသင်းမှာ ယခုပွဲတွင် ခြေစွမ်းပြနိုင်ခြင်းမရှိဘဲရှုံးပွဲကြုံတွေ့ခဲ့ရသည်။ မကွေးအသင်းမှာ ပွဲစတင်ကတည်းက ခြေအသာဖြင့်ဖိကစားနိုင်ခဲ့ပြီး ၂၉ မိနစ်တွင်မာဒန်ဂူကဇွဲကပင်ဂိုးသမား မင်းနိုင်ကို လိမ်ကာပထမဂိုးသွင်းယူခဲ့သည်။ မကွေးအသင်းအတွက်အနိုင်သေချာစေမည့် ဒုတိယဂိုးကို မာဒန်ဂူက ၃၉ မိနစ်တွင် ***စာမျက်နှာ ၇ ကော်လံ ၁*** ❇

မြစ်ရေကြီးခြင်းသတိပေးချက်

ယနေ့မြန်မာစံတော်ချိန် ၉ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂၂ စင်တီမီတာ(ပေဝက်ခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

(သတင်းစဉ်)

မိတ္ထီလာတက္ကသိုလ်ခြေလျင်တောင်တက်အသင်း ပုပ္ပားတောင်မကြီးသို့ တက်ရောက်မည်

မိတ္ထီလာ ဩဂုတ် ၃

မိတ္ထီလာတက္ကသိုလ် ခြေလျင်တောင်တက်အသင်းဖွဲ့စည်းပြီး ပုပ္ပားတောင်မကြီးသို့ ဩဂုတ်လအတွင်း တက်ရောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ၎င်းခြေလျင်တောင်တက်အသင်း ဥက္ကဋ္ဌ ဒေါက်တာငွေအောင် (ဘူမိဗေဒဌာနမှူး)က ပြောသည်။

"မိတ္ထီလာတက္ကသိုလ်ခြေလျင်တောင်တက်အသင်းဖွဲ့စည်းဖို့ ကျောင်းသားကျောင်းသူတွေကို အသင်းဝင်နိုင်ကြောင်း နှိုးဆော်ထားပါတယ်။ ဩဂုတ် ၅ ရက်မှာ အသင်းဝင်စာရင်းပိတ်မှာဖြစ်ပါတယ်။ ဩဂုတ် ၉ ရက်နေ့မှာ မိတ္ထီလာတက္ကသိုလ်ကနေ သီးကုန်း ၂၈၅ မိုင်စခန်းအထိ အသွားအပြန် လမ်းလျှောက်ပါမယ်။ မိတ္ထီလာတက္ကသိုလ် ခြေလျင်တောင်တက်အသင်းဝင်ဖို့ စာရင်းပေးထားတဲ့ ကျောင်းသားကျောင်းသူအားလုံးကိုကြံ့ခိုင်ကျန်းမာမှု ပဏာမစစ်ဆေးဖို့အတွက် ခရီးရှည်လမ်းလျှောက်မှုကို ပြုလုပ်ခြင်းဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

မိတ္ထီလာတက္ကသိုလ်ခြေလျင်တောင်တက်အသင်းဝင်အဖြစ် စာရင်းပေးထားသူ ကျောင်းသား ကျောင်းသူ ၄၀၀ ခန့်ကို ကြီးကြပ်သူဆရာ ဆရာမ ၂၀ တို့ဦးဆောင်၍ လာမည့်ဩဂုတ် ၉ ရက်တွင် မိတ္ထီလာတက္ကသိုလ်မှ သီးကုန်း ၂၈၅ မိုင် ယာဉ်ရပ်နားစခန်းအနီးအထိ အသွား အပြန် လမ်းလျှောက်ခြင်းဆောင်ရွက်ရန်အတွက် ခရိုင်နှင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်ကြက်ခြေနီအသင်းများသို့ လိုအပ်သည့်အကူအညီများပေးနိုင်ရန် ဆက်သွယ်တင်ပြထားသည်။ မိတ္ထီလာတက္ကသိုလ်ခြေလျင်တောင်တက်အသင်းဝင် ကျောင်းသားကျောင်းသူများ တက်ရောက်မည့် ပုပ္ပားတောင်မကြီးသည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်၏ မြောက်ဘက် ၁၀ မိုင်ခန့်အကွာတွင်ရှိပြီး ပင်လယ် ရေမျက်နှာပြင်အထက် အမြင့် ၄၉၈၁ ပေတွင် တည်ရှိကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ပုပ္ပားတောင်မကြီးအား ပုပ္ပားတောင်ကလပ်ပေါ်မှ မြင်တွေ့ရစဉ်။

နိုင်ငံတကာ

ဆီးရီးယားသူပုန်များ လက်ဘနွန်နယ်စပ်မြို့ကို တိုက်ခိုက်

စာမျက်နှာ ❖ ၄

ပြည်တွင်း

ရွှေ့ပြောင်းအလုပ်သမားများအား အကြိုသင်တန်းပေးပြီးမှ စေလွှတ်ခြင်းဖြင့်

စာမျက်နှာ ❖ ၁၁

အားကစား

ဂရီမီယိုအသင်းရောက် နည်းပြစကိုလာရီ

စာမျက်နှာ ❖ ၁၄

ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။
မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၄၄။

မြန်မာ့အလင်း
ကြော်ငြာကဏ္ဍ

၂၀၁၄ခုနှစ်၊ ဩဂုတ် ၄ ရက်။ တနင်္လာနေ့

Advertisement

SSS
အိမ်ပိုင်ပေါ်ဆန်မွှေး
:0973077744

တင်ဦးတည်းဖြစ်ပါကြောင်း
[illegible]
ဦးမောင်လှ(ခ)ဦးကြည်မောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
သူနာပြုတက္ကသိုလ်၊ ရန်ကုန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

သူနာပြုတက္ကသိုလ်၊ ရန်ကုန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် သင်တန်းသုံးပစ္စည်းများ၊ လျှပ်စစ်သုံးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာပစ္စည်းများ၊ အရပ်ရပ်သုံးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ တရားဝင်အသိအမှတ်ပြု လိုင်စင်ရကုမ္ပဏီများ၊ အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၄-၈-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၃-၉-၂၀၁၄ ရက်၊ ၁၂:၀၀ နာရီ

တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ ဖုန်း-၂၂၂၈၈၃၊ ၂၂၂၈၈၄၊ ၂၂၂၈၈၅ တို့သို့လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ် (ပုသိမ်)

(၁) ကွန်ပျူတာတက္ကသိုလ် (ပုသိမ်)တွင် အောက်ပါလုပ်ငန်းများဆောင်ရွက်လိုပါသဖြင့် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
   (က) ဝန်ထမ်းအိမ်ရာ သံပန်းကာရံခြင်းနှင့် မီးလိုင်းသွယ်တန်းခြင်း
   (ခ) ဂေါ်လံ ၃၀၀၀ ဆံ့ Ground Tank၊ ဂါလန် ၁၂၀၀ ဆံ့ Overhed tank နှင့် Pump house ဆောက်လုပ်ခြင်း
   (ဂ) ၅ခန်းတွဲ အိမ်သာ နှစ်လုံးဆောက်လုပ်ခြင်း
(၂) တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၅ ရက်မှစတင်၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ် (ပုသိမ်)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၁၁-၈-၂၀၁၄ ရက် ၁၆:၀၀ နာရီတွင် နောက်ဆုံးထား တင်သွင်းရန်ဖြစ်ပါသည်။
(၃) တင်ဒါပေးသွင်းသူသည် လုပ်ငန်းအတွက် သတ်မှတ်ထားသော တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံဖြင့်တင်သွင်းရမည်။
(၄) အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
   ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)
(၅) အသေးစိတ်သိရှိလိုသော အချက်များကို ကွန်ပျူတာတက္ကသိုလ် ဖုန်း-၀၉-၅၂၀၂၈၃၈တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)

ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အဆင့်ဆင့်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့များတွင် ဝန်ထမ်းအိမ်ရာ (၁၃)လုံး၊ သံကူကွန်ကရစ်ကျောက်စီမြေထိန်းနံရံ (၁)ခု ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူလုပ်ငန်းရှင်များအနေဖြင့် အထက်ပါလုပ်ငန်းများနှင့်ပတ်သက်၍ ဆောက်လုပ်ရမည့်ပုံစံ၊ အတိုင်းအတာ၊ အသေးစိတ်အချက်အလက်များပါဝင်သော အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** -၁၁-၈-၂၀၁၄ရက်
တင်ဒါဖွင့်ရက် -၆-၉-၂၀၁၄ရက်

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဆက်သွယ်ရန် ဖုန်း-၀၅၈-၂၁၁၈၁

မြန်မာ့မီးရထားပိုင်မြေအား BOT စနစ်ဖြင့်နှစ်ရှည်ငှားရမ်းလုပ်ကိုင်လိုသည့် နိုင်ငံသား လုပ်ငန်းရှင်/ကုမ္ပဏီများသို့ တင်ဒါ (Tender)ဝင်ရောက်ယှဉ်ပြိုင်ရန်
ဖိတ်ခေါ်ခြင်း

၁။ နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေရန်အတွက် ရထားပြေးဆွဲခြင်းလုပ်ငန်းများနှင့်လွတ်ကင်းပြီး အနာဂတ်စီမံကိန်းလျာထားချက်များတွင်မပါရှိသော အောက်ဖော်ပြပါ မြန်မာ့မီးရထားပိုင်မြေကွက်(၃)ကွက်ကို BOT စနစ်ဖြင့် နှစ်ရှည်ငှားရမ်းလုပ်ကိုင်ခွင့်ကို တင်ဒါ(Tender)စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများမှ ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-
   (က) ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်းနှင့် ဝါးတန်း(၁)လမ်းထောင့်ရှိ ပေ(၁၁၇×၅၀)မြေကွက်၌ ခေတ်မီ RC(၁၂)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမည်ဖြစ်ပြီး ၎င်းမြေကွက်တွင် Hotel/Office Tower လုပ်ငန်းများကို **ကနဦးနှစ် ၃၀၊ တစ်ဆက်တည်း သက်တမ်းတိုးခွင့်(၁)ကြိမ်လျှင် (၅)နှစ်စီဖြင့် (၂)ကြိမ်လုပ်ကိုင်ခွင့်ပြုပါမည်။**
   (ခ) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၂)ရပ်ကွက်၊ သမိုင်းဘူတာရှေ့၊ ဗဟိုလမ်းဘေးရှိ ပေ (၄၆၁×၄၀)မြေကွက်၌ ခေတ်မီ RC ရှစ်ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမည်ဖြစ်ပြီး ၎င်းမြေကွက်တွင် Shopping Mall၊ Super Market၊ ရုံးခန်းများ၊ ပုဂ္ဂလိကစာသင်ကျောင်း၊ စားသောက်ဆိုင်လုပ်ငန်းစသည့် စီးပွားရေးဆိုင်ရာလုပ်ငန်းများကို **ကနဦး နှစ် ၃၀၊ တစ်ဆက်တည်း သက်တမ်းတိုးခွင့်(၁)ကြိမ်လျှင် (၅)နှစ်စီဖြင့် (၂)ကြိမ်လုပ်ကိုင်ခွင့်ပြုပါမည်။**
   (ဂ) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တောင်-မြောက်လမ်းဆုံအနီး၊ တိုးကြောင်ကလေးဘူတာယာဒ်ဝင်း၊ အမှတ်(၂)လမ်းမကြီးဘေးရှိ ပေ (၃၀၀×၁၅၀) မြေကွက်၌ ခေတ်မီသုံးထပ်အဆောက်အအုံဆောက်လုပ်ခွင့်ပြုမည်ဖြစ်ပြီး ၎င်းမြေကွက်တွင် Shopping Mall, Super Market, Car Show Room၊ ရုံးခန်း၊ ပုဂ္ဂလိကစာသင်ကျောင်း စသည့် စီးပွားရေးဆိုင်ရာလုပ်ငန်းများကို **ကနဦး(၁၅)နှစ်၊ တစ်ဆက်တည်း သက်တမ်းတိုးခွင့် (၅)နှစ်(၁)ကြိမ် လုပ်ကိုင်ခွင့်ပြုပါမည်။**

၂။ အထက်ပါ မြန်မာ့မီးရထားပိုင်မြေနေရာအား BOT စနစ်ဖြင့် နှစ်ရှည်ငှားရမ်းလုပ်ကိုင်လိုသော ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများသည် တင်ဒါယှဉ်ပြိုင်ရန်အတွက် အဆိုပြုလွှာပုံစံ၊ တင်ဒါစည်းကမ်းချက်များကို (၁)စုံလျှင် ၃၀၀၀၀၀/-ကျပ်နှုန်းဖြင့် ၄-၈-၂၀၁၄ ရက် ၀၉:၀၀ နာရီမှ ၂၀-၈-၂၀၁၄ ရက် ၁၆:၀၀ နာရီအထိ ရုံးချိန်အတွင်း **(ရုံးပိတ်ရက်များမပါ)** မန်နေဂျာ(စီးပွားရေး/တိုင်း)တိုင်းအမှတ်(၇)ရုံး၊ ရန်ကုန်ဘူတာကြီး(ပထမထပ်)တွင် ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၁-၃၉၃၄၂၈၊ ၀၁-၇၀၄၇၉၁၊ ၀၉-၄၉၂၁၃၁၃၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(မုံရွာ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ်(မုံရွာ)တွင် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြေညာအပ်ပါသည်။

စဉ်	ဝယ်လိုသောပစ္စည်းများ	အရေအတွက်
(က)	A4 Copy Paper 70g	၄၀၀ ထုပ်
(ခ)	ဖယောင်းလိပ်(Duplo)	၆ လိပ်
(ဂ)	မင်ဘူးDA 14 Black(Jp)	၃၀ ဘူး
(ဃ)	ဆာလာအိတ်	၂၅၀ အိတ်

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄-၈-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(မုံရွာ)သို့ လာရောက်ဝယ်ယူနိုင်ပြီး ၁၀-၈-၂၀၁၄ ရက် နောက်ဆုံးထား၍ တင်ဒါများကိုတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များကို နည်းပညာတက္ကသိုလ်(မုံရွာ) ဖုန်း-၀၉-၂၁၃၂၅၉၇ တွင်စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
နည်းပညာတက္ကသိုလ်(မုံရွာ)

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သာယာကုန်း အထက၊ တက္ကသိုလ်ဝင်တန်း(A)မှ မနော်ဆာဝါး၏ဖခင်အမည်မှန်မှာ စောဒါဘိုဖြစ်ပါကြောင်း။

စောဒါဘို

ဖခင်အမည်မှန်

ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့၊ အထက (၁)၊ နဝမတန်း (C)မှ မနော်ကြာဖြူ၏ ဖခင်အမည်မှန်မှာ စောဒါဘိုဖြစ်ပါကြောင်း။

စောဒါဘို

မိခင်အမည်မှန်

ရွှေညောင်မြို့၊ အထက (၉)၊ တက္ကသိုလ်ဝင်တန်း (D)မှ မမြတ်ဇွန်ပွင့်ကိုကို၏မိခင် အမည်မှန်မှာ ဒေါ်ခင်သန်းနိုင် ဖြစ်ပါကြောင်း။

ဒေါ်ခင်သန်းနိုင်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းဓာတ်အားစနစ်ဌာနမှ ပင်မဓာတ်အားခွဲရုံများတွင် အသုံးပြုရန်အတွက် Equipment and Testing Instruments for Substation Maintenance များအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၄-၈-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက် - ၃-၉-၂၀၁၄ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါ ဓာတ်အားလိုင်းများအတွက် OPGW Joint Box တပ်ဆင်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့်တင်ဒါခေါ်ဆိုလုပ်ငန်းအပ်နှံလိုပါသည်-

(၁) ၂၃၀ ကေဗွီ တောင်ကုတ်-မအီ ဓာတ်အားလိုင်း
(၂) ၂၃၀ ကေဗွီ မအီ-အမ်း ဓာတ်အားလိုင်း

တင်ဒါပုံစံရောင်းချမည့်ရက် - ၄-၈-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၃-၉-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၈၂

ဆောက်လုပ်ရေးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကချင်ပြည်နယ်၊ မိုးမောက်မြို့တွင် မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ် ပေ(၆၀×၃၀) သံကူကွန်ကရစ် (၁)ထပ် ဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ (က) **တင်ဒါစတင်ရောင်းချမည့်ရက်/အချိန်** - ၄-၈-၂၀၁၄ရက် (ရုံးချိန်)
(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၉-၈-၂၀၁၄ရက် ညနေ ၄နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ပြည်နယ်မန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ်
(ပြည်နယ်ရုံး) မြစ်ကြီးနားမြို့

၃။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းမျဉ်း၊ စည်းကမ်းနှင့် တင်ဒါခေါ်ယူမည့်အချက်အလက်များကို မြန်မာ့စီးပွားရေးဘဏ်၊ ကချင်ပြည်နယ်ရုံး၊ မြစ်ကြီးနားမြို့တွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၄-၂၂၈၉၄နှင့် ၀၇၄-၂၃၇၉၀သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့စီးပွားရေးဘဏ်၊ ကချင်ပြည်နယ်ရုံး
မြစ်ကြီးနားမြို့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ ဆောင်ရွက်မည့်အောက်ဖော်ပြပါစီမံကိန်းလုပ်ငန်းများအား နိုင်ငံခြားသုံးငွေဖြင့် ကျခံသုံးစွဲ၍ တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်-

(၁) ရွှေတောင်ဓာတ်အားပေးစက်ရုံတွင် IPP စနစ်ဖြင့် တည်ဆောက်မည့် ဓာတ်အားပေးစက်ရုံစီမံကိန်း
(၂) မြင်းခြံဒေသတွင် Gas Engine or Gas Turbine များ ငှားရမ်းဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း
(၃) ရွာမ (၂၄၀) ဓာတ်အားပေးစက်ရုံရှိ အမှတ် (၂)ဓာတ်ငွေ့တာဘိုင်စက် Up Grade လုပ်ငန်း
(၄) ရွာမ (၂၄၀) ဓာတ်အားပေးစက်ရုံရှိ MHI710D ဓာတ်ငွေ့တာဘိုင်စက် (၂)လုံးအား Control System Up Grade မြှင့်တင်ခြင်းလုပ်ငန်း အပါအဝင် Long Term Maintenance လုပ်ငန်း

တင်ဒါပုံစံရောင်းချမည့်ရက် -၄-၈-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက် -၄-၉-၂၀၁၄ရက်
တင်ဒါပိတ်မည့်အချိန် -၁၄:၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၈၂

ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ သာစည်ရပ်နေ ဦးအောင်ငြိမ်း ၅/ပလန(နိုင်) ၀၅၃၆၀၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဗန်းမော်မြို့၊ သာစည်ရပ်၊ အကွက်အမှတ် (၃၂)၊ ဦးပိုင်အမှတ် (၁၄၃)၊ မြေချိန် ၀ ဒသမ ၀၅၅ ဧကရှိ ၁၀ နှစ် ဂရန်မြေကွက်မှာ ဦးဒေါ့ဂမ်(ကွယ်လွန်) အမည်ပေါက်မြေကွက်ဖြစ်ပြီး ယခုအခါ ဦးဒေါ့ဂမ်၏ဇနီးဖြစ်သူ ဒေါ်ပု ၁/ဗမန(နိုင်) ၀၂၈၇၈၃ ဗုဒ္ဓဘာသာနှင့် သားကြီး ဦးဂမ်အောင် ၁/ဗမန(နိုင်) ၀၄၈၄၂၆ ညောင်ပင်ရပ်၊ ဗန်းမော်မြို့နေသူတို့သည် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ငြိမ်းသို့ လွှဲပြောင်းရောင်းချထားရှိပြီးဖြစ်ရာ ဗန်းမော်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် စီစဉ်ထားရှိပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာထွက်ရှိပြီး ၁၅ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် သက်ဆိုင်ရာသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆိုနိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်ငြိမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးတင့်(ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၅၈၉)
ကက-၁၃၅၊ မင်းကျောင်းကုန်းရပ်၊ ဗန်းမော်မြို့
ဖုန်း-၀၇၄-၅၀၀၂၂၊ ၀၇၄-၅၀၉၆၇၊ ၀၉-၄၇၀၁၅၈၀၃

အမြန်ဆက်သွယ်ပါ

ကျွန်တော် မောင်ငြိမ်းချမ်း(၁၄/ဗမန(နိုင်)၁၅၃၂၆၅)ကိုင်ဆောင်သူ (ဘ)ဦးနိုင်မင်းအောင်နှင့် မိခင်ဖြစ်သူ ဒေါ်ခင်သင်းလှမွယ် (ဘ)ဦးအောင်သန်း(၁၄/ဗမန(နိုင်)၀၉၄၀၉၃)တို့သည် အဆက် အသွယ်မရသည်မှာ တစ်နှစ်ခွဲခန့်ကြာပြီဖြစ်ပါ၍ မိခင်ဖြစ်သူမှ အောက်ပါဖုန်းနံပါတ်သို့ အမြန်ဆုံးဆက်သွယ်စေလိုပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၉-၃၁၂၈၇၇၁၀၊ ၀၉-၃၁၀၉၃၂၆၇၈

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

ရန်ကုန်မြို့တွင် အသစ်ဖွင့်လှစ်မည့် စားသောက်ဆိုင်တစ်ခုတွင် အောက်ပါဝန်ထမ်းများ အလိုရှိသည်

Restaurant Manager ကျား/မ (၂)ဦး
- ကွန်ပျူတာအသုံးပြုနိုင်ရမည်။
